ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင်လ ၆ ရက်နေ့တွင် စတင်တည်ထောင်သည်။ Established in 1957

**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်) ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်၊ သောကြာနေ့။ Friday, 2 April 2021 ၁၀၃၃၅

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

# ၂၀၂၁ ခုနှစ် ဧပြီလ ပုလဲအတွဲများနှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲပထမနေ့သို့ တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် ဧပြီ ၁

၂၀၂၁ ခုနှစ် ဧပြီလ ပုလဲအတွဲများနှင့် ကျောက်မျက်ရတနာများမြန်မာကျပ်ငွေဖြင့် ရောင်းချပွဲပထမနေ့ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးသည်။

**တက်ရောက်**

ရောင်းချပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဦးချစ်နိုင်၊ ဦးမြင့်ကြိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဦးမောင်မောင်အုန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်မျိုးတင်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ပြပွဲဗဟိုကော်မတီဝင်များ၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျောက်မျက်အရောင်းပြ‌ခန်းမ ... ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုစဉ်။

## ကြေးမုံ ယနေ့ ဖတ်စရာ

မိမိတို့ကျင်လည်ရာ ပတ်ဝန်းကျင်ကို ကျော်လွန်ထိုးဖောက်ကြည့်မြင်နိုင်စွမ်းရှိသည့် ကျောင်းသား ကျောင်းသူများဖြစ်အောင် သင်ကြားပေးရန် အရေးကြီး
စာမျက်နှာ » ၅

မင်္ဂလာပါ မြန်မာ
ဆောင်းပါး
စာမျက်နှာ » ၆

၂၀၁၉ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲကျင်းပ
စာမျက်နှာ » ၈



ကြေးမုံ

# ပြည်သူလူထု ကိုယ် စိတ်ချမ်းသာရေး အလေးထား

ပြည်သူလူထု နေ့စဉ်လူမှုဘဝ၌ ကိုယ်စိတ်နှစ်ပါး ချမ်းသာရေးမှာ အရေးကြီးသော အချက်ဖြစ်သည်။ ကိုယ်စိတ်နှစ်ပါး ချမ်းသာစေရေးအတွက် စားဝတ်နေရေး လုံခြုံစိတ်ချ မပူမပင်ရှိရေးသည် အဓိကလိုအပ်ချက်ဖြစ်သည်။ ထိုသို့ မပူမပင်ရှိစေရေးအတွက် ရောင်းဝယ်ဖောက်ကား အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအားလုံး အဆင်ပြေအောင် ဆောင်ရွက်ပေးရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး (၄/၂၀၂၁) တွင် "ပြည်သူတစ်ဦးချင်းစီ၏ စားဝတ်နေရေး ပြည့်စုံကောင်းမွန်စေရန်နှင့် အေးချမ်းစွာ နေနိုင်ရေးအတွက် တရားဥပဒေစိုးမိုးရေးကိစ္စရပ်များကို ဆောင်ရွက်ပြီး ပြည်သူလူထု ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်းဖြင့် ပြည့်စုံကောင်းမွန်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း" မှာကြားခဲ့သည်။

အစိုးရတစ်ရပ်အနေဖြင့် ပြည်သူလူထု စားဝတ်နေရေး အဆင်ပြေစေရေးနှင့် တိုင်းပြည်၏ စီးပွားရေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးရန် အဓိကတာဝန်ရှိသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက် (၉) ရပ်ကို ချမှတ်၍ အသေးစိတ်ဆောင်ရွက်လျက်ရှိရာ ပြည်သူများအကျိုးစီးပွားအတွက် အဓိကလုပ်ငန်းများကို ရေရှည်ဆောင်ရွက်ရမည် ဖြစ်သော်လည်း အချိန်တိုကာလအတွင်း အကောင်အထည်ပေါ်လာအောင် ဆောင်ရွက်လျက်ရှိသည်။

ပြည်သူလူထု နေ့စဉ်လိုအပ်သော အရေးသုံးပါးတွင် စားရေးသည် ပို၍အရေးကြီးသည်။ စားရေးအတွက် ဝမ်းစာဖူလုံရေးကိုဆောင်ရွက်ရာတွင် တိုင်းပြည်ရှိ မြေသယံဇာတများကို အသုံးပြု၍ ဆန်၊ ဆီ၊ ပဲနှင့် အဓိကသီးနှံများကို ဒေသနှင့်ကိုက်ညီပြီး ဈေးကွက်ဝင်မည့် အမျိုးအစားများအား ရွေးချယ်စိုက်ပျိုးကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံဖူလုံမှုရှိသော်လည်း စက်မှုလုပ်ငန်းများတွင် အသုံးပြုလေ့ရှိသည့် ဆီအုန်းကို ပြည်ပမှ မှာယူတင်သွင်းနေရသည်။

မြန်မာနိုင်ငံတောင်ပိုင်းရှိ တနင်္သာရီဒေသအောက်ပိုင်းသည် ဆီအုန်းစိုက်ပျိုးမှုအောင်မြင်ဖြစ်ထွန်းသောဒေသများ ဖြစ်သည်။ လက်ရှိတွင် ဆီအုန်းစိုက်ပျိုးမှုများရှိသော်လည်း စနစ်တကျဖြင့် ပိုမိုကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးနိုင်လျှင် ပြည်ပမှ ဆီအုန်းတင်သွင်းမှုကို လျှော့ချနိုင်ပြီး နိုင်ငံခြားငွေသုံးစွဲမှု လျော့နည်းသက်သာလာမည်ဖြစ်သည်။ သန့်စင်သောဆီများ ကြိတ်ခွဲထုတ်လုပ်ရာတွင် နည်းပညာလိုအပ်ချက်ရှိသဖြင့် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဆောင်ရွက်လျှင် နိုင်ငံ့စီးပွားရေးကို အထောက်အကူပြုမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် တစ်နိုင်ငံလုံးအတွက် ဆန်ဖူလုံမှု ၁၃၃ ရာခိုင်နှုန်းရှိသောကြောင့် ပိုလျှံသည့်ဆန်များအတွက် အရည်အသွေးကောင်းမွန်အောင်ဆောင်ရွက်ပြီး ပြည်ပပို့ကုန်များ တိုးတက်အောင်ထုတ်လုပ်ကာ နိုင်ငံခြားဝင်ငွေတိုးတက်အောင် ရှာဖွေနိုင်သည်။ ဒေသအလိုက် စားသောက်ကုန်များကို အရည်အသွေးတိုးတက်ကောင်းမွန်အောင် ထုတ်လုပ်ပြီး ပြည်ပသွင်းကုန်များကို လျှော့ချနိုင်မည်ဆိုလျှင် ဘတ်ဂျက်လိုငွေဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ ဒေသတွင်းစီးပွားရေးအဆင်ပြေသဖြင့် သုံးလိုအားနှင့်ဝယ်လိုအား ကောင်းမွန်လာမည်။

ပြည်တွင်းကုန်ထုတ်လုပ်မှုများ ကောင်းမွန်လာလျှင် တစ်ဦးချင်းဝင်ငွေတိုးတက်မှုများရှိလာပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ဒေသအလိုက် ဝမ်းစာဖူလုံအောင် ဆောင်ရွက်နိုင်ခြင်းဖြင့် ငွေကြေးလည်ပတ်မှုကောင်းမွန်လာပြီး ဒေသများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ တိုင်းပြည်ကြွယ်ဝချမ်းသာမှုသည် ဘဏ္ဍာငွေပိုင်ဆိုင်မှု၊ တစ်ဦးချင်းအသားတင်ထုတ်လုပ်ရေး မြင့်မားမှု၊ လုပ်ငန်းလည်ပတ်သုံးစွဲငွေကြေး များပြားမှုနှင့် နိုင်ငံပိုင် အရန်ငွေကြေးပိုင်ဆိုင်မှုတို့အပေါ်တွင် မူတည်သည်။ ရငွေနှင့် သုံးငွေများကို သေချာစွာစိစစ်၍ ငွေကြေးမဖောင်းပွရေးမှာလည်း အရေးကြီးသည်။

တိုင်းပြည်ဖွံ့ဖြိုးရေးတွင် လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေးသည် အရေးကြီးပြီး နိုင်ငံတော်ထုတ်လုပ်မှုသာမက ပုဂ္ဂလိကကဏ္ဍကိုလည်း အားပေးဆောင်ရွက်ရန် လိုအပ်သည်။ နွေရာသီတွင် လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေးအတွက် လက်ရှိသုံးစွဲနေသော ရေအားလျှပ်စစ်အပြင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ဆိုလာစနစ်ကဲ့သို့ သဘာဝဓာတ်အားများရရှိအောင် ပေါင်းစပ်ညှိနှိုင်းစီမံဆောင်ရွက်နေသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူ့အကျိုးစီးပွားကို အချိန်တိုကာလအတွင်း ဆောင်ရွက်နေသည်ဖြစ်၍ ကာလတိုရရှိနိုင်မည့် နည်းလမ်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံအတွင်း မည်သို့သော အခြေအနေရှိသည်ဖြစ်စေ၊ နိုင်ငံတကာက မည်သို့သဘောထားသည်ဖြစ်စေ ပြည်သူလူထု ကိုယ်စိတ်နှစ်ပါးချမ်းသာစေရေးအတွက် ပြည်သူလူထု၏ အဓိကလိုအပ်ချက်များကို အချိန်တိုကာလအတွင်း အမြန်အကောင်အထည်ပေါ်လာစေရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း။ ။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံး ကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ဘွဲ့လွန်သင်တန်းဝင်ခွင့်များ လျှောက်ထားနိုင်

နေပြည်တော် ဧပြီ ၁

၂၀၂၁ ပညာသင်နှစ်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးနှင့် ဆေးပညာနှီးနွယ်တက္ကသိုလ်များတွင် ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာဒီပလိုမာသင်တန်းများ၊ ဆေးပညာမဟာသိပ္ပံသင်တန်းများနှင့် ပါရဂူဘွဲ့သင်တန်းများအတွက် ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်လွှာများကို ၂၀၂၁ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ဧပြီလ ၃၀ ရက်နေ့အထိ လျှောက်ထားနိုင်ကြောင်းနှင့် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများသည် မိမိတက်ရောက်လိုသော ဘာသာရပ်အလိုက်၊ တက္ကသိုလ်ဦးစားပေးအစီအစဉ်ဖော်ပြ၍ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့ ပေးပို့လျှောက်ထားနိုင်ကြောင်း၊ အသေးစိတ်အချက်အလက်များကို ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန (တယ်လီဖုန်း အမှတ် - ၀၆၇-၃၄၁၁၁၄၅/ ၀၆၇-၃၄၁၁၆၃၆-လိုင်းခွဲ/၈၃၂)သို့ မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံးမှ နိုင်ငံ့ဝန်ထမ်းများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံ



မန္တလေး ဧပြီ ၁

မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံးမှ နိုင်ငံ့ဝန်ထမ်းများအား ယနေ့ နံနက် ၉ နာရီခွဲက တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(COVISHIELD) ထိုးနှံပေးခဲ့သည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းအား မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုနှင့် ဇနီး၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့သည်။

သတင်းစဉ်

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | ဓာတ်ပုံသတင်းထောက် | - ဦးခင်မောင်ဝင်း |
| သတင်းထောက်မှူး | - ဦးမြင့်စိုး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | စာပြင် | - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| ဘာသာပြန် စာတည်းများ | - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးတင်ထွန်းတာ၊ ဦးကျော်စွာလင်းနှင့်အဖွဲ့ |
| အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း | အီးမေးလ်နှင့် အွန်လိုင်း | - ဒေါ်အေးအေးသင်းနှင့်အဖွဲ့ |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ဧပြီလ ပုလဲအတွဲများနှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းအား ကြည့်ရှုစဉ်။

☆ ရေှ့ဖုံးမှ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် နံနက် ၉ နာရီတွင် မဏိရတနာကျောက်စိမ်းခန်းမသို့ ရောက်ရှိရာ ၂၀၂၂ ခုနှစ် ဧပြီလ ပုလဲအတွဲများနှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင် ပြင်ဆင်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းအား LED Display Board ဖြင့် ရှင်းလင်းပြသသည်။

## လိုက်လံရှင်းလင်းပြသ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် မဏိရတနာကျောက်စိမ်းခန်းမ ပထမထပ်ရှိ ကျောက်စိမ်းတင်ဒါဖွင့်ဖောက်မည့် အခန်းများ၊ CCTV Control Room၊ ကျောက်မျက်အရိုင်းတွဲများ၊ ကျောက်မျက်အချောထည်များ၊ လက်ဝတ်ရတနာများ ခင်းကျင်းပြသထားရှိမှု အခြေအနေများကိုလည်းကောင်း၊ မဏိရတနာကျောက်စိမ်းခန်းမ မြေညီထပ်ရှိ ပုလဲအတွဲများ ခင်းကျင်းပြသထားရှိမှုနှင့် မဏိရတနာကျောက်စိမ်းခန်းမအပြင် သတ်မှတ်နေရာအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကိုလည်းကောင်း လှည့်လည်ကြည့်ရှုရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းမင်းဦးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

၂၀၂၂ ခုနှစ် ဧပြီလ ပုလဲအတွဲများနှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို မဏိရတနာကျောက်စိမ်းခန်းမ၌ ဧပြီ ၁ ရက်မှ ၁၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပုလဲအတွဲ ၃၁၇ တွဲ၊ ကျောက်စိမ်းအတွဲ ၂၁၄၈ တွဲ၊ ကျောက်မျက်အတွဲ ၁၉၉ တွဲတို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြည်တွင်းရတနာကုန်သည်များအား ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပုလဲအတွဲများ ခင်းကျင်းပြသထားရှိမှုကို လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျောက်စိမ်းအတွဲများ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မဏိရတနာကျောက်စိမ်းခန်းမ ပထမထပ်ရှိ CCTV Control Room ကို ကြည့်ရှုစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး မြို့သာစက်မှုဇုန်အတွင်းရှိစက်ရုံများ လုပ်ငန်းဆောင်ရွက်နေမှုများ ကြည့်ရှုအားပေး

မန္တလေး မေ ၁

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်အတွင်းရှိ မြို့သာစက်မှုဇုန်သို့ သွားရောက်၍ မြို့သာစက်မှုဇုန်တည်ဆောက်ရေးလုပ်ငန်းများနှင့် စက်မှုဇုန်အတွင်းရှိစက်ရုံများလုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

## ရှင်းလင်းတင်ပြ

မြို့သာစက်မှုဇုန်သို့ရောက်ရှိစဉ် မန္တလေးမြို့သာစက်မှုဖွံ့ဖြိုးတိုးတက်ရေးအများပိုင် ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်နှင့် မန်နေဂျင်းဒါရိုက်တာ ဒေါက်တာထွန်းထွန်းအောင်တို့က စက်မှုဇုန်စတင်တည်ထောင်ခဲ့သည့်အချိန်မှစ၍ လက်ရှိအချိန်အထိ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ပြည်ထောင်စုဝန်ကြီးအား ရှင်းလင်းတင်ပြသည်။

အဆိုပါ ရှင်းလင်းတင်ပြမှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက မြို့သာစက်မှုဇုန်သည် ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းဆုံရာတွင် တည်ရှိခြင်း၊ မြန်မာနိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးမှုဝင်ရိုး (Growth Pole ) တစ်ခုဖြစ်သည့် မန္တလေးတိုင်းဒေသကြီးအတွင်း တည်ရှိနေခြင်း စသည့်အားသာချက်များရှိပါကြောင်း၊ ဤစက်မှုဇုန်သည် မြန်မာပြည်အထက်ပိုင်းတွင် ရင်းနှီးတည်ဆောက်သူ (Developer) ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် စက်မှုဇုန်တစ်ခုတွင် ပါရှိရမည့် အခြေခံအဆောက်အအုံများ ပြည့်စုံအောင် တည်ဆောက်ထားသည့် စက်မှုဇုန်ဖြစ်ကာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ၂၀၁၂ ခုနှစ်ကတည်းက ခွင့်ပြုမိန့်ထုတ်ပေးထားသည့် စက်မှုဇုန်ဖြစ်၍ ဤဇုန်အတွင်းတွင် ရင်းနှီးမြှုပ်နှံမှုများကို ယုံကြည်စိတ်ချစွာဆောင်ရွက်နိုင်ပါကြောင်း၊ လက်ရှိ ရင်းနှီးမြှုပ်နှံနေသူများလည်း အဆင်ပြေစွာ ရင်းနှီးမြှုပ်နှံနိုင်ကြောင်းသိရသဖြင့် လုပ်ငန်းများတိုးချဲ့ဆောင်ရွက်ရန် အားပေးလိုကြောင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် မိမိတို့၏ဝန်ကြီးဌာနက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်မှုကို ချောမွေ့သွက်လက်စွာ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ လုပ်ထုံးလုပ်နည်းဆိုင်ရာ လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေပါကြောင်း။



## မှာကြား

အထူးသဖြင့် လုပ်ငန်းများလည်ပတ်ဆောင်ရွက်နေကြသူများအနေဖြင့် အစိုးရဌာန/ အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ရသည့်ကိစ္စများ ပိုမိုချောမွေ့စေအောင် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ထို့နည်းတူ လုပ်ငန်းတိုးချဲ့ခြင်း၊ လုပ်ငန်းသစ်ထူထောင်ခြင်းတို့နှင့်ပတ်သက်၍လည်း အဆင်ပြေချောမွေ့အောင်၊ မြန်ဆန်သွက်လက်စွာ ခွင့်ပြုပေးနိုင်အောင် မလိုအပ်သည့်လုပ်ငန်းအဆင့်များကို လျှော့ချထားပြီးဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ကိုဗစ်-၁၉ ကြောင့် တစ်ကမ္ဘာလုံး ရင်းနှီးမြှုပ်နှံမှု ၄၂ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ယခုနှစ်တွင်လည်း ထပ်မံ၍ ၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ ကျဆင်းနိုင်သည်ဟု ခန့်မှန်းချက်များရှိပါကြောင်း၊ စိန်ခေါ်မှုများရှိနေသော်လည်း မိမိတို့အနေဖြင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းတစ်ခုဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြို့သာစက်မှုဇုန် အုပ်ချုပ်မှုအဖွဲ့အနေဖြင့် နိုင်ငံတွင်းနှင့် ပြည်ပတွင် ကျင်းပသည့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအစီအစဉ်များတွင် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများရှိပြီးဖြစ်ခြင်းကြောင့် ဇုန်အတွင်း ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားစေလိုပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနက လိုအပ်သည်များ ပံ့ပိုးကူညီပေးမည်ဖြစ်ပါကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စက်မှုဇုန်အတွင်းရှိ Gold AYA Motors International Group Co., Ltd ၏ မော်တော်ယာဉ်တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်း၊ Japfa Comfeed Myanmar Pte., Ltd ၏ မျိုးခြံနှင့် သားပေါက် ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ Mandalay Baoshan Myotha Industrial Development Co., Ltd ၏ Construction and Leasing warehouse and standard factory လုပ်ငန်းများ၏ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုအားပေးသည်။

အဆိုပါခရီးစဉ်အတွင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ တာဝန်ရှိပုဂ္ဂိုလ်များပါဝင်တက်ရောက်ကြသည်။

သတင်းစဉ်

# အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် (၁၇) ကြိမ်မြောက် ဘင်းမ်စတက်နိုင်ငံခြားရေးဝန်ကြီးအစည်းအဝေးသို့ တက်ရောက်

နေပြည်တော် မေ ၁

အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ယနေ့ညနေ ၄ နာရီတွင် Video Conference ဖြင့် ကျင်းပသည့် (၁၇) ကြိမ်မြောက် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးအစည်းအဝေးသို့ နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပါဝင်တက်ရောက်သည်။



## တက်ရောက်

အစည်းအဝေးကို ဘင်းမ်စတက် အလှည့်ကျဥက္ကဋ္ဌ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Dinesh Gunawardena က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသော ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများနှင့် ဘင်းမ်စတက်အတွင်းရေးမှူးချုပ်တို့ ပါဝင်တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပါဝင်တက်ရောက်လာကြသည့် ဘင်းမ်စတက်အဖွဲ့ဝင်ဝန်ကြီးများက မိန့်ခွန်းပြောကြားကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က မိန့်ခွန်းပြောကြားရာတွင် ဘင်းမ်စတက်အဖွဲ့အနေဖြင့် ကြုံတွေ့နေရသည့်စိန်ခေါ်မှုများကို ပူးပေါင်းဆောင်ရွက်မှုစွမ်းအားဖြင့် ရင်ဆိုင်ကျော်လွှားရန် လိုအပ်ပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကာလလွန် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဘေးကင်းလုံခြုံသည့် ပို့ဆောင်ဆက်သွယ်ရေးများ ပြန်လည်စတင်ရေးတို့ကို ဘင်းမ်စတက်လုပ်ငန်းစဉ်တွင် ဦးစားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒေသတွင်း စားနပ်ရိက္ခာလုံခြုံရေးအတွက် စိုက်ပျိုးရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သင့်ကြောင်း၊ ထို့နည်းတူ စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်ရေးကိုလည်း တိုးမြှင့်ဆောင်ရွက်သင့်ကြောင်း၊ ဘင်းမ်စတက်အဖွဲ့၏ ကိုဗစ်-၁၉ ကပ်ရောဂါကာလလွန် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်တွင် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို ထည့်သွင်းဆောင်ရွက်ရန် အလေးထားပြောကြားလိုကြောင်း၊ ဘင်းမ်စတက်၏ ပထမဦးဆုံး ဘင်းမ်စတက်မူးယစ်ဆေးဝါးဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာ-၂၀၁၉ ကို မြန်မာနိုင်ငံ၏ ဦးဆောင်မှုဖြင့် ထုတ်ဝေနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ အစီရင်ခံစာဖြစ်မြောက်အောင် ပံ့ပိုးကူညီကြသည့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများကို ကျေးဇူးတင်ရှိကြောင်း၊ ကျင်းပရန်ရှိသော ပဉ္စမအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးတွင် လက်မှတ်ရေးထိုးရန်ရှိသည့် ဘင်းမ်စတက်ပဋိညာဉ်စာတမ်းသည် စည်းမျဉ်းကို အခြေခံသည့် ပူးပေါင်းဆောင်ရွက်မှုများအတွက် ခေတ်သစ်တစ်ခုကို ဖွင့်လှစ်နိုင်မည်သာမက ဘင်းမ်စတက်၏အခြေခံမူများဖြစ်သည့် ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်မှု၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်မှု၊ အပြန်အလှန်လေးစားမှုနှင့် အကျိုးဖြစ်ထွန်းမှု၊ တူညီဆန္ဒစသည့် အခြေခံမူများကို ထပ်လောင်းအတည်ပြုနိုင်မည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းစေသည်ပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော ဘင်းမ်စတက်ဒေသကြီး ပေါ်ထွန်းလာရေးအတွက် မြန်မာနိုင်ငံအနေဖြင့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများနှင့် ပြည့်ဝစွာ လက်တွဲပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

## ဆွေးနွေးအတည်ပြု

အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးများက ဘင်းမ်စတက်ပူးပေါင်းဆောင်ရွက်မှုနယ်ပယ် ၁၄ ခုတွင် ဖြစ်ပေါ်တိုးတက်မှုများနှင့် အနာဂတ်ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များအပေါ် သုံးသပ်ဆွေးနွေးခဲ့ကြပြီး ကျင်းပရန်ရှိသော ပဉ္စမအကြိမ် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးတွင် အတည်ပြု/ လက်မှတ်ရေးထိုးမည့်စာရွက်စာတမ်းများကို ဆွေးနွေးအတည်ပြုခဲ့ကြသည်။

အစည်းအဝေးအပြီးတွင် (၁၇) ကြိမ်မြောက် ဘင်းမ်စတက်နိုင်ငံခြားရေးဝန်ကြီး အစည်းအဝေးပူးတွဲထုတ်ပြန်ချက်ကို ထုတ်ပြန်ခဲ့သည်။ သတင်းစဉ်

**ကမ္ဘာ့အပူချိန်လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့**

# စစ်မှန်၍ စည်းကမ်းရှိပြီး ခိုင်မာသည့် ဒီမိုကရေစီဖြစ်စေရေး ခေတ္တတာဝန်ယူ ထိန်းသိမ်းဆောင်ရွက်နေခြင်းသာဖြစ်

**တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှစ၍ နိုင်ငံတော်၏ တာဝန်များအား ပုဒ်မ ၄၁၇ နှင့် ၄၁၈ တို့အရ ဆောင်ရွက်ခဲ့ပြီး ပုဒ်မ ၄၁၉ အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကိုဖွဲ့စည်းကာ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ စစ်မှန်သည့် ဒီမိုကရေစီဖြစ်စေရေး၊ စည်းကမ်းရှိပြီး ခိုင်မာသည့် ဒီမိုကရေစီဖြစ်စေရေး ခေတ္တတာဝန်ယူ ထိန်းသိမ်းဆောင်ရွက်နေခြင်းသာဖြစ်ကြောင်းနှင့် တပ်မတော်သားများအနေဖြင့် တစ်ဦးချင်း အသိစိတ်ဓာတ် ကောင်းမွန်စွာဖြင့် ကြိုးစားဆောင်ရွက်ပြီး မိမိတို့တစ်ဦးချင်းမှ မိမိကိုယ်ကိုနှင့် မိမိတပ်ကိုကောင်းအောင် ကြိုးစားပြီး တပ်မတော်၊ တိုင်းပြည်နှင့် လူမျိုး၏ဂုဏ်ကို မြှင့်တင်နိုင်အောင် ကြိုးစားလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀-၃-၂၀၂၁ ရက်နေ့တွင် မြိတ်၊ ကျွန်းစုနှင့် ကိုကိုးကျွန်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည်မိသားစုများနှင့် တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

## မိမိတို့ကျင်လည်ရာ ပတ်ဝန်းကျင်ကို ကျော်လွန်ထိုးဖောက်ကြည့်မြင်နိုင်စွမ်းရှိသည့် ကျောင်းသားကျောင်းသူများဖြစ်အောင် သင်ကြားပေးရန် အရေးကြီး

နေပြည်တော် ဧပြီ ၁

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် အမှတ် (၁၈) အခြေခံပညာအထက်တန်းကျောင်းနှင့် ဇမ္ဗူသီရိမြို့နယ် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းတို့တွင် ဖွင့်လှစ်ထားသည့် အခြေခံပညာအလယ်တန်းအဆင့် သင်ရိုးသစ် Grade-7၊ အခြေခံပညာအထက်တန်းအဆင့် သင်ရိုးသစ် Grade_10 မြို့နယ်အဆင့် မွမ်းမံသင်တန်းများသို့ သွားရောက်၍ လှည့်လည်ကြည့်ရှုအားပေးသည်။



ကြည့်ရှုအားပေးစဉ် ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာ ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ ယခုမွမ်းမံသင်တန်းတွင် သင်ရိုးသစ်ဘာသာရပ်အလိုက် သင်ကြားနည်းစနစ်များကို ဆရာလမ်းညွှန်စာအုပ်ကို အခြေခံကာ ဆွေးနွေးပို့ချပေးလျက်ရှိပါကြောင်း၊ သမိုင်း၊ ပထဝီဝင်စသည့် မိမိတို့တာဝန်ကျရာ ဘာသာရပ်များနှင့်ပတ်သက်၍ ဘာသာရပ်ကို ပိုမိုကျွမ်းကျင်တတ်မြောက်အောင် အမြဲလေ့လာကြိုးပမ်းနေရန် လိုအပ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများကို သင်ကြားရာတွင် မိမိအား ပညာသင်ကြားပေးသည့် ဆရာ ဆရာမများနှင့် မိဘများ အပေါ် ရိုသေလေးစား၍ ကျေးဇူးတရားသိတတ်သည့် နိုင်ငံအတွက် အားထားရသော လူရည်ချွန် လူရည်မွန်များဖြစ်အောင် ပြုစုပျိုးထောင်ပေးကြစေလိုပါကြောင်း၊ မိမိတို့ကျင်လည်ရာ ပတ်ဝန်းကျင်ကို ကျော်လွန်ထိုးဖောက် ကြည့်မြင်နိုင်စွမ်းရှိသည့် ကျောင်းသား ကျောင်းသူများဖြစ်အောင် သင်ကြားပေးရန် အရေးကြီးပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ဘယ်နေရာ ဘယ်အခြေအနေမှာပဲရှိရှိ စိတ်စေတနာကောင်းရှိရန်နှင့် ကိုယ်ချင်းစာစိတ်၊ စာနာစိတ်ထားကာ မိမိတာဝန်ယူသည့် အလုပ်အပေါ် ကြိုးစားဆောင်ရွက်ရန် အရေးကြီးပါကြောင်း၊ မိမိတို့ကျောင်းအုပ်ကြီးမပါသော်လည်း မိမိကျောင်းနှင့် ကျောင်းသား ကျောင်းသူများ၏ လိုအပ်ချက် အခက်အခဲများကို တင်ပြနိုင်ပါကြောင်း၊ လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ စာသင်ဆောင်၊ စာသင်ခုံ၊ စာသင်ခန်း၊ စာကြည့်တိုက်၊ ရေစင်၊ ရေ မီး စသည်များနှင့် ကျောင်းသား ဆရာအချိုးအစ သန့်စင်ခန်း စသည်များကိုလည်း အလျင်အမြန် ဖြည့်ဆည်းဆောင်ရွက်ပေးနေပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ကျောင်းဖွင့်အခါ မိမိတို့ကျောင်း ဥပစာရပ်ကောင်းမွန်ရေး၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်သာယာရေးတို့အတွက်လည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ ကျောင်းသား ကျောင်းသူများကလည်း မိမိကျောင်း၊ မိမိစာသင်ခန်းကို သန့်ရှင်းသပ်ရပ်အောင် ထိန်းသိမ်းတတ်သော စည်းကမ်းရှိသည့် အလေ့အကျင့်ကောင်းများကို ပြုစုပျိုးထောင်ပေးကြစေလိုပါကြောင်း မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘာသာရပ်ဆိုင်ရာ သင်ကြားသင်ယူနေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး သင်တန်းတက်ရောက်လာသည့် ဆရာ ဆရာမများက သိရှိလိုသည်များကို မေးမြန်းကာ ကျောင်းလိုအပ်ချက်များကို တင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးဖြေကြား၍ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး မှာကြားခဲ့ကြောင်း သိရသည်။ သတင်းစဉ်

## ပြည်ထောင်စုရာထူးဝန်အဖွဲ့(၈၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

နေပြည်တော် ဧပြီ ၁

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ (၈၄)နှစ်မြောက် အဖွဲ့စတင်ဖွဲ့စည်းတည်ထောင်သောနေ့ (Foundation Day) အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ရုံးအမှတ်(၁၇)ရှိ စုပေါင်းခန်းမ၌ Coronavirus Disease 2019(COVID-19)ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့မှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များနှင့်အညီ ကျင်းပသည်။





အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဆွေ၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးစစ်အေး၊ ဦးဆန်းမြင့်နှင့် ဇနီး ဒေါ်ခင်မျိုးမြင့်၊ ဦးရဲနိုင်နှင့်ဇနီး၊ အဖွဲ့ဝင်(ငြိမ်း) ဦးခင်မောင်အေးနှင့် ဇနီး၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးညီညီစံ၊ အဖွဲ့ရှိ ဦးစီးဌာနများနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်များမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်များမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဆွေက အဖွဲ့နှစ်ပတ်လည်နေ့အထိမ်းအမှတ် အမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ခြင်း အစီအစဉ်များကို ဆက်လက်ဆောင်ရွက်ရာ ဝန်ထမ်းလုပ်သက် နှစ် ၃၀ ပြည့်သူများကို ဆုများချီးမြှင့်ခြင်း၊ ဝန်ထမ်းများအား အမှတ်တရလက်ဆောင် ယူနီဖောင်းဝတ်စုံများ ချီးမြှင့်ခြင်း၊ အဖွဲ့အဆင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ ရုံးလုပ်ငန်းလက်စွဲ ရေးဖြေစာမေးပွဲထူးချွန်ဆုရရှိသူ ဝန်ထမ်းများအား ဆုများချီးမြှင့်ခြင်း၊ နေပြည်တော် ဝန်ထမ်းအိမ်ရာများတွင် အိမ်ခန်းအလိုက် သန့်ရှင်းသပ်ရပ်မှု အကောင်းဆုံးဆုရရှိသူများကို ဆုများချီးမြှင့်ခြင်း၊ မီးဘေးလုံခြုံရေးဆိုင်ရာ မီးငြိမ်းသတ်စက်ကိုင်တွယ်အသုံးပြုခြင်း ကျွမ်းကျင်မှုစွမ်းရည်ပြိုင်ပွဲဆုရရှိသူများကို ဆုချီးမြှင့်ခြင်းများဆောင်ရွက်ပြီး ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌနှင့် ဇနီးတို့က ချီးမြှင့်သော အထူးကံစမ်းမဲပေါက်သူများကို ဆုများချီးမြှင့်သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်သည်တော်များကို နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကာ ဝန်ထမ်းများအား ကံစမ်းမဲများဖောက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မင်္ဂလာပါ မြန်မာ

## စာချစ်သူ

ပြီးခဲ့သည့် လေးနှစ်က ပြည်ပလေ့လာရေးခရီးစဉ်တစ်ခု သွားဖြစ်ခဲ့ပါသည်။ ဟိုရောက်တော့ အဖွဲ့ဝင်များအဖြစ် အာဆီယံနိုင်ငံများသာမက တောင်အာရှနိုင်ငံများက ကိုယ်စားလှယ်များနှင့်ပါ တွေ့ရဆုံကြရသည်။ မျက်မှန်းတန်းလာကြတော့ တစ်ဦးနှင့်တစ်ဦး တွေ့လျှင် နှုတ်ဆက်ကြသည်။ များသောအားဖြင့် သူတို့က Good Morning၊ Good Afternoon၊ Good Evening၊ Good Night စသဖြင့်ပေါ့။ ကျွန်တော်ကမူ မြန်မာပီပီ "မင်္ဂလာပါ"ဟုသာ နှုတ်ဆက်ပါသည်။

မြန်မာနိုင်ငံတွင်မူ ထိုသို့အမြဲတမ်းနှုတ်ဆက်လေ့မရှိသော်လည်း ပြည်ပတွင် ထိုသို့ကိုယ့်ယဉ်ကျေးမှုကို တတ်အားသရွေ့ ဖော်ပြနှုတ်ဆက်လိုက်ရသည်မှာ ခံတွင်းတွေ့ပါ၏။ ကျေနပ်ပါ၏။ သို့နှင့် သူတို့ကပါ ကျွန်တော့်ကိုတွေ့လျှင် "မင်္ဂလာပါ" ဟု နှုတ်ဆက်ကြလေ၏။ ပီတိဖြစ်ရပါ၏။

"မြန်မာ့ယဉ်ကျေးမှု"။ တကယ်တော့ မြန်မာ့ယဉ်ကျေးမှု၏ အဓိက အစိတ်အပိုင်းများသည် ဗုဒ္ဓဘာသာမှ သက်ဆင်းလာခြင်းဖြစ်ပေသည်။ မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်မြို့သား သိင်္ဂါလသတို့သားအား "မိဘဝတ်"၊ "သားသမီးဝတ်"၊ "ဆရာဝတ်"၊ "တပည့်ဝတ်"၊ "လင့်ကျင့်ဝတ်"၊ "မယားကျင့်ဝတ်"၊ "အလုပ်ရှင်ဝတ်"၊ "အလုပ်သမားဝတ်"၊ "မိတ်ဆွေဝတ်" စသည့် လူမှုရေးတရားတော်များကို ဟောကြားတော်မူခဲ့ရာ မြန်မာတို့က မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များအဖြစ် ယနေ့တိုင် သားစဉ်မြေးဆက် မွေခံထိုက်စေ လိုက်နာကျင့်သုံးကြဆဲဖြစ်ပါသည်။

"မင်္ဂလာပါ"၊ မင်္ဂလာပါဟု ကျွန်တော်တို့ နှုတ်ဆက်လေတိုင်း –

"လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို့
မဗိုဝဲနှင့် ကင်းအောင်နေ၊
ပညာရှိကို အရှည်တွဲလို့
မှီဝဲဆည်းကပ် နည်းယူစေ၊
သုံးပါးရတနာ မိဘများနှင့်
ဆရာသမားကို ပူဇော်လေ၊
ချမ်းသာကိုပေး ဆက်ဆံရေး
မြော်တွေး သုံးချက်ပေ၊
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ" .....။


ဓာတ်ပုံ – unicef.org

စသဖြင့် ငယ်စဉ်က မူလတန်းကျောင်းများတွင် လက်အုပ်ချီမိုး ရွတ်ဆိုပူဇော်ခဲ့ရသည့် ဆရာကြီး ဒဂုန်ဦးထွန်းမြင့်၏ "မင်္ဂလာကဗျာ"ကို အမှတ်ရစေသည်။

ဆရာကြီး ဘဘဦးသုခသည်လည်း "မင်္ဂလသုတ်" အမည်ရှိ စာအုပ်တစ်အုပ်ကို ရေးသားချီးမြှင့်ခဲ့ဖူးပါသည်။ ဆရာကြီးသည် စာအုပ်အမှာစာတွင် "ဗုဒ္ဓဘာသာပရိယတ္တိအစ မင်္ဂလသုတ်ကဟု ဆိုသော် ဆိုနိုင်ကောင်းပါသည်။ မြန်မာဘာသာ (ကကြီး ခခွေး) အရေးအဖတ် သွက်လက်ချက်ချာပြီဆိုလျှင် ထိုမင်္ဂလသုတ်သည် တစ်ဆင့်တက်ရသော မူလတန်းပညာဖြစ်ခဲ့ကြရသည်။

မြန်မာစာပေ၏ မြစ်ဖျားခံရာ ဘုမိနက်သန်မှာ ဘုန်းတော်ကြီးကျောင်းများသာဖြစ်သည်။ ဘုန်းကြီးကျောင်းမှအခြားမရှိ။ မိန်းကလေး၊ ယောကျ်ားကလေးမရွေး ဘုန်းကြီးကျောင်းမှာသာ နေကြရသည်။ နေသမျှကလေးတိုင်းသည် ထိုမင်္ဂလသုတ်ကို မလွဲမသွေ မရမနေ အာဂုံဆိုကြရသည်။ ထိုကလေးများ လူလားမြောက်၍ သူတို့၏ သားစဉ်မြေးဆက်များသည်လည်း ထိုဘုန်းကြီးကျောင်းတွင်ပင် နေကြရသဖြင့် ထိုမင်္ဂလသုတ်ကိုပင် ရွတ်ကြ၊ ဆိုကြ၊ အာဂုံရကြပြန်လေရာ မြန်မာပြည်တစ်ပြည်လုံး မင်္ဂလသုတ်သံ ငြိမ့်ငြိမ့်ညံခဲ့ရသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာမြန်မာလူမျိုးဟုဆိုလိုက်လျှင် မိဘများမှအစ သားသမီးများအထိ မင်္ဂလသုတ်ကို မကြားဖူးသူမရှိ၊ မရွတ်ဖူးသူမရှိ၊ မရဖူးသူမရှိ။

ထိုခေတ်မှသည် "မြန်မာတွေ စည်းကမ်းဖောက်လို့ ထီးနန်းပျောက်ခေတ်"သို့ ရောက်ခဲ့သောအခါ အုပ်ချုပ်သူလူတန်းစားတို့၏ အမူအကျင့်ကို အထင်ကြီး အတုယူတတ်ကြသော နိယာမသဘောတရားအတိုင်း "ဘုန်းကြီးကျောင်းသား သူတောင်းစား၊ အင်္ဂလိပ်ကျောင်းသား အကောင်းစား"ဟူသည့် (ပြက်ရယ်စကား)နှင့်အတူ "ယံမင်္ဂလံ ဒွါဒသဟိ" ဆိုသော အသံသည်လည်း "စီအေတီ-ကက်" ဟူသော အသံများအောက်တွင် နစ်ပျောက်ဆိတ်သုဉ်းကုန်ခဲ့ကြရသည်။

ဤသို့ဆိုလျှင် ယခုခေတ် ဗုဒ္ဓဘာသာလူငယ်လူရွယ်ကလေးများအတွက် (ဝါ) တိုင်းပြည်၏ အညွန့်အညောင့်ကလေးများအတွက် (ဝါ) သာသနာ၏ အညွန့်အညောင့်ကလေးများအတွက် "မင်္ဂလာအရသာ"ကို သင်းကလေးများ စိတ်ပါဝင်စားနားလည်ဖတ်ရှုချင်စဖွယ် ရေးသားတင်ပြလိုပါသည်" ဟူ၍ ရေးသားခဲ့ပါ၏။ ဤမည်သော စာအုပ်ကို ၁၉၈၂ ခုနှစ် စက်တင်ဘာလက ဒုတိယအကြိမ် ထုတ်ဝေခဲ့ခြင်းဖြစ်၏။

ယနေ့ ပစ္စုပ္ပန်ကာလ။ မိုးယံထက်မှာ လွင့်ပျံနေသော ထဘီများ၊ အမျိုးသမီးအတွင်းခံများ၊ လမ်းပေါ်ပြန့်ကျဲနေသော အမှိုက်များ၊ ဆိုရှယ်မီဒီယာပေါ်တွင် အမနာပစွပ်စွဲပြောဆိုရေးသားခံနေရမှုများ၊ လူပုံအလယ် လူမြင်ကွင်းဝယ် ဆံပင်ကွက်တိကွက်ကျား အရိတ်ခံကြရသူများ၊ မျက်နှာတွင် ငါးထောင်စားဟု ဆေးမင်ကြောင် တက်တူးအထိုးခံကြရသူများ၊ ထိုထိုမြင်ကွင်းများကား တဖျတ်ဖျတ်။

"ယဉ်ကျေးမှုတော်လှန်ရေး"။ တရုတ်ပြည်၏ အယူဝါဒရေးရာတို့ကို သန့်ရှင်းခြင်း (အတွေးအခေါ်ဟောင်း၊ ယဉ်ကျေးမှုဟောင်း၊ ဓလေ့စရိုက်ဟောင်း၊ အကျင့်ဟောင်းတို့ကို တိုက်ဖျက်ခြင်း)ဖြင့် တရုတ်ပြည်၏ တိုးတက်မှုကို အရှိန်မြှင့်တင်နိုင်လိမ့်မည်ဟူသော ယူဆချက်ဖြင့် ဥက္ကဋ္ဌကြီး မော်၏ လမ်းညွှန်မှုဖြင့် ငယ်ရွယ်သည့် တပ်နီလူငယ်များက ၁၉၆၆ ခုနှစ်မှ ၁၀ နှစ်တာကာလကြာအောင် ဆင်နွှဲခဲ့သည့် ယဉ်ကျေးမှုတော်လှန်ရေးကြီး၏ ဖြစ်စဉ်ဖြစ်ရပ်များကလည်း ဖတ်ခဲ့မှတ်ခဲ့ဖူးသော အမှတ်သညာအတွင်းဝယ် ဖျတ်ခနဲ ဖျတ်ခနဲ။

သူတို့သည် ဥက္ကဋ္ဌကြီးမော်၏ အဆိုအမိန့်များ ရေးသားထားသည့် စာအုပ်နီကို ဘုရားသခင်၏ အဆိုအမိန့်အလား ထင်မှတ်ကိုင်စွဲလျက် သူတို့အမြင်တွင် တန်ပြန်တော်လှန်ရေးသမားဟု ယူဆသူများကို လူထုခုံရုံးများဖြင့် စီရင်ချက်ချမှတ်ခဲ့ကြသည်။ ဝေဖန်တိုက်ခိုက်ပွဲများဖြင့် လူပုံအလယ်တွင် အပုတ်ချအရှက်ခွဲကြသည်။ တက္ကသိုလ်များ အပိတ်ခံရသည်။

**"မြန်မာတွေ စည်းကမ်းဖောက်လို့ ထီးနန်းပျောက်ခေတ်"သို့ ရောက်ခဲ့သောအခါ အုပ်ချုပ်သူလူတန်းစားတို့၏ အမူအကျင့်ကို အထင်ကြီး အတုယူတတ်ကြသော နိယာမသဘောတရားအတိုင်း "ဘုန်းကြီးကျောင်းသား သူတောင်းစား၊ အင်္ဂလိပ်ကျောင်းသား အကောင်းစား" ဟူသည့် (ပြက်ရယ်စကား)နှင့်အတူ "ယံမင်္ဂလံ ဒွါဒသဟိ"ဆိုသော အသံသည်လည်း "စီအေတီ-ကက်"ဟူသော အသံများအောက်တွင် နစ်ပျောက်ဆိတ်သုဉ်းကုန်ခဲ့ကြရသည်။**

**ဤသို့ဆိုလျှင် ယခုခေတ် ဗုဒ္ဓဘာသာလူငယ်လူရွယ်ကလေးများအတွက် (ဝါ) တိုင်းပြည်၏ အညွန့်အညောင့်ကလေးများအတွက် (ဝါ)သာသနာ၏ အညွန့်အညောင့် ကလေးများအတွက် "မင်္ဂလာအရသာ"ကို သင်းကလေးများ စိတ်ပါဝင်စား နားလည်ဖတ်ရှုချင်စဖွယ် ရေးသားတင်ပြလိုပါသည်"ဟူ၍ ရေးသားခဲ့ပါ၏။ ဤမည်သော စာအုပ်ကို ၁၉၈၂ ခုနှစ် စက်တင်ဘာလက ဒုတိယအကြိမ် ထုတ်ဝေခဲ့ခြင်းဖြစ်၏။**

ပါမောက္ခများနှင့် ပညာတတ်များစွာတို့မှာ လေ့ကျင့်ရေးကျောင်းများနှင့် လယ်ယာစိုက်ကွင်းများသို့ အပို့ခံရကာ ဝက်ခြံသန့်ရှင်းရေး(သို့မဟုတ်) လယ်စိုက်ခြင်းစသည့် အလုပ်ကြမ်းများကိုလုပ်ကြရသည်။ အလုပ်မှ ထုတ်ပယ်ခံကြရသည်။ လူပုံအလယ်တွင် ဆိုင်းဘုတ်ချိတ်ဆွဲ၍ ရှုတ်ချခံကြရသည်။ လူတို့မှာ အချင်းချင်းရန်စောင်လာကြသည်။ အလုပ်သမားအချင်းချင်း၊ မိတ်ဆွေအချင်းချင်း၊ သားသမီးနှင့် မိဘအချင်းချင်း ရန်သူသဖွယ် ဆက်ဆံလာကြသည်။

အဆိုပါ သမိုင်းကာလနှင့် ပတ်သက်၍ တရုတ်ပြည်၏ပြုပြင်ပြောင်းလဲရေး ဗိသုကာကြီး တိန့်ရှောင်ဖိန်က "၁၀ နှစ်တိုင်ကြာခဲ့တဲ့ ဒီမဟာယဉ်ကျေးမှုတော်လှန်ရေးဟာ ဘေးဒုက္ခကြီးတစ်ခုဖြစ်တယ်"ဟူ၍လည်းကောင်း၊ သမ္မတကြီး ကျန်စီမင်းက "သမိုင်းတွင် မကြုံဖူးသည့် ပျက်စီးခြင်းကာလ"ဟူ၍လည်းကောင်း နောက်ပိုင်းတွင် သုံးသပ်ပြောကြားခဲ့ကြ၏။

တရုတ်ပြည် နိုင်ငံရေးသုတေသီများကလည်း အဆိုပါ ယဉ်ကျေးမှုတော်လှန်ရေးသည် နိုင်ငံရေးဘက်တွင် "ရန်၊ ငါ" ရောထွေးအောင် လုပ်ပစ်လိုက်ပြီး အတုအယောင် လုပ်ကြံမှုများ၊ မှားယွင်းစွာ စွပ်စွဲစီရင်ဆုံးဖြတ်ခဲ့မှု အများအပြားကို ဖန်တီးခဲ့သည်။ တရုတ်ယွမ်ငွေဘီလီယံ ၅၀၀ နီးပါး ဆုံးရှုံးနစ်နာခဲ့ရပြီး ယဉ်ကျေးမှုဘက်တွင်လည်း ပန်းပေါင်းတစ်ရာ ညှိုးနွမ်းကြွေကြခဲ့ရသည်။ ပညာရေး၊ သိပ္ပံပညာနှင့် နည်းပညာဆိုင်ရာဘက်တွင်လည်း ဆုံးရှုံးနစ်နာမှုများ ကြုံတွေ့ခဲ့ရသည်။ ၁၀ နှစ်တာ ကပ်ကြီးက တရုတ်ပြည်၏ စီးပွားရေး၊ သိပ္ပံပညာ၊ ယဉ်ကျေးမှု၊ ပညာရေးဘက်အသီးသီးတွင် ကမ္ဘာ့ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် အကြီးအကျယ် ကွာဟသွားစေခဲ့သည်ဟု သုံးသပ်ခဲ့ကြ၏။

ယနေ့ မြန်မာနိုင်ငံတွင်လည်း မြန်မာတို့၏ စိတ်ပိုင်းဆိုင်ရာ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များဖြစ်ကြသည့် (၃၈)ဖြာ မင်္ဂလာအပါအဝင် လူမှုရေးတရားတော်တို့သည် လစ်ဘရယ် လှိုင်းတံပိုးအောက်တွင် တိုးတိတ်ငြိမ်သက်သွားခဲ့သည်ဟု ထင်ရသည်။

သို့တစေ တော်ပါသေးသည်၊ တော်ပါသေးသည်။ လုံးဝပျောက်ကွယ်သွားခြင်းမျိုးမရှိသေး။ ၁၉၉၀ ကျော်လွန်နှစ်များက မာဃဓီ(သာစည်) ဆရာတော်ကြီး၏ ယဉ်ကျေးလိမ္မာသင်တန်းများ၊ ယခုလက်ရှိ ဓမ္မဒူတ အရှင်ဆေကိန္ဒ ဆရာတော်ကြီး၏ ဓမ္မဒူတ ယဉ်ကျေးလိမ္မာတရားသင်တန်းများ၊ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့၏ ဓမ္မစကူးများကား ကျားကန်ထားဆဲဖြစ်လေ၏။

မြတ်ဗုဒ္ဓ၏ သာသနာတော်အနေဖြင့်လည်း သာသနာ့အာဇာနည် အရှင်သူမြတ်တို့၏ ဂုဏ်ကျေးဇူးတော်တို့ကြောင့် အရှည်တည်တံ့ခိုင်ခံ့ဆဲရှိလေ၏။ ကျေးဇူးကြီးလေစွ။

ရေးခါဘိုးဘွားဆရာသမားတို့၏ ဂုဏ်ကျေးဇူးနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ပဋိပတ္တိသာသနာဝင်ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ စာအုပ်တွင် ဆရာကြီး ဓမ္မာစရိယ ဦးငွေလှိုင်က "မြန်မာနိုင်ငံသည် လွန်ခဲ့သော နှစ်ပေါင်း တစ်ထောင်ကျော်မှစ၍ ဤနေ့တိုင် ကမ္ဘာပေါ်တွင် ဗုဒ္ဓသာသနာတော်၏ နောက်ဆုံးခံတပ်မြို့တော်ကြီး"အဖြစ် ရပ်တည်လာ၏။ ကမ္ဘာသူကမ္ဘာသားအားလုံးအတွက် စစ်မှန်မြင့်မြတ်သော ယဉ်ကျေးမှုအမွေကို ထိန်းသိမ်းသိုမှီးရာ ဘဏ္ဍာတိုက်ကြီးသဖွယ်လည်း ဖြစ်ပေသည်။

စာမျက်နှာ ၇ သို့ ❍

# ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် (၂)နှစ်အောက် ကလေးသူငယ်များ ငွေကြေးအထောက်အပံ့ပေးရေးအစီအစဉ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော် ဧပြီ ၁

နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေနှင့် ကမ္ဘာ့ဘဏ်၏ အတိုးနှုန်းသက်သာသော IDA ချေးငွေတို့ရန်ပုံငွေပိုင်းဆိုင်ရာ မှုဝေကျခံပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးအထောက်အပံ့ပေးရေး အစီအစဉ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဝိုင်းဝန်းအကြံပြု ဆွေးနွေးစေလို**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်ကာစ၌ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေနှင့် ကမ္ဘာ့ဘဏ်၏ International Development Association–IDA ချေးငွေတို့ ပေါင်းစပ်ပြီး အကောင်အထည်ဖော်လျက်ရှိသော Maternal and Child Cash Transfer Program – MCCT အစီအစဉ် ဆက်လက်အကောင်အထည်ဖော်နိုင်ရေးအတွက် တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးစေလိုပါကြောင်း၊ ပထမအချက်အနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၏ ပထမသုံးလပတ် ထောက်ပံ့နိုင်ရေးအတွက် ကမ္ဘာ့ဘဏ်ချေးငွေမှ ထုတ်ယူထားပြီးဖြစ်သော ချေးငွေကို ကမ္ဘာ့ဘဏ်နှင့် ချုပ်ဆိုထားသော စာချုပ်နှင့်သဘောတူညီချက် (Legal Agreements)များ၊ မိမိတို့၏ ဘဏ္ဍာရေး စည်းမျဉ်း စည်းကမ်းများနှင့် ညီညွတ်စေရန် မည်ကဲ့သို့ သုံးစွဲသွားမည်ကို ဆွေးနွေးရန်ဖြစ်ပါကြောင်း။

ဒုတိယအချက်အနေဖြင့် လက်ရှိဘဏ္ဍာရေးနှစ်တွင် ကမ္ဘာ့ဘဏ်ချေးငွေမှ ထုတ်ယူသုံးစွဲရန် လျာထားခဲ့ပြီး ဆက်လက်ထုတ်ယူသုံးစွဲရန် ကျန်ရှိနေသည့်ပမာဏကို လျာထားချက်အတိုင်း မည်ကဲ့သို့ ဆက်လက်ထုတ်ယူသုံးစွဲနိုင်မည်ဆိုသည့် ကဏ္ဍကို ဆွေးနွေးရန်ဖြစ်ပါကြောင်း၊ ချေးငွေထုတ်ယူသုံးစွဲမှုနှင့်ပတ်သက်၍ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် နှစ်ကြိမ်နှင့် လက်ရှိ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် တစ်ကြိမ် စုစုပေါင်း သုံးကြိမ်ထုတ်ယူပြီး ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာန အကောင်အထည်ဖော်နေသော လက်ရှိအစီအစဉ်သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းဖြစ်ပြီး ရပ်တန့်၍မရကြောင်း၊ ရပ်တန့်လိုက်ပါက မူလရရှိထားသော အကျိုးကျေးဇူးများပါ အကျိုးမရှိဖြစ်သွားစေနိုင်ကြောင်း၊ အာဟာရဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဖြစ်သည့်အတွက် လျာထားချက်များအတိုင်း ဆက်လက်ဆောင်ရွက်နိုင်ရေး ကမ္ဘာ့ဘဏ်နှင့် မည်ကဲ့သို့ ညှိနှိုင်းဆောင်ရွက်နိုင်မည်ကို ယနေ့အစည်းအဝေးတွင် အကြံဉာဏ်ရယူဆောင်ရွက်သွားလိုခြင်းဖြစ်ပါကြောင်း၊ အသေးစိတ်အချက်အလက်များအား လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဆက်လက်ဆွေးနွေးသွားကြမည် ဖြစ်ပါကြောင်း ပြောကြားသည်။

**ရပ်ဆိုင်း၍မရနိုင်**

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က မိမိတို့အစီအစဉ်မှာ အာဟာရဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနှင့် သက်ဆိုင်နေသည့်အတွက်ကြောင့် ရပ်ဆိုင်း၍မရနိုင်ပါကြောင်း၊ လက်ရှိ မိမိတို့ထုတ်ယူပြီးသော ရန်ပုံငွေအား မည်ကဲ့သို့သုံးစွဲရမည်ကို ဆွေးနွေးစေလိုပါကြောင်း၊ ပြည်သူလူထုကို အဓိကတိုက်ရိုက် အကျိုးသက်ရောက်သည့်အတွက်ကြောင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအရေးပါကြောင်း၊ သို့ပါ၍ ဝိုင်းဝန်းဆွေးနွေးအကြံပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးသူငယ်များ ငွေကြေးအထောက်အပံ့ပေးရေးအစီအစဉ် MCCT နှင့်ပတ်သက်သည့် နောက်ခံအချက်အလက်များ၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အစီအစဉ်များ၊ ရပ်ရွာလူမှုကာကွယ်စောင့်ရှောက်ရေး လူမှုဝန်ထမ်းသမားများမွေးထုတ်ခြင်းအစီအစဉ်များ၊ ရပ်ရွာလူမှုကာကွယ်စောင့်ရှောက်ရေးကော်မတီများ၊ စီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်တည်ဆောက်ခြင်း အစီအစဉ်များကို ရှင်းလင်းတင်ပြကာ စီမံကိန်းတွင် Component သုံးခု ပါဝင်ပါကြောင်း၊ ၈၇ ရာခိုင်နှုန်းမှာ အကျိုးခံစားခွင့်ရှိသူများကို ငွေကြေးပံ့ပိုးပေးမည်ဖြစ်၍ တိုက်ရိုက်အကျိုးဖြစ်စေမည် ဖြစ်ပါကြောင်း၊ ကျန်ရာခိုင်နှုန်းများမှာ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုအတွက်ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ဌာနဆိုင်ရာများမှ တက်ရောက်လာကြသော သက်ဆိုင်ရာတာဝန်ရှိသူများက ကမ္ဘာ့ဘဏ်ချေးငွေနှင့်ပတ်သက်ပြီး ၎င်းတို့ဌာနများမှ ညှိနှိုင်းဆောင်ရွက်နေမှုများ၊ နိုင်ငံတော်အစိုးရက ထည့်ဝင်မှုအတွက် အထွေထွေပိုလျှံရန်ပုံငွေက တောင်းခံရန် စီစဉ်ထားရှိမှုများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းလွှမ်းခြုံမှုမြင့်မားစေရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ အကြိုညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီးက ကလေးများ၏ ရှေးဦးဘဝအရွယ် ဖွံ့ဖြိုးတိုးတက်မှုသည် အရေးကြီးသောကြောင့် အရည်အသွေးပြည့်ဝသော ပြုစုပျိုးထောင်ရေး ရရှိစေရန် ရှေးဦးအရွယ်ကလေးသူငယ်များ ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာဥပဒေ၊ မူဝါဒနှင့် မဟာဗျူဟာများချမှတ်၍ နှစ်စဉ် လုပ်ငန်းစီမံချက်များဖြင့် အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ သို့သော် အဆိုပါလုပ်ငန်းရပ်များသည် ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါကြောင့် ခေတ္တရပ်ဆိုင်းခဲ့ရပါကြောင်း၊ ငါးနှစ်အောက်ကလေးဖွံ့ဖြိုးမှုသည် အလျင်အမြန်နှင့် အချိန်တိုင်းတိုးတက်မှုဖြစ်စဉ်ရှိနေပါသဖြင့် စနစ်တကျပြုစုစောင့်ရှောက်မှုနှင့် အခြေအနေပေါ်မူတည်၍ ပံ့ပိုးပေးနိုင်ရန် စဉ်းစားဖြေရှင်းလုပ်ဆောင်ရန် လိုပါကြောင်း၊ ထို့ကြောင့် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းလွှမ်းခြုံမှုမြင့်မားရေးဆိုင်ရာ အကြိုညှိနှိုင်းအစည်းအဝေးကို ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

**ထိခိုက်စေခဲ့**

ဆက်လက်၍ ဒုတိယဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် လူမှုရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာမှာ ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းအနေဖြင့် မူလတန်းကြိုကျောင်းများကို ဦးစီးဌာနအနေဖြင့် ဖွင့်လှစ်ခြင်းနှင့် ပြည်တွင်း/ပြည်ပနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် ရပ်ရွာပြည်သူလူထုမှ ဖွင့်လှစ်ထားသော မူလတန်းကြိုကျောင်းများ၊ နေ့ကလေးထိန်းကျောင်းများကို အသိအမှတ်ပြုပေးခြင်း၊ ကြီးကြပ်ခြင်း၊ ထောက်ပံ့မှုပေးခြင်းများလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့သော် မူလတန်းကြိုအရွယ် ကလေးများအားလုံး မူကြိုပညာရေးရရှိရန်မှာ လိုအပ်ချက်တစ်ခုအနေဖြင့် ရှိနေသေးပါကြောင်း၊ ကိုဗစ်-၁၉ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်မြန်ရောဂါကြောင့်လည်း ယခင်က ရှိပြီးသား မူလတန်းကြိုပညာရေးရရှိရန် ဆောင်ရွက်ချက်များအပေါ် ထိခိုက်စေခဲ့ပါကြောင်း၊ အဆိုပါကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရန်နှင့် ECCD Coverage တိုးမြှင့်နိုင်ရေးအတွက် ပိုမိုအားထုတ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယညွှန်ကြားရေးမှူးချုပ်က လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပုဂ္ဂလိက/ကိုယ့်အားကိုယ်ကိုး နေ့ကလေးထိန်းဌာနများ၊ မူလတန်းကြိုကျောင်းများ၊ အထူးပညာရေးကျောင်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့် ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေး စီမံချက်ကိုလည်းကောင်း၊ ECCD ဆိုင်ရာ ဘာသာရပ်တာဝန်ခံများက ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းလွှမ်းခြုံမှုမြင့်မားရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ စီမံချက်ကိုလည်းကောင်း အသီးသီးတင်ပြကြသည်။ ဆက်လက်၍ မူလတန်းကြိုကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများအနေဖြင့် မူလတန်းကြိုကျောင်းများတွင် Social Distancing နှင့်အညီ ဆောင်ရွက်နိုင်ရေး အသိပညာပေးရေး Video Clip အား ပြသခဲ့ပြီး ရှေ့လုပ်ငန်းစဉ်များအပေါ် ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

---

○ စာမျက်နှာ ၆ မှ

ဆရာသမား၊ ဘိုးဘွားမိဘတို့၏ အမြော်အမြင်နှင့် သဒ္ဓါဝီရိယ(ခံယူချက်နှင့် လုံ့လ)ကိုလည်း ဆမြော်ချီးကျူး ကျေးဇူးတင်သင့်ကြပါကုန်၏။ ရှေးက ဆရာသမား ဘိုးဘွားမိဘတို့သည် "သာသနာကို ခေတ်နှင့်အညီ မပြုပြင် မကျင့်သုံးရ"ဟု ခိုင်မာသော ယုံကြည်ချက်ဖြင့် (ပဋိပတ်သို့ ဦးမတည်နိုင်ကြစေကာမူ) ဝိနည်းနှင့် အဘိဓမ္မာကို မြဲမြဲစွာ ဆုပ်ကိုင်၍ ပရိယတ္တိကို အရိုးခံအတိုင်း သင်အံ့ဆောင်ယူခဲ့ကြသည်မှာ လွန်စွာ ကျေးဇူးတင်အပ်လှပေသည်။ ယနေ့ ပဋိပတ်နို့မလိုင်ကို လှိုင်လှိုင်ကြီး သောက်စားခွင့်ရသည်မှာ "ရိုးရာကို အထိမခံ၊ လူဆန်၍ ခေတ်မီသည်ကို မလိုလားသော ထိုဆရာသမား ဘိုးဘွားမိဘတို့၏ ကျေးဇူးပင်"ဟု ရေးသားခဲ့ပါ၏။

မဟာဗောဓိရပ်သံလိုင်းတွင် မကြာခဏ နားဆင်ကြားရပါသော ဓမ္မဒူတ အရှင်ဆေကိန္ဒ ဆရာတော်ကြီး၏ ဓမ္မဒူတ ယဉ်ကျေးလိမ္မာ တရားသင်တန်းမှ "သားငယ်ငယ်၊ သမီးငယ်ငယ် ဘုရားရှိခိုးအိပ်ပါကွယ်"၊ "ဖေဖေရယ် မေမေရယ် ဘုရားရှိခိုးအိပ်ပါကွယ်"ဟူသည့် သင်ကြားပို့ချမှုအပေါ် သားသားမီးမီးတို့၏ သံပြိုင်ညီညာစွာ သီဆိုသံများ နိစ္စဓူဝ ကြားရပါစေသား။

ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုပါဘုရား။

မှီငြမ်းကိုးကား။ ။ တော်ကောင်းမင်း၏ "ကျွန်ုပ်စီမင်း (သို့မဟုတ်) တရုတ်ပြည်ကို ပြောင်းလဲခဲ့သူ"
ရဲဘော်မိုးဦး၏ "တရုတ်ပြည် ကွန်မြူနစ်ပါတီ ဘာကြောင့်စွမ်းဆောင်နိုင်ခဲ့တာလဲ" (သမိုင်းကိုပြန်ကြည့်ခြင်း)

**တရုတ်ပြည် နိုင်ငံရေးသုတေသီများကလည်း အဆိုပါ ယဉ်ကျေးမှုတော်လှန်ရေးသည် နိုင်ငံရေးဘက်တွင် "ရန်၊ ငါ" ရောထွေးအောင် လုပ်ပစ်လိုက်ပြီး အတုအယောင် လုပ်ကြံမှုများ၊ မှားယွင်းစွာ စွပ်စွဲစီရင်ဆုံးဖြတ်ခဲ့မှုအများအပြားကို ဖန်တီးခဲ့သည်။ တရုတ်ယွမ် ငွေဘီလီယံ ၅၀၀ နီးပါးဆုံးရှုံးနစ်နာခဲ့ရပြီး ယဉ်ကျေးမှုဘက်တွင်လည်း ပန်းပေါင်းတစ်ရာ ညှိုးနွမ်းကြွေကြခဲ့ရသည်။ ပညာရေး၊ သိပ္ပံပညာနှင့် နည်းပညာဆိုင်ရာဘက်တွင်လည်း ဆုံးရှုံးနစ်နာမှုများ ကြုံတွေ့ခဲ့ရသည်။ ၁၀ နှစ်တာ ကပ်ကြီးက တရုတ်ပြည်၏ စီးပွားရေး၊ သိပ္ပံပညာ၊ ယဉ်ကျေးမှု၊ ပညာရေးဘက်အသီးသီးတွင် ကမ္ဘာ့ဖွံ့ဖြိုးပြီး နိုင်ငံများနှင့် အကြီးအကျယ်ကွာဟသွားစေခဲ့သည်ဟု သုံးသပ်ခဲ့ကြ၏။**

# ၂၀၁၉ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မေ ၁

၂၀၁၉ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ် ဦးငွေအောင်၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်အောင်၊ စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းမှ တာဝန်ရှိသူများ၊ စာပေပညာရှင်များ၊ ဆုရရှိကြသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်က အဖွင့်အမှာစကား ပြောကြားသည်။ (ယာပုံ)

ထို့နောက် စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ဝင် ဦးမောင်လှိုင်(မောင်ဆွေငယ်)က ဆုရွေးချယ်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။





ဒုတိယဝန်ကြီး ဦးရဲတင့် ဆရာနွေကုံကော်(မြို့လှ)အား ဆုပေးအပ်ချီးမြှင့်စဉ်။



ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ် ဦးငွေအောင် ဆရာမောင်အောင် ကိုယ်စား သမီးဖြစ်သူ မရည်မွန်အောင်အား ဆုပေးအပ်ချီးမြှင့်စဉ်။



ဆရာဦးမောင်မောင်ဦး(ဟိန်းလတ်) ဆရာမိုးမြင့်ဝင်း(မဟာဝိဇ္ဇာ) ကိုယ်စား တာဝန်ရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးရဲတင့်၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးငွေအောင်၊ ဆုစိစစ်ရွေးချယ်ရေးအဖွဲ့ဝင် ဦးမောင်မောင်ဦး (ဟိန်းလတ်)၊ ပြန်ကြားရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)နှင့် ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်အောင်တို့က ၂၀၁၉ ခုနှစ်အတွက် ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကဗျာပေါင်းချုပ်၊ သုတပဒေသာ(ဝိဇ္ဇာ)၊ သုတပဒေသာ(ရိုးရိုးသိပ္ပံနှင့် အသုံးချသိပ္ပံ)၊ စာပဒေသာ၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ၊ ကလေးစာပေ၊ လူငယ်စာပေ၊ နိုင်ငံရေးစာပေ၊ ပြဇာတ်စာပေ၊ ဘာသာပြန်စာပေ (သုတ)နှင့် ဘာသာပြန်စာပေ(ရသ)ဘာသာရပ်များ၌ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဆုရရှိကြသူများကိုယ်စား ဦးရဲဒွေး(ရဲဒွေး)က ကျေးဇူးတင်စကား ပြောကြားပြီး ဒုတိယဝန်ကြီး၊ တက်ရောက်လာကြသူများနှင့် ဆုရရှိကြသူတို့သည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ပြန်ကြားရေးဝန်ကြီးဌာနသည် မြန်မာစာပေလောကတွင် စာကောင်းပေမွန်များ ထွက်ပေါ်လာစေရေးအတွက် ပုံနှိပ်ထုတ်ဝေရန် အခက်အခဲရှိနေသော စာပေကလောင်ရှင်များ၏ စာမူများကို သီးခြား ပြိုင်ပွဲဖိတ်ခေါ်ကာ စာပေဗိမာန်စာမူဆုအဖြစ် ၁၉၆၉ ခုနှစ်မှ စတင်၍ နှစ်စဉ် ရွေးချယ်ချီးမြှင့်ခဲ့သည်။



ဒုတိယဝန်ကြီး ဦးရဲတင့်၊ စာပေဗိမာန် စာမူဆုချီးမြှင့်ပွဲ တက်ရောက်လာကြသူများနှင့် ဆုရရှိသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

၂၀၁၉ ခုနှစ်အတွက် တင်သွင်းသော ပြိုင်ပွဲဝင်စာမူပေါင်း ၂၈၇ စောင်ကို စာမူဆု စိစစ်ရွေးချယ်ရေးမူဝါဒအတိုင်း စနစ်တကျ ဖတ်ရှုစိစစ်ခဲ့ပြီး ဆုရွေးချယ်ရေးအတွက် ဘာသာရပ် ၁၄ မျိုးရှိသည့်အနက် အင်္ဂလိပ်စာမူဆု ဘာသာရပ်မှလွဲ၍ ကျန်ဘာသာရပ် ၁၃ မျိုးအတွက် ဆုပေါင်း ၂၉ ဆုကို ရွေးချယ်ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

## ၂၀၁၉ ခုနှစ် စာပေဗိမာန်စာမူဆု ရရှိသူစာရင်း

| စဉ် | ဘာသာရပ် | ဆုအမျိုးအစား | ကလောင်အမည် |
|---|---|---|---|
| ၁ | ဝတ္ထုရှည် | ပထမဆု | နွေကုံကော်(မြို့လှ) |
| ၂ | ဝတ္ထုရှည် | ဒုတိယဆု | မောင်အင်း(ဥက္ကံ) |
| ၃ | ဝတ္ထုရှည် | တတိယဆု | သန္တာလှိုင်(လားရှိုး) |
| ၄ | ဝတ္ထုတို | ပထမဆု | နန္ဒာခင်(သက္ကလမြေ) |
| ၅ | ဝတ္ထုတို | ဒုတိယဆု | သက်သက်နွယ် |
| ၆ | ဝတ္ထုတို | တတိယဆု | သောင်းမြင့်ဦး(ကွမ်းခြံကုန်း) |
| ၇ | ကဗျာပေါင်းချုပ် | ပထမဆု | ယဉ်ယဉ်(မင်းကန်) |
| ၈ | ကဗျာပေါင်းချုပ် | ဒုတိယဆု | ချစ်စုအောင် |
| ၉ | သုတ(ဝိဇ္ဇာ) | ပထမဆု | ရဲမင်းထက်(မြန်မာစာ) |
| ၁၀ | သုတ(ဝိဇ္ဇာ) | ဒုတိယဆု | လှိုင်နန္ဒာ(တာမာမြေ) |
| ၁၁ | သုတ(သိပ္ပံ) | ပထမဆု | ဒေါက်တာဆုမွန်လွင် |
| ၁၂ | သုတ(သိပ္ပံ) | ဒုတိယဆု | မောင်အောင် |
| ၁၃ | စာပဒေသာ | ပထမဆု | ဦးရဲဒွေး |
| ၁၄ | စာပဒေသာ | ဒုတိယဆု | ကိုညိုကြီး |
| ၁၅ | စာပဒေသာ | တတိယဆု | တင့်ထွန်း(ချောက်) |
| ၁၆ | ယဉ်ကျေးမှု | ပထမဆု | လွင်မြန်မာ(မန်းတက္ကသိုလ်) |
| ၁၇ | ယဉ်ကျေးမှု | ဒုတိယဆု | မိုးမြင့်ဝင်း(မဟာဝိဇ္ဇာ) |
| ၁၈ | ယဉ်ကျေးမှု | တတိယဆု | မင်းဇေဒါ(ပွင့်ဖြူ) |
| ၁၉ | ကလေး | ပထမဆု | ကန့်ဘလူခင်မောင်ဆွေ |
| ၂၀ | ကလေး | ဒုတိယဆု | ကိုထွန်းရင်(အဏ္ဏဝါ) |
| ၂၁ | ကလေး | တတိယဆု | ထက်ဝေအောင်(စစ်ကိုင်း) |
| ၂၂ | လူငယ် | ပထမဆု | ရန်ကုန်ငွေဇော် |
| ၂၃ | လူငယ် | ဒုတိယဆု | အေးပရယ်ယုနိုင်(ရွှေတောင်) |
| ၂၄ | လူငယ် | တတိယဆု | ကိုရွှေရင်အေး |
| ၂၅ | နိုင်ငံရေး | ဒုတိယဆု | ဇွဲသန်းသျှင်(သုံးဆယ်) |
| ၂၆ | ပြဇာတ် | ဒုတိယဆု | မောင်မြေနီ(တမာတော) |
| ၂၇ | ပြဇာတ် | တတိယဆု | ရွှေရင်းမာ |
| ၂၈ | ဘာသာပြန်(သုတ) | ပထမဆု | ဒီပလင်း |
| ၂၉ | ဘာသာပြန်(ရသ) | ပထမဆု | ဇော်ဦးငြိမ်း |

# ရိုးရာယဉ်ကျေးမှုဆိုတာ မပျောက်ကောင်းပါဘူး။ ကိုယ်တတ်နိုင်တဲ့ဘက်က ဝိုင်းဝန်းထိန်းသိမ်းကြရမှာ ဖြစ်ပါတယ်။

**ဦးရဲခွေး**

တွေ့ဆုံမေးမြန်း
စောရန်နောင်၊ စိမ်းခက်
ဓာတ်ပုံ-ကိုထွဋ်

စာပေသည် လူ၏တန်ဖိုး၊ စာပေဖြင့်မှ လူမျိုးတင့်မည် ဆိုသည့်အတိုင်း စာပေပညာရှင်များက မိမိတို့တိုင်းပြည်၊ မိမိတို့လူမျိုး ကမ္ဘာ့အလယ်ဝင့်ထည်စေရေး စာပေဖြင့် လူမှုရသအဖုံဖုံ၊ ဗဟုသုတဖြစ်ဖွယ်၊ မှတ်သားလိုက်နာဖွယ် စသောအကြောင်းအရာမျိုးစုံတို့ကို ရေးသားထုတ်ဝေလျက်ရှိပါသည်။

ထို့အတူ စာပေပညာရှင်ကြီးများ၏ ကြိုးပမ်းအားထုတ်မှုကို အသိအမှတ်ပြုခြင်းအားဖြင့်လည်းကောင်း၊ ချီးမြှောက်ခြင်းအားဖြင့်လည်းကောင်း နှစ်စဉ်နှစ်တိုင်း ပြန်ကြားရေးဝန်ကြီးဌာနက အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု၊ ပခုက္ကူဦးအုံးဖေစာပေဆု အစရှိသဖြင့် စာပေဆုများ ချီးမြှင့်ပေးလျက်ရှိပါသည်။ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့သိမ်ဖြူလမ်း ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၌ ၂၀၁၉ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုရရှိသူများကို ဆုများချီးမြှင့်ခဲ့ရာ ဆုရစာပေပညာရှင်များ၏ ဝမ်းသာပီတိစကားသံများကို ဤသို့ ကြားသိရပါသည်။


ဦးရဲခွေး


ကန့်ဘလူ ခင်မောင်ဆွေ


မင်းဗေဒါ(ပွင့်ဖြူ)


ရဲမင်းထက်(မြန်မာစာ)

**ရုပ်သေးပညာရှင် ဦးရဲခွေး**

**ရုပ်သေးသဘင်သုံး ဇာတ်စာ၊ ဇာတ်စကားများစာမူဖြင့် စာပဒေသာပထမဆု**

ကျွန်တော်က ရုပ်သေးကို ၁၉၆၆ ခုနှစ်ကနေ ၁၉၇၄ ခုနှစ်အထိ တည်ထောင်ခဲ့ပါတယ်။ ရုပ်သေးပညာရှင်ဖြစ်တဲ့အတွက် ရုပ်သေးလည်းတည်ထောင်တယ်။ ရုပ်သေးလည်း ကပြပါတယ်။ အဲဒီကာလမှာ ကျွန်တော်ကတော့ ရုပ်သေးပညာရှင်အဖွဲ့ထဲမှာ ပညာရှင်တွေအများကြီးပါတာပေါ့နော်။ ရုပ်သေးနဲ့ပတ်သက်တဲ့ မင်းသားတွေ၊ မင်းသမီးတွေ၊ လူကြမ်းတွေ၊ လူရွှင်တော်တွေ၊ ကြိုးဆွဲတွေ ပါဝင်ပါတယ်။ သူတို့နဲ့တွဲဖက်ပြီး ကပြခဲ့ရတဲ့အတွက် ဇာတ်စာ၊ ဇာတ်စကားတွေ အများကြီးစုဆောင်းထားပါတယ်။ အဲဒါလေးတွေ စိတ်ကူးထဲပေါ်လာတော့ ရေးဖြစ်ခဲ့တာပါ။

ကျွန်တော်က မျှော်လင့်လည်း မျှော်လင့်မိပါတယ်။ ဒီဟာက အလွန်အင်မတန်မှ ရှားပါးပစ္စည်းလိုပေါ့။ ရုပ်သေးက မကရတော့ ပျောက်ကွယ်လုနီးပါး ဖြစ်နေပါပြီ။ ရုပ်သေးတွေကလည်း မရှိတော့၊ ဇာတ်တွေကလည်း မကရတော့ဘူးဆိုတော့ ဒါတွေက ပျောက်ကွယ်သွားမှာ စိုးရိမ်တယ်။ ဇာတ်သဘင်သုံးတဲ့ ဇာတ်စာ၊ ဇာတ်စကားတွေ ထိန်းသိမ်းထားတဲ့ သဘောလည်းဖြစ်ပါတယ်။ ကျွန်တော့်ဘက်ကတော့ ရုပ်သေးနဲ့ပတ်သက်လို့ တာဝန်ကျေပြီပေါ့။ ဇာတ်ဘက်ကတော့ နောက်ထပ်ပညာရှင်ကြီးတွေ ဆောင်ရွက်ဖို့လိုပါသေးတယ်။ ရိုးရာယဉ်ကျေးမှုဆိုတာ မပျောက်ကောင်းပါဘူး။ ကိုယ်တတ်နိုင်တဲ့ဘက်က ဝိုင်းဝန်းထိန်းသိမ်းကြရမှာဖြစ်ပါတယ်။

ဆရာကြီး ဦးရဲခွေးသည် ၁၉၆၆ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ ဒဂုံအောင်အမည်ဖြင့် ရုပ်သေးအဖွဲ့ တည်ထောင်ကပြခဲ့ကြောင်း၊ ၁၉၇၅ ခုနှစ်ခန့်တွင် မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် သဘင်ဂီတဆိုင်ရာဆောင်းပါးများ ရေးသားခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု အင်္ဂလိပ်စာမူ ပထမဆု၊ ၂၀၁၅ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု ဒုတိယဆုနှင့် ၂၀၁၂ ခုနှစ်အတွက် အမျိုးသားစာပေဆုတို့ကိုလည်း ဆွတ်ခူးခဲ့ကြောင်း သိရသည်။

**ကန့်ဘလူခင်မောင်ဆွေ**

**စက္ကူကျားနှင့် ရွှံ့ရုပ်နွားကလေးကဗျာများစာမူဖြင့် ကလေးစာပေပထမဆု**

စက္ကူကျားဆိုတာက စက္ကူအရုပ်လေးတွေလုပ်ပြီးတော့ ဆော့ကစားတတ်တဲ့ မြို့က ကလေးတွေအကြောင်း ရေးထားတာ၊ ရွှံ့ရုပ်နွားဆိုတာက တောက ကလေးတွေ လယ်တောသွားရင်းနဲ့ အစ်ကိုဖြစ်သူက ညီဖြစ်သူကို ရွှံ့ရုပ်နွားလေးလုပ်ပြီး လက်ဆောင်ပေးတဲ့အကြောင်း ကဗျာရေးဖွဲ့ထားတာပါ။ ကဗျာကတော့ အားလုံး ၇၆ ပုဒ်ပေါ့။ ကလေးကဗျာဆိုတော့ ကလေးတွေက ပြန်ကြားရေးဝန်ကြီးဌာနက သတ်မှတ်ထားတာက ၁၂ နှစ်အရွယ်ဖြစ်တာကိုး။ ကျွန်တော်က ကလေးကဗျာတွေရေးတဲ့အခါမှာတော့ ကလေးအတွေး ကလေးနေရာကထားပြီး ရေးရတာဆိုတော့ ကလေးတွေ ဒီကဗျာတွေကို ဖတ်မိတဲ့အခါကျတော့ ကလေးတွေရဲ့ယဉ်ကျေးမှု၊ ကလေးတွေရဲ့ကျန်းမာရေး၊ နိုင်ငံကို ချစ်မြတ်နိုးတဲ့စိတ် ဒါမျိုးတွေစုံအောင် ကဗျာ ၇၆ ပုဒ်ထဲမှာ ရောမွှေပြီး နှံ့စပ်အောင် ရေးထားတာပါ။

ကျွန်တော်က ကလေးစာပေတွေ အများဆုံးရေးပါတယ်။ စာပေဗိမာန်စာပေပြိုင်ပွဲဝင်တော့လည်း ကလေးကဗျာတွေပါပဲ။ ဒါနဲ့ဆို စာပေဗိမာန်ဆု ၁၁ ဆုရရှိသွားပါပြီ။ ၁၉၉၁ ခုနှစ်ကတော့ အမျိုးသားစာပေဆုရခဲ့ပါတယ်။ ကျွန်တော်က ကလေးစာပေတွေပဲ ဆက်တိုက်ရေးတော့ ကလေးစာပေနဲ့ပဲ ခုနစ်ဆုမြောက် ရှိသွားပါပြီ။ အခြားဆုတွေလည်း ရဖူးပါတယ်။

ကျွန်တော်က မူလတန်းကျောင်းအုပ်လည်း လုပ်ခဲ့ပါတယ်။ မူလတန်းကျောင်းအုပ် လုပ်ပြီးတော့ ၂၀၀၆ ခုနှစ် ဧပြီလမှာ သက်ပြည့်အငြိမ်းစားပင်စင် ယူခဲ့ပါတယ်။ အခုတော့ အငြိမ်းစားပေါ့ဗျာ။ အသက် ၆၅ နှစ်ရှိပါပြီ။ ကန့်ဘလူမှာ နေပါတယ်။ မြတ်ပညာတို့၊ ပညာတန်ဆောင်တို့မှာလည်း ကလေးစာပေတွေ ဆက်တိုက်ရေးနေပါတယ်။

အထက်တန်းကျောင်းသားဘဝကတည်းက ဆရာသိပ္ပံမောင်ဝတို့၊ ဆရာတင်မိုးတို့၊ ဆရာကြီးမင်းသုဝဏ်တို့ ကဗျာတွေကို ဖတ်ခဲ့ပါတယ်။ ဒီလိုဖတ်ရင်းနဲ့ စာရေးချင်တဲ့စိတ် ပေါက်လာပါတယ်။ နောက် မြစ်ကြီးနားမှာ ကျောင်းဆရာသင်တန်း တက်တယ်။ စာကြည့်တိုက်အတွင်းရေးမှူး လုပ်တယ်။ နံရံကပ်စာစောင်မှာလည်း အတွင်းရေးမှူး လုပ်တယ်။ အဲဒီလိုလုပ်ရင်းနဲ့ လက်ကမ်းစာစောင်လေးတွေ ဖယောင်းနဲ့ လှိမ့်တဲ့ခေတ် ၁၉၇၈-၁၉၇၉ လောက်ကဆိုတော့ လွန်ခဲ့တဲ့အနှစ် ၄၀ လောက်ကပေါ့။ အဲဒီကနေ ကျွန်တော် ကျောင်းဆရာစလုပ်တဲ့နှစ်မှာ ပညာတန်ဆောင်မှာ ဆောင်းပါးတစ်ပုဒ် စရေးတယ်။ အဲဒီတုန်းက ဆောင်းပါးခ ၁၅ ကျပ်ရတယ်။ အဲဒီငွေနဲ့ပဲ စာပေဗိမာန်အသင်းဝင်တယ်။ စာပေဗိမာန်က တစ်လတစ်အုပ်ပေးတဲ့ စာအုပ်တွေကို ဖတ်တယ်။ ဒီလိုဖတ်ရင်းနဲ့ စာမူတွေရေးပြီး ပြိုင်တဲ့အတွက် ဆုတွေလည်းရခဲ့တာ ဖြစ်ပါတယ်။ ၁၉၉၁ ခုနှစ်မှာတော့ ကျေးလက်ဒေသမှ ကလေးများစာပေနဲ့ စာပေဗိမာန်စာမူဆုရပြီး စာအုပ်ဖြစ်လာတဲ့အခါမှာတော့ အမျိုးသားစာပေဆုပါ ရခဲ့တာဖြစ်ပါတယ်။

**မင်းဗေဒါ (ပွင့်ဖြူ)**

**စာရွက်ပေါ်ကရုပ်ရှင်ရိုက်ခြင်း ရုပ်ရှင်ဇာတ်ညွှန်းအနုပညာ လေ့လာချက်စာမူဖြင့် ယဉ်ကျေးမှုစာပေတတိယဆု**

ရုပ်ရှင်ဇာတ်ညွှန်းအနုပညာလေ့လာချက်ဖြစ်ပါတယ်။ ကျွန်တော်ကိုယ်တိုင်ဇာတ်ညွှန်းတွေရေးတဲ့ အတွေ့အကြုံတွေ၊ ကျွန်တော်ကိုယ်တိုင် ဇာတ်ညွှန်းလောကမှာ ကျင်လည်ခဲ့ရတာတွေ၊ မြန်မာ့ဇာတ်ညွှန်းတွေအကြောင်း၊ နိုင်ငံတကာဇာတ်ညွှန်းတွေအကြောင်း ရေးသားထားတဲ့ စာမူဖြစ်ပါတယ်။

ဒီစာမူမှာဆိုရင် မြန်မာ့ရုပ်ရှင်သမိုင်း၊ ကမ္ဘာ့ရုပ်ရှင်သမိုင်းတွေအပြင် မြန်မာ့ရုပ်ရှင်ဇာတ်ညွှန်း ရေးနည်းရေးပုံတွေ၊ ကမ္ဘာ့ရုပ်ရှင်ဇာတ်ညွှန်း ရေးနည်းရေးပုံတွေ ပါဝင်ပါတယ်။ စုစုပေါင်း အခန်းကဏ္ဍ လေးခုဖြင့် ဖော်ပြထားပါတယ်။ ဇာတ်ညွှန်းပညာနှင့်ပတ်သက်ပြီး အတော်လေးကောင်းမွန်အောင် ရေးသားပြုစုထားပါတယ် ခင်ဗျာ။

ဆရာမင်းဗေဒါ(ပွင့်ဖြူ)သည် မကွေးတိုင်းဒေသကြီး ပွင့်ဖြူဇာတိဖြစ်ပြီး ရန်ကုန်အဝေးသင်တက္ကသိုလ်မှ မြန်မာစာနှင့် ဘွဲ့ရခဲ့ကြောင်း၊ ထို့မှ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ မဟာဝိဇ္ဇာဘွဲ့ (ရုပ်ရှင်နှင့်ပြဇာတ်ပညာ) ရရှိခဲ့ကြောင်း၊ ၎င်းတက္ကသိုလ်၌ပင် လက်ထောက်ကထိကအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြောင်း၊ စာပေများ အစဉ်တစိုက်ရေးသားခဲ့ရာ စာပေဗိမာန်စာမူဆု သုံးကြိမ်၊ ပခုက္ကူဦးအုံးဖေစာပေဆု နှစ်ကြိမ် ဆုများရရှိခဲ့ဖူးကြောင်း သိရသည်။

**ရဲမင်းထက်(မြန်မာစာ)**

**ဇာတကနောက်ခံ ရခိုင်သာခြင်းများ၏အပြောက်အမွမ်းစာမူဖြင့် သုတ(ဝိဇ္ဇာ)ပထမဆု**

ဒီစာမူရေးဖြစ်တာကတော့ ကျွန်တော်က ရန်ကုန်တက္ကသိုလ် မဟာဝိဇ္ဇာတန်း တက်တဲ့အခါမှာ မဟာဝိဇ္ဇာတန်းကျမ်းပြုရပါတယ်။ ကိုယ့်ရဲ့မဟာဝိဇ္ဇာကျမ်းနဲ့ စာပေဗိမာန်စာမူပြိုင်မယ်လို့ နဂိုကတည်းက ရည်ရွယ်ထားတာပါ။ မဟာဝိဇ္ဇာဘွဲ့ရပြီးတဲ့အခါမှာ တိုက်ဆိုင်တဲ့အတွက် ၂၀၁၉ ခုနှစ်မှာ စာမူအနေနဲ့ယှဉ်ပြိုင်ခဲ့ပါတယ်။ ဒီအတွက် သုတဝိဇ္ဇာ ပထမဆုအဖြစ် ရခဲ့ပါတယ်။ ဆုရမယ်လို့ ထင်မထားခဲ့ပါဘူး။ ဝါသနာအရ၊ အတွေ့အကြုံအရ ပြိုင်လိုက်တာပါ။ ဆုရတယ်လို့ ကြားသိရတဲ့အတွက် အတိုင်းမသိဝမ်းမြောက်မိပါတယ်။

မဟာဝိဇ္ဇာကျမ်းပြုတဲ့အခါ ကျွန်တော်က ရခိုင်တိုင်းရင်းသားဖြစ်တဲ့အတွက် ကိုယ့်ရခိုင်က စာပေကို ကျမ်းပြုမယ်လို့ အစကတည်းက ရွေးချယ်ထားခဲ့ပါတယ်။ ခေါင်းစဉ်ကတော့ ဇာတကနောက်ခံ ရခိုင်သာခြင်းများ၏ အပြောက်အမွမ်းဖြစ်ပါတယ်။ သာခြင်းဆိုတာက မြန်မာလို တျာချင်းနဲ့တူပါတယ်။ ရခိုင်လို တောသာခြင်းပေါ့။ အသံထွက်ကိုတော့ ရခိုင်လို စာခွင်းလို့ အသံထွက်ပါတယ်။ ဒီကျမ်းက ဘုရား ၅၅၀ ဇာတ်တွေထဲက စန္ဒကိန္နရီဇာတ်နှင့် ဗလကုသဇာတ် ဇာတ်နှစ်ဇာတ်ကို အခြေခံထားပါတယ်။ ရခိုင်စာဆိုတွေက စာခွင်းစာပေအဖြစ် ရေးထားတာကို ကျွန်တော်က စာကြည့်တိုက်ကနေ ရှာဖွေတွေ့ရှိခဲ့တဲ့အတွက် လေ့လာပြီးတော့ ဒီကျမ်းကို ရေးသားခဲ့ပါတယ်။

ဒီစာပေဟာ ရခိုင်ဘုရင်တွေလက်ထက်မှာ နန်းတွင်းစာပေအဖြစ် ထင်ရှားခဲ့ပါတယ်။ ပြီးတော့ ရခိုင်လူမျိုးတွေရဲ့ နေ့စဉ်နေထိုင်မှု စားသောက်မှုဘဝတွေမှာလည်း စာခွင်းတွေ သီဆိုပြီးတော့ နေ့စဉ်အလုပ်လုပ်ကြပါတယ်။ နေ့စဉ်ဘဝ ဖားရှာ၊ ငါးရှာရင်းစာခွင်းတွေကို သီဆိုကြလေ့ရှိပါတယ်။ ဒီကျမ်းကိုပြုစုရတဲ့ အကျိုးကျေးဇူးကတော့ ပျောက်ကွယ်လုနီးပါးဖြစ်နေတဲ့ ရခိုင်စာခွင်းစာပေတွေ ထိန်းသိမ်းတဲ့သဘောအနေနဲ့ လည်းကောင်း၊ အခြားတိုင်းရင်းသားတွေအနေနဲ့ကလည်း ရခိုင်မှာ စာခွင်းရှိတယ်ဆိုတာ သိရှိစေဖို့ဖြစ်ပါတယ်။

ဆရာရဲမင်းထက်( မြန်မာစာ)သည် ရခိုင်ပြည်နယ် တောင်ကုတ်မြို့ဇာတိဖြစ်ပြီး ယခုအခါ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွင် အချိန်ပိုင်းနည်းပြအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိကြောင်း သိရသည်။

**လွင်မြန်မာ(မန်းတက္ကသိုလ်)**

**မြန်မာ့ရွှေချည်ထိုးစာမူဖြင့် မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေပထမဆု**

ဒီစာအုပ် ရေးသားဖြစ်ခဲ့တဲ့ ရည်ရွယ်ချက်က မြန်မာ့ရွှေချည်ထိုးဟာ ရှေးအစဉ်အဆက် နန်းတွင်းရော ပြည်သူလူထုကြားထဲမှာ အလွန်အင်မတန်မှ ထိရောက်ခဲ့တဲ့၊ အသုံးဝင်ခဲ့တဲ့၊ အဆင့်မြင့်ခဲ့တဲ့၊ ဂုဏ်မြင့်ခဲ့တဲ့ ပညာတစ်ခုဖြစ်ပါတယ်။ ယခုအခါမှာတော့ လုပ်ငန်းရှားပါးခြင်း၊ ပစ္စည်းရှားပါးခြင်း၊ ငွေးယူမှု၊ ဝယ်ယူမှု အားနည်းခြင်းတို့ကြောင့် တဖြည်းဖြည်းတိမ်မြုပ်လာပါပြီ။ ဒါလေးကို ပြန်လည်ဖော်ထုတ်ချင်တဲ့ စေတနာရည်ရွယ်ချက်ရယ်၊ နောက်နောင်လူတွေကိုလည်း လက်ဆင့်ကမ်းပေးချင်တဲ့ရည်ရွယ်ချက်နဲ့ ကျွန်တော် ဒါကိုရေးဖြစ်ခဲ့တာပါ။ စာမျက်နှာ ၁၀ သို့ ❖

❖ စာမျက်နှာ ၉ မှ

ဒီ မြန်မာ့ရွှေချည်ထိုးစာအုပ်မှာ အခန်းပေါင်း ၂၇ ခန်းပါဝင်ပြီးတော့ သက်ဆိုင်ရာ တတ်သိနားလည်တဲ့ ရွှေချည်ထိုးပညာရှင်တွေ၊ စာပေပညာရှင်တွေ၊ စာအုပ်စာတမ်းအထောက်အထားတွေနဲ့ ဓာတ်ပုံပေါင်းများစွာ၊ တွေ့ဆုံမှုပေါင်းများစွာနဲ့ အတတ်နိုင်ဆုံး ကြိုးစားရေးသားထားတာ ဖြစ်ပါတယ်။ နောင်းလူတွေ သုတေသနပြုလေ့လာနိုင်အောင် ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ရော၊ ရွှေချည်ထိုးလုပ်ငန်းရှင်တွေရော၊ ပြည်သူလူထုတွေရော ပူးပေါင်းပြီး လုပ်ဆောင်မယ်ဆိုရင် ကမ္ဘာ့အလယ်မှာ မြန်မာရဲ့ ရွှေချည်ထိုးလုပ်ငန်းဟာ ပြန်လည်ဦးထောင် ခေါင်းမော့လာနိုင်ပါတယ်။ နောက်နောင်လည်း မြန်မာ့ယဉ်ကျေးမှုနဲ့ပတ်သက်တဲ့ စာအုပ်တွေ ကြိုးစားရေးသားပြီး ပြုစုသွားမှာဖြစ်ပါတယ်။ အခုလို ရွှေချည်ထိုးနဲ့ပတ်သက်ပြီး ရေးသားတဲ့စာအုပ်ကို ဆုချီးမြှင့်ပေးဖို့ ဆုံးဖြတ်ပေးသော အဖွဲ့ဝင်လူကြီးများ၊ ဆုရွေးချယ်ပေးသော တတ်သိပညာရှင်များနဲ့ တာဝန်ရှိသူအားလုံး၊ ကျေးဇူးတင်ထိုက်သူအားလုံးကိုလည်း ကျေးဇူးတင်ရှိပါတယ်လို့ ပြောကြားလိုပါတယ်။

**ရန်ကုန်ဒွေးဇော်**

**အသက်ရှည်ပါ ရေ စာမူဖြင့် လူငယ်စာပေ ပထမဆုရ**

နာမည်ရင်းကတော့ ဦးဇော်ဒွေးပါ။ ကလောင်နာမည်ကတော့ ရန်ကုန်ဒွေးဇော်ပါ။ အခုလို ဆုချီးမြှင့်ခံရတဲ့အတွက် ဝမ်းသာပါတယ်။ ၁၉၉၉ ခုနှစ် လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀ ကျော်က လူငယ်စာပေပြိုင်ဖူးတယ်။ ပထမဆုလည်းရဖူးပါတယ်။ အနှစ် ၂၀ ကျော်ကြာမှ ထပ်ပြိုင်တဲ့အတွက် အခုလို ဆုရတယ်ဆိုတော့ အလွန်ပျော်ပါတယ်။ အဲဒီအတွက် ဆုရွေးချယ်ရေးအဖွဲ့တွေရော၊ ဆုချီးမြှင့်တဲ့သူတွေရော ကျေးဇူးတင်ပါတယ်။

အခုဆုရတဲ့ "အသက်ရှည်ပါ ရေ" ဆိုတဲ့ စာအုပ်မှာ လူငယ်တွေကို လွတ်လပ်ပွင့်လင်းဖို့ ကျွန်တော် တွန်းအားပေးရေးထားတာပါ။ လူငယ်တွေကို လွတ်လပ်ပွင့်လင်းစေချင်တယ်။ နောက်တစ်ခုက ပရဟိတရဲ့ အကြောင်းတွေကို လူငယ်တွေကို သိစေချင်တယ်။ လူ့အခွင့်အရေး အကြောင်းတွေ သိစေချင်တယ်။ နောက်တစ်ခုက SME ဆိုတဲ့ အသေးစား ချေးငွေလေးတွေကနေ စီးပွားရေးလုပ်ငန်းတွေ တိုးတက်အောင်၊ ဘဝတွေတိုးတက်အောင် ထူထောင်စေချင်တယ်။ ခေါင်းစဉ်ကိုက အသက်ရှည်ပါ ရေ ဆိုတဲ့အတိုင်း အနာဂတ်မှာ ရှားပါးလာမယ့် ရေအကြောင်းကို သတိပေးတာတွေ အားလုံး ဝတ္ထု ခုနစ်ပုဒ်ပါပါတယ်။

ကျွန်တော်က ၁၉၈၂ ခုနှစ် ပုံနှိပ်စာလုံး ဖော်ပြခံရတဲ့အချိန်ကစပြီး တော်တော်များများ လူငယ်နဲ့ ကလေးသူငယ်တွေအကြောင်း ရေးတာများတယ်။ ကိုယ်တိုင်လည်း ကလေး၊ လူငယ်ဘဝက ဖြတ်သန်းလာရတဲ့အခါကျတော့ လူကြီးတွေဆီကနေ တာဝန်တွေ လွှဲပြောင်းယူခဲ့ရတာပေါ့။ ဒီလိုပဲ ကလေးလူငယ်တွေလည်း တာဝန်တွေကိုယ်စီယူစေချင်ခဲ့တာပေါ့။ လူငယ်တွေအနေနဲ့ အသိပညာနဲ့ထိန်းချုပ်ပြီး အောင်မြင်တဲ့လုပ်ဆောင်မှုတွေ လုပ်ဆောင်စေချင်တာပါ။


လွင်မြန်မာ(မန်းတက္ကသိုလ်)


ရန်ကုန်ဒွေးဇော်


ထက်ဝေအောင်(စစ်ကိုင်း)


ဇော်ဦးငြိမ်း

**ထက်ဝေအောင်(စစ်ကိုင်း)**

**ပန်းတိုင်းပွင့်ခွင့်ရှိပါသည်နှင့် အခြားကလေးဝတ္ထုတိုများဖြင့် ကလေးစာပေဒုတိယဆုရ**

အခုဆုရတဲ့စာအုပ်မှာ ဝတ္ထုတို ၁၆ ပုဒ် ပါဝင်ပါတယ်။ စာပေဗိမာန်စာမူဆုကို လိုချင်လို့ ၂၀၁၅ ခုနှစ်က စပြိုင်တာ နှစ်တိုင်းကို ပြိုင်ခဲ့တာ။ ဒီနှစ်မှ ဆုရတယ်။ အိမ်မှာလည်း ကလေးရှိတဲ့အခါကျတော့ သူတို့ ကလေးအချင်းချင်း အမူအကျင့်လေးတွေ၊ ကစားတဲ့ဟာလေးတွေ၊ တစ်ယောက်ကိုတစ်ယောက် ညှာတာဖို့၊ အကောက်မကြံဖို့၊ ဂိမ်းကစားတာတွေလျှော့ဖို့၊ ကလေးတွေကို ယဉ်ကျေးလိမ္မာသင်တန်းတွေ၊ ဓမ္မစကူးကျောင်းတွေ ပို့သင့်တာတွေ ဒါမျိုးလေးတွေ ရေးတာပါ။ လိမ္မာယဉ်ကျေးတဲ့ကလေးတွေ ဖြစ်လာအောင်ဆိုတဲ့ အဓိကရည်ရွယ်ချက်ထား ရေးဖြစ်ခဲ့တာပါ။

စာပေဗိမာန်ဆု ဝင်ဖို့ဆိုတာက မလွယ်ဘူး။ ဒီအတွက် အလွန်ဝမ်းသာမိပါတယ်။ ဒီဆုက နိုင်ငံတော်အဆင့်ဆိုတော့လေ။ ဆုကတော့ ဒီဆုနဲ့ဆို ၁၄ ဆုရှိပြီ။ အရင်က တပ်မတော်နေ့လိုမျိုးတွေ၊ ကျိုက္ကလော့ အမေ့မေတ္တာ စာမူတို့၊ မြတ်မင်္ဂလာကလုပ်တဲ့ အလွတ်တမ်း ကျေးဇူးကြီးလှ မိနှင့်ဘ မှာ အလွတ်တမ်းပထမတို့ အဲဒါမျိုးတွေ ရခဲ့ဖူးပါတယ်။ မူးယစ်ဗဟိုကလုပ်တဲ့ ဝတ္ထုပြိုင်ပွဲတွေမှာလည်း ဆုရဖူးတယ်။ အလုပ်သမားနဲ့ပတ်သက်ပြီးလုပ်တဲ့ စာပေပြိုင်ပွဲမှာလည်း ဆုရဖူးပါတယ်။ ကလေးတွေကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဖို့၊ စည်းကမ်းတကျနေထိုင်တတ်ဖို့၊ လိမ္မာယဉ်ကျေးတဲ့ ကလေးလေးတွေ ဖြစ်လာဖို့အတွက် နောက်ထပ်လည်း အကျိုးပြုစာပေတွေ ရသလောက်ရေးသားသွားမှာပါ။

**ဇော်ဦးငြိမ်း**

**ဗွီအက်(စ်)နိုင်ပေါလ်၏ စိတ်ကူးရောင်စုံဝတ္ထုတိုများစုစည်းမှုစာမူဖြင့် ဘာသာပြန်စာပေ(ရသ)ပထမဆုရ**

ကျွန်တော် ဒီဆုကို ယူချင်ခဲ့တာ နှစ်ပေါင်း ၂၆ နှစ်ရှိပါပြီ။ တက္ကသိုလ်ကျောင်းသားဘဝကတည်းက အဖေ့ရဲ့တိုက်တွန်းချက်နဲ့လေး၊ ငါးကြိမ် ဘာသာပြန်ရေးသားခဲ့ပေမယ့် အရွယ်ကလည်းငယ်၊ ဗဟုသုတလည်း မပြည့်စုံသေးတာကြောင့် လွဲချော်ခဲ့ရပါတယ်။ ဒီနှစ်မှာတော့ အဖေကလည်း ကျန်းမာရေးမကောင်းနေတာဖြစ်တဲ့အတွက် အဖေသက်ရှိထင်ရှားရှိနေချိန်မှာ ဒီဆုကို အဖေ့အတွက် ယူပေးမယ်ဆိုပြီးတော့ ဘာသာပြန်ဆိုခဲ့ရာကနေ ဒီဆုကို ရရှိခဲ့တဲ့အတွက် အဖေ့အတွက်ရော၊ ဘဝမှာ မှတ်တိုင်တစ်ခုအနေနဲ့ရော၊ ဘာသာပြန်စာပေမှာလည်း အုတ်တစ်ချပ် သဲတစ်ပွင့်အနေနဲ့ ပါဝင်နိုင်ပြီဆိုတဲ့ ခံစားချက်နဲ့ရော ပြောမပြတတ်အောင် အတိုင်းမသိ ဝမ်းသာမိပါတယ်။

ကျွန်တော် တက္ကသိုလ်ကျောင်းသားဘဝကတည်းက စာတွေ ရေးခဲ့ပါတယ်။ ၁၉၉၉ ခုနှစ် မတ်လ မဟေသီမဂ္ဂဇင်းမှာ ရေးချင်သလို အရေးခံရတဲ့ ဗိနပ်တစ်ရံရဲ့ ရာဇဝင်ဆိုတဲ့ ဝတ္ထုတိုနဲ့ ကျွန်တော် ပထမဦးဆုံး ပုံနှိပ်ဖော်ပြခံခဲ့ရပါတယ်။ ပြီးတော့ လပြည့်ဝန်းမဂ္ဂဇင်း၊ နေသိဒ္ဓိမဂ္ဂဇင်းတွေမှာလည်း အလျဉ်းသင့်သလို စာတွေရေးခဲ့ပါတယ်။ အခုနောက်ပိုင်းမှာ မြဝတီမဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်းတွေမှာလည်း ရေးပါတယ်။ အွန်လိုင်းမှာလည်း ရေးပါတယ်။ ဘာသာပြန်စာပေလုပ်ငန်းကတော့ ကျွန်တော့်ရဲ့ အဓိကစိတ်ဝင်စားတဲ့လုပ်ငန်း ဖြစ်ပါတယ်။ ဘာသာပြန်လုပ်ငန်းကို စိတ်ဝင်စားတဲ့အတွက် တစ်ဖက်က ဝမ်းရေးအတွက် အလုပ်လုပ်နေသလို တစ်ဖက်ကလည်း ဝါသနာပါရာ စာပေရေးသားတဲ့လုပ်ငန်းကို ဆက်လက်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

## မေ ၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၃၂ ဦး တွေ့ရှိ

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၁-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၃၀-၄-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၃၄၂)ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၃၂)ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၅၃၉,၅၈၆)ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၄၆၆) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂) ဦးဖြစ်သဖြင့် ယနေ့အထိစုစုပေါင်း (၁၃၁,၈၀၂) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

❊ ရန်ကုန်မြို့ လမ်းများမှ

ထိုသို့ ဆောင်ရွက်ရာတွင် လှိုင်မြို့နယ် (၁၆) ရပ်ကွက်အရှေ့ ပေ(၅၀)လမ်း (ပါရမီလမ်းနှင့် အုတ်ကျင်း ဘုတာရုံလမ်းကြား) မာလာမြိုင်လမ်း၊ ဗဟိုလမ်း (ပါရမီလမ်းနှင့် သမိုင်းချောင်းအကြား)၊ ရွာမကျောင်းလမ်း (သီရိလမ်းထိပ်)၊ ဗဟိုလမ်း (သီရိမြိုင်ဘူတာအရှေ့)၊ ပြည်လမ်း၊ (၆)မိုင်ခွဲ၊ ဘုရင့်နောင်လမ်း၊ အင်းစိန်လမ်း (ကမာရွတ်ချောင်း)၊ ရွာမကျောင်းလမ်းထိပ်၊ ကန်လမ်းထိပ်တို့တွင် ပိတ်ဆို့ထားသော သံအိတ်၊ ဝါးကပ်၊ တံခါး၊ သံပန်းများအားလည်းကောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် စည်ပင်လမ်း၊ လှော်ကားလမ်း၊ မင်းရဲကောင်းပုံလမ်း၊ ပြည်ထောင်စုလမ်းသွယ်၊ မြိတ်လမ်း၊ ကျန်စစ်သားလမ်း၊ ပုဂံလမ်း၊ ဂရုဏာလမ်းတို့၌ ပိတ်ဆို့ထားသော သဲအိတ်၊ တာယာဟောင်းများ၊ သစ်တိုသစ်စများအားလည်းကောင်း၊ ဒေါပုံမြို့နယ် ယမုံနာလမ်း၊ မင်းနန္ဒာလမ်း၊ ပေ ၈၀ လမ်း၊ မဏ္ဍိုင်လမ်း၊ အောင်တံခွန်လမ်း၊ နဝဒေးလမ်း၊ သီတာနွယ်လမ်း၊ မြို့သစ်ရပ်ကွက် ဒေါပုံဈေးအနီး ဓမ္မရိပ်သာလမ်း၊ ဇေယျာသီရိလမ်းတို့တွင် ပိတ်ဆို့ထားသော တာယာအဟောင်းများ၊ သဲအိတ်၊ ပိုက်လုံး၊ ကွန်ကရစ်တုံးများအားလည်းကောင်း၊ ပုဇွန်တောင်မြို့နယ် ရေကျော်လမ်းနှင့် ဝတ်ကျောင်းလမ်းထောင့်၊ ရေကျော်လမ်းနှင့် လိပ်ကန်လမ်းထောင့်ရှိ သဲအိတ်များအား သုံးခေါက် သိမ်းဆည်း၍ လည်းကောင်း၊ အင်းစိန်မြို့နယ်မြို့သစ်(က+ခ)ရပ်ကွက်၊ မြို့သစ်(ဂ)ရပ်ကွက်၊ ပေါက်တောရပ်ကွက် ဘုရင့်နောင်လမ်းမကြီး၊ ကြို့ကုန်းအရှေ့ရပ်ကွက် အင်းစိန်လမ်းတို့ရှိ တာယာများအားလည်းကောင်း၊ လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်း၊ ရွှေတောင်တန်းလမ်း၊ မဟာဗန္ဓုလလမ်းနှင့် ကမ်းနားလမ်းရှိ တာယာများ၊ အုတ်ခဲကျိုးများအား လည်းကောင်း၊ လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် ရန်ကုန်-ပုသိမ်လမ်း၊ ဗိုလ်ချုပ်လမ်း၊ တပင်ရွှေထီးလမ်းနှင့် ကျန်စစ်သားလမ်းရှိ တာယာအဟောင်းများအား လည်းကောင်း၊ ဗဟန်းမြို့နယ် ဦးချစ်မောင်လမ်း၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ တောင်ဥက္ကလာပမြို့နယ် မေတ္တာလမ်းနှင့် သံသုမာလမ်းဆုံရှိ မီးရှို့ထားသော တာယာများအား လည်းကောင်း ဖယ်ရှားရှင်းလင်းခဲ့ကြောင်း သိရသည်။

ထို့အပြင် သာကေတမြို့နယ် (၈)ရပ်ကွက်၊ ရှုခင်းသာလမ်း (ကမာကြည်တံတားအဆင်း)၊ နဝရတ်လမ်းထိပ်၌ မြောင်းဖုံးကွန်ကရစ်တုံးများ ဖွင့်ထားခြင်း၊ ရှုခင်းသာလမ်း ရွှေအုတ်ဂူ (၄)လမ်းအနီး ရေမြောင်းဖုံး ၁၁ ချပ် ဖွင့်ထားခြင်းတို့အား ပြန်လည်ခင်းကျင်းခြင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပင်လုံလမ်းနှင့် ဘုရင့်နောင်လမ်းဆုံ၌ Box Culvert များ ဖျက်ဆီးထားရှိမှုများအား ပြန်လည်တူးဖော်ပြုပြင်ခြင်း၊ ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်း(ဆင်မလိုက်မှ ဟံသာဝတီလမ်းအထိ)လမ်းလယ်တွင် အမှိုက်များဖြန့်ကြဲထားခြင်းအား သိမ်းဆည်းရှင်းလင်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံ ပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများ ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | **အမည်၊ လက်ရှိရာထူး၊ ဌာန** | **ပြောင်းရွှေ့ခန့်ထားသည့်ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဒေါက်တာဝင်းနိုင်<br>ပါမောက္ခချုပ်<br>စစ်တွေတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ရန်ကုန်အဝေးသင်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ခ) | ဒေါက်တာနေဝင်းဦး<br>ညွှန်ကြားရေးမှူးချုပ်<br>လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့(သုတေသန)<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>လားရှိုးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဦးမြင့်သူရ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန |
| (ခ) | ဦးကျော်ဝင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>ပညာရေးဝန်ကြီးဌာန |
| (ဂ) | ဒေါက်တာ တင်တင်မိုး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းဆေးပညာဦးစီးဌာန<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းဆေးပညာဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန |
| (ဃ) | ပါမောက္ခ ဒေါက်တာ သိန်းဇော်လင်း<br>ပါမောက္ခ/ ဌာနမှူး (ဆေးပညာဌာန)<br>တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)<br>တိုင်းရင်းဆေးပညာဦးစီးဌာန<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | ပါမောက္ခချုပ်<br>တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)<br>တိုင်းရင်းဆေးပညာဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန |
| (င) | ဦးလှထွန်းဦး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(တည်ဆောက်ရေး) လမ်းဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>လမ်းဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန |
| (စ) | ဦးနေဝင်း<br>ဒုတိယအမြဲတမ်းအတွင်းဝန်/<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| (ဆ) | ဒေါ်ခိုင်ရွှေဝါ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စာရင်းဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ်<br>စာရင်းဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |

❖ ကျောဖုံးမှ

၃။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများသာဖြစ်သဖြင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ တိမ်းရှောင်နေရသူများအနေဖြင့် အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရအရေးယူမှုမရှိဘဲ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# CDM လှုပ်ရှားမှုတွင် ပါဝင်ခဲ့မှုကြောင့် ယာယီထိန်းသိမ်းထားသည့် ကျောင်းသား ကျောင်းသူများကို မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်

နေပြည်တော် မေ ၁

မကွေးတိုင်းဒေသကြီး မြို့နယ်အချို့တွင် CDM လှုပ်ရှားမှုကိုအခြေခံ၍ ဆူပူအကြမ်းဖက်မှုကို လိုလားသော အဖွဲ့အစည်းများနှင့် လူအုပ်စုအချို့သည် နည်းမျိုးစုံအသုံးပြုပြီး သွေးထိုးလှုံ့ဆော်မှု ဆောင်ရွက်ခဲ့သောကြောင့် ဆူပူအကြမ်းဖက် ဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့ရာ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအလို့ငှာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီသည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ (၁၄၄)အရ ငါးဦးထက်ပိုသော လူစုလူဝေး မပြုလုပ်ရန် အမိန့်များထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

**ဆောင်ရွက်ခဲ့**

၎င်းထုတ်ပြန်ထားသောအမိန့်ကို လိုက်နာမှုမရှိဘဲ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးလိုသော ရည်ရွယ်ချက်ဖြင့် ဆူပူဆန္ဒပြသူများက အကြမ်းဖက်သည့်အသွင်များဖြင့် ဆောင်ရွက်လာကြရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက အနည်းဆုံးအင်အား၊ အနိမ့်ဆုံးအဆင့်ဖြင့် လူစုခွဲခြင်းများ ဆောင်ရွက်ခဲ့ပြီး ဆူပူအကြမ်းဖက်သူများကို ဖမ်းဆီးထိန်းသိမ်းကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

**CDM လှုပ်ရှားဆန္ဒပြမှုတွင် ပါဝင်ခဲ့**

အဆိုပါထိန်းသိမ်းခံထားသူများကို စိစစ်ခဲ့ရာတွင် ပတ်ဝန်းကျင်၏ စေ့ဆော်မှု၊ ဆူပူဆန္ဒပြမှုအားလှုံ့ဆော်စည်းရုံးခံရမှုနှင့် စားဝတ်နေရေးအထောက်အပံ့ရယူမှု စသည့် အခြေခံအကြောင်းများကြောင့် CDM လှုပ်ရှားဆန္ဒပြမှုတွင် ပါဝင်ခဲ့ကြောင်း တွေ့ရှိရပြီး အထူးသဖြင့် နိုင်ငံရေးအရောင်အသွေးမရှိသောအပြစ်မဲ့သည့်၊ နုငယ်သေးသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရှိရပြီး ၎င်းတို့၏ အနာဂတ်အရေးအတွက် သားသမီးချင်း ကိုယ်ချင်းစာတရားထားရှိသောကြောင့် မကွေးမြို့အတွင်း မတ် ၃ ရက်နောက်ပိုင်း ထိန်းသိမ်းထားသူများအနက်မှ ကျောင်းသား ငါးဦးကို ပညာဆက်လက်သင်ကြားနိုင်ရေးအတွက် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက မိဘများထံ ပြန်လည်အပ်နှံခြင်းကို မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။



ရှေးဦးစွာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ဆုံးမဩဝါဒစကားပြောကြားပြီး ကျောင်းသား ကျောင်းသူများကို ၎င်းတို့ ဖမ်းဆီးထိန်းသိမ်းခံရချိန်တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းထားသည့် ကိုယ်ပိုင်ပစ္စည်းများအား စာရင်းအတိုင်း ပြန်လည်လွှဲပြောင်းပေးအပ်ကာ ခံဝန်ကတိလက်မှတ်ထိုး၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံ စေလွှတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

# ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

# အမေရိကန်ဒေါ်လာ နှစ် ထရီလီယံတန်ဖိုးရှိ အလုပ်အကိုင်ဖန်တီးရေးအစီအစဉ်တစ်ရပ် သမ္မတ ဂျိုးဘိုင်ဒင် ပြောကြား

ဝါရှင်တန် ဧပြီ ၁

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က နိုင်ငံအတွင်းရှိ အခြေခံအဆောက်အအုံများအား ပြန်လည်ပြုပြင်မွမ်းမံခြင်းဖြင့် ပြည်သူများအား အလုပ်အကိုင်ဖန်တီးပေးမည့် အစီအစဉ်တစ်ရပ်ကို ယမန်နေ့က အတည်ပြုပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ အလုပ်အကိုင်ဖန်တီးရေး အစီအစဉ်အတွက် အမေရိကန်ဒေါ်လာ နှစ်ထရီလီယံသုံးစွဲမည်ဖြစ်ကြောင်း သမ္မတ ဂျိုးဘိုင်ဒင်က ပင်န်ဆယ်ဗေးနီးယားပြည်နယ်အရှေ့ပိုင်း၌ မိန့်ခွန်းပြောကြားစဉ် ထည့်သွင်းပြောကြားခဲ့သည်။

ယင်းအစီအစဉ်တွင် သက်တမ်းရင့်လမ်း၊ တံတားများအား ပြန်လည်ပြုပြင်ခြင်းနှင့် ၂၀၃၀ ပြည့်နှစ်မတိုင်မီ လျှပ်စစ်ကားများ ဓာတ်အားပြန်လည်ဖြည့်တင်းရေးအတွက် ဓာတ်အားဖြည့်ရုံ ငါးသိန်း တည်ဆောက်ရေးစီမံကိန်းများ ပါဝင်ကြောင်း သိရသည်။

ယင်းအစီအစဉ်အတွက် ကျခံသုံးစွဲမည့် ငွေကြေးပမာဏသည် ဒုတိယကမ္ဘာစစ်မှစ၍ အမေရိကန်နိုင်ငံအတွင်း အလုပ်အကိုင်ဖန်တီးမှုဆိုင်ရာအစီအစဉ်များအနက် ပမာဏအများဆုံးဖြစ်သည်။

အမေရိကန်နိုင်ငံ၏ စီးပွားရေးကို ပြန်လည်တည်ဆောက်ပြီး ပြည်သူများအတွက် အလုပ်အကိုင်များ ဖန်တီးပေးရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သမ္မတ ဂျိုးဘိုင်ဒင်က ပြောကြားခဲ့သည်။

ထို့ပြင် အဆိုပါအစီအစဉ်အား ငွေကြေးထောက်ပံ့ပေးနိုင်ရေးအတွက် အခွန်ကောက်ခံမှုပမာဏကို ၂၁ ရာခိုင်နှုန်းမှ ၂၈ ရာခိုင်နှုန်းအထိ တိုးမြှင့်ကောက်ခံသွားမည်ဖြစ်ကြောင်း သမ္မတ ဂျိုးဘိုင်ဒင်က ဆိုသည်။

အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ထရီလီယံတန်ဖိုးရှိ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သက်သာချောင်ချိရေးရန်ပုံငွေကို မတ်လအတွင်း အတည်ပြုခဲ့ပြီးနောက် ယခု အလုပ်အကိုင်ဖန်တီးရေးအစီအစဉ်ကို ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန်- အောင်ကျော်ကျော်





# ကမ္ဘောဒီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ နှစ်ဦး ထပ်မံသေဆုံး

ဖနောင်ပင် ဧပြီ ၁

ကမ္ဘောဒီးယားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် လူနှစ်ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူ ၁၆ ဦးရှိလာခဲ့ပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်ခဲ့သည်။

အသက် ၇၀ အရွယ် အမျိုးသမီးတစ်ဦးသည် ယနေ့နံနက်အစောပိုင်းတွင် ကိုဗစ်-၁၉ ရောဂါဝေဒနာခံစားလျက် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။ ၎င်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံနေရကြောင်း ကျန်းမာရေးအာဏာပိုင်များက မတ် ၂၅ ရက်တွင် အတည်ပြုခဲ့သည်။ အဆိုပါအမျိုးသမီးသည် သွေးတိုးနှင့် ဆီးချိုရောဂါများ ခံစားနေရကြောင်းလည်း ဆေးမှတ်တမ်းများအရ သိရသည်။

အလားတူ အသက် ၆၇ နှစ်အရွယ် အမျိုးသမီးတစ်ဦးသည် ကိုဗစ်-၁၉ ရောဂါဝေဒနာခံစားရပြီး ယနေ့နံနက်ပိုင်းတွင် သေဆုံးခဲ့သည်။ ၎င်းထံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံစားနေရကြောင်း မတ် ၂၃ ရက်တွင် အတည်ပြုခဲ့သည်။

အဆိုပါ အမျိုးသမီးနှစ်ဦးသည် မြို့တော်ဖနောင်ပင်ရှိ ခမာ-ဆိုဗီယက် ချစ်ကြည်ရေးဆေးရုံ၌ ဆေးကုသမှုခံယူနေစဉ် သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

လက်ရှိအချိန်တွင် နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါခံစားရသူ ၂၄၇၇ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူ ၁၆ ဦးရှိကြောင်း သိရသည်။ သို့သော် ဗိုင်းရပ်စ်ကူးစက်ခံရသူများအနက် ၁၂၄၀ ရောဂါမှ ပြန်လည်သက်သာလာသည့်အတွက် ဆေးရုံများမှ ဆင်းသွားခဲ့သည်။

နိုင်ငံ၏ ကာကွယ်ဆေးထိုးနှံရေးအစီအစဉ်ကို ဖေဖော်ဝါရီ ၁၀ ရက်မှ မတ် ၃၁ ရက်အထိ ပြည်သူ ၄၀၇၀၀၀ အား ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

# ကမ္ဘာတစ်ဝန်းတွင် ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်မျိုးစိတ်သစ်များ ပြန့်ပွားလျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပြောကြား

ဂျီနီဗာ ဧပြီ ၁

ကမ္ဘာတစ်ဝန်းတွင် ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်မျိုးစိတ်သစ်များပြန့်ပွားလျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

ဗြိတိန်၊ တောင်အာဖရိကနှင့် ဘရာဇီးနိုင်ငံတို့တွင် တွေ့ရှိခဲ့သော ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်မျိုးစိတ်များသည် စိုးရိမ်ရသော ဗိုင်းရပ်စ်အမျိုးအစားများဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ခဲ့သည်။

ယခု သီတင်းပတ်အတွင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ပြောကြားချက်အရ ဗြိတိန်ဗီဇပြောင်းဗိုင်းရပ်စ်သည် နိုင်ငံပေါင်း ၁၃၀ နှင့် ဒေသ ငါးခုသို့ ပျံ့နှံ့သွားခဲ့ကြောင်း သိရသည်။ တောင်အာဖရိက ဗီဇပြောင်းဗိုင်းရပ်စ်သည် နိုင်ငံပေါင်း ၈၀ နှင့် ဒေသ ငါးခုသို့ ပျံ့နှံ့ခဲ့ပြီး ဘရာဇီးဗီဇပြောင်းဗိုင်းရပ်စ်သည် နိုင်ငံပေါင်း ၄၅ နိုင်ငံနှင့် ဒေသပေါင်း လေးခုသို့ ပျံ့နှံ့ခဲ့သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် ကမ္ဘာတစ်ဝန်း ဗီဇပြောင်းဗိုင်းရပ်စ်၏ မျိုးပွားမှု လျင်မြန်ခြင်းကြောင့် လူသားများ၏ ရောဂါခုခံနိုင်စွမ်းကို အကျိုးသက်ရောက်ပုံကို လေ့လာနေသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် ဖိလစ်ပိုင်၊ ဂျပန်နိုင်ငံနှင့် ပြင်သစ်တို့တွင် တွေ့ရှိသော ဗီဇပြောင်း ဗိုင်းရပ်စ်မျိုးစိတ်သစ်များကို လေ့လာလျက်ရှိသည်။ ကမ္ဘာတစ်ဝန်းလုံးအတိုင်းအတာဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုများ မြင့်တက်နေပြီး အဆိုပါရောဂါဖြစ်ပွားမှုမြင့်တက်သော နိုင်ငံများတွင် ဘရာဇီး၊ အမေရိကန်၊ အိန္ဒိယ၊ ပြင်သစ်နှင့် ပိုလန်နိုင်ငံတို့ ပါဝင်သည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - စိုးသူရ



# ဒေသတွင်း ပြီးပြည့်စုံသောစီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုစင်တာတစ်ခု ထိုင်းနိုင်ငံ ဖွင့်လှစ်

ဗန်ကောက် ဧပြီ ၁

ထိုင်းနိုင်ငံအစိုးရက ဒေသတွင်းပြီးပြည့်စုံသော စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုစင်တာတစ်ခုကို မတ် ၂၉ ရက်တွင် ဖွင့်လှစ်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါစင်တာကို မြို့တော်ဗန်ကောက်အနီး၌ ဖွင့်လှစ်ခဲ့ပြီး လွတ်လပ်သောကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ် (RCEP) အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်ရေးဆိုင်ရာ သတင်းအချက်အလက်မျှဝေခြင်းနှင့် အဖွဲ့ဝင်နိုင်ငံအချင်းချင်း ကူညီထောက်ပံ့ပေးမှုများပြုလုပ်နိုင်ရန်အတွက် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ထိုင်းပါလီမန်က ဒေသတွင်းပြီးပြည့်စုံသော စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုစင်တာ ဖွင့်လှစ်ရန် လွန်ခဲ့သောလက သဘောတူခဲ့သည်။

ဒေသတွင်း လွတ်လပ်သောကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ် (RCEP) နှင့်အညီ ထိုင်းအစိုးရက သက်ဆိုင်သောဝန်ကြီးဌာနများနှင့်အတူ ကုန်သွယ်ရေးဆိုင်ရာကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုင်းနိုင်ငံအနေဖြင့် လွတ်လပ်သောကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ် အလျင်အမြန်အသက်ဝင်လာစေရေးအတွက် ပြည်တွင်းကုန်သွယ်ရေးဆိုင်ရာ လုပ်ငန်းဆောင်တာများကို ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း ထိုင်းကုန်သွယ်ရေးဝန်ကြီး ဂျူရင် လက်ဆာနာဝီဆစ်က ပြောကြားခဲ့သည်။

ဂျပန်၊ တောင်ကိုရီးယားနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ အပါအဝင် အာရှ-ပစိဖိတ်နိုင်ငံ ၁၅ နိုင်ငံက အဆိုပါလွတ်လပ်သောကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက်ကို ယမန်နှစ်က လက်မှတ်ရေးထိုးခဲ့သည်။ အလားတူ တရုတ်နိုင်ငံကလည်း အဆိုပါသဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

လွတ်လပ်သောကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ် (RCEP) စတင်အသက်ဝင်လာမည်ဆိုပါက ကမ္ဘာတစ်ဝန်း အသားတင်ထုတ်ကုန်တန်ဖိုး၏ ၃၀ ရာခိုင်နှုန်းကို ထုတ်လုပ်ပေးနိုင်မည်ဖြစ်ပြီး လူဦးရေ ၂ ဒသမ ၂ ဘီလီယံရှိသော ဈေးကွက်ကြီးတစ်ခုကို ကိုယ်စားပြုမည်ဖြစ်သည်။

ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်

# နိုင်ငံတကာရေးရာနှင့်စပ်လျဉ်း၍ ပူတင်၊ မာကယ်လ်နှင့် မက်ခရွန်တို့ ညှိနှိုင်းဆွေးနွေး



မော်စကို မေ ၁

ရုရှားသမ္မတ ဗလာဒီမာပူတင်၊ ဂျာမနီဝန်ကြီးချုပ် မာကယ်လ်နှင့် ပြင်သစ်ဝန်ကြီးချုပ် မက်ခရွန်တို့သည် ယမန်နေ့က အွန်လိုင်းမှတစ်ဆင့် ဗီဒီယို ကွန်ဖရင့်တစ်ရပ်ကျင်းပခဲ့ရာ သုံးနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးနှင့် နိုင်ငံတကာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အလေးထားညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း ကရင်မလင်က ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ထိုသို့ ဆွေးနွေးရာတွင် ရုရှားနိုင်ငံထုတ် Sputnik V ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများတွင် မှတ်ပုံတင်ခြင်း၊ အသုံးပြုခြင်းနှင့် ထုတ်လုပ်ခြင်းအပါအဝင် ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးနယ်ပယ်၌ ပူးတွဲကြိုးပမ်းအားထုတ်ကြရန် သုံးနိုင်ငံခေါင်းဆောင်တို့က စိတ်အားထက်သန်လျက်ရှိကြကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် ယူကရိန်းအခြေအနေနှင့်ပတ်သက်၍ သမ္မတပူတင်က ယူကရိန်းနိုင်ငံ၊ ဒွန်ဘားစ်ဒေသနှင့် တိုက်ရိုက်ညှိနှိုင်းဆွေးနွေးမှု အကောင်အထည်ဖော်ရေးနှင့် ဒေသ၏ အထူးအခြေအနေနှင့်ပတ်သက်သော ကိစ္စရပ်များအား ကိုင်တွယ်ဖြေရှင်းရေးဆိုင်ရာ သဘောတူချက်များကို ယူကရိန်းအစိုးရအနေဖြင့် ပြီးပြည့်စုံစေရန် တိုက်တွန်းလိုက်သည်။


ဒွန်ဘားစ် စစ်သွေးကြွအုပ်စုနှင့် ယူကရိန်းအစိုးရတပ်ဖွဲ့အကြား လက်နက်ကိုင် ထိပ်တိုက်ရင်ဆိုင်မှုများ အရှိန်မြင့်မားလာမှုနှင့်ပတ်သက်၍ အလွန်ပင်စိုးရိမ်မိပါကြောင်း ပူတင်က ထပ်မံပြောကြားသည်။ ထို့အပြင် ဘီလာရုစ်နိုင်ငံရေးအခြေအနေနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးရာတွင် သမ္မတ ပူတင်က အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ပြည်ပနိုင်ငံများမှ ဝင်ရောက်စွက်ဖက်မှုနှင့်စပ်လျဉ်း၍ လက်သင့်ခံမည်မဟုတ်ကြောင်း အလေးထားပြောကြားလိုက်သည်။

အကယ်၍ ဥရောပသမဂ္ဂ (အီးယူ)အနေဖြင့် စိတ်ဝင်စားမှုကိုပြသခဲ့ပါက အီးယူအဖွဲ့ဝင်နိုင်ငံများနှင့် ပုံမှန်နိုင်ငံရေးသဘောသက်ဝင်သောဆက်ဆံရေးကို ပြန်လည်ထူထောင်ရန် ရုရှားအစိုးရ၏ အဆင်သင့်ရှိမှုကို ပူတင်က ထပ်လောင်းပြောကြားခဲ့သည်။ သုံးနိုင်ငံခေါင်းဆောင်တို့သည် အီရန်နျူကလီးယား သဘောတူစာချုပ်ကို ထိန်းသိမ်းထားပြီး အကောင်အထည်ဖော်ရန်နှင့် ဤပြီးတည်ချက်တွင် ညှိနှိုင်းဆောင်ရွက်မှုအရှိန်မြှင့်လုပ်ဆောင်ရန် ထောက်ခံသည်ဟု ထုတ်ဖော်ပြောကြားခဲ့ကြကြောင်း ကရင်မလင်က ပြောကြားသည်။

ထို့အပြင် ပူတင်သည် ရုရှားနိုင်ငံ၏ အတိုက်အခံပါတီခေါင်းဆောင် အလက်ဇေနာဗာလ်နီ၏ အမှုနှင့်စပ်လျဉ်း၍ ဂျာမနီဝန်ကြီးချုပ်မာကယ်လ်နှင့် ပြင်သစ်ဝန်ကြီးချုပ်မက်ခရွန်တို့အား ရှင်းလင်းပြောကြားသည်။ ပူတင်၊ မာကယ်လ်နှင့် မက်ခရွန်တို့သည် သုံးပွင့်ဆိုင်ဆွေးနွေးစဉ် ဆီးရီးယားနှင့် လစ်ဗျားနိုင်ငံရေးအခြေအနေများကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ

# တရုတ်နိုင်ငံမှ လှူဒါန်းသော Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအသုတ် ကမ္ဘောဒီးယားနိုင်ငံသို့ ရောက်ရှိ




ဖနောင်ပင် မေ ၁

တရုတ်နိုင်ငံမှလှူဒါန်းသော Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအသုတ် သယ်ဆောင်လာသည့် အထူးလေယာဉ်သည် ကမ္ဘောဒီးယားနိုင်ငံသို့ ယမန်နေ့က ရောက်ရှိခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ ဆေးဝါးများရောက်ရှိလာခြင်းသည် ကမ္ဘောဒီးယားနိုင်ငံသားများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးပိုမိုထိုးနှံနိုင်ရန် အခွင့်အလမ်းများဖြစ်လာစေခဲ့သည်။ အဆိုပါ ကာကွယ်ဆေးများကို ဖနောင်ပင်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး တီဗန်း၊ ကမ္ဘောဒီးယားကျန်းမာရေးဝန်ကြီး မန်ဗန်ဟန်းနှင့် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ဝမ်ဝန်တိမ်းတို့က လက်ခံရယူခဲ့ကြသည်။

ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး တီဗန်းက ကမ္ဘောဒီးယားနိုင်ငံအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထပ်မံ လှူဒါန်းခဲ့ခြင်းအတွက် တရုတ်နိုင်ငံအား ကျေးဇူးတင်ရှိကြောင်းနှင့် အဆိုပါဆေးဝါးများသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးတွင် အရေးပါသော အခန်းကဏ္ဍမှပါဝင်နေပြီး ကမ္ဘောဒီးယားနိုင်ငံသားများ၏ အသက်ကို ကယ်တင်လျက်ရှိကြောင်း ပြောကြားသည်။

ယခုကဲ့သို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ တရုတ်နိုင်ငံမှ အထောက်အပံ့ပေးခြင်းသည် နှစ်နိုင်ငံ အစိုးရများနှင့် ပြည်သူများအကြား ခိုင်မာသော ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ဖော်ညွှန်းလျက်ရှိပြီး အနာဂတ်ကာလတွင် ပူးပေါင်းဆောင်ရွက်မှု၏ အကျိုးရလဒ်များကို အတူတကွခံစားခြင်းကို ရည်ညွှန်းနေကြောင်း ၎င်းက ပြောကြားသည်။ ကမ္ဘောဒီးယားကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် အော်ဗန်ဒိုင်းက တရုတ်နိုင်ငံမှ Sinopharm ကာကွယ်ဆေးကို ကမ္ဘောဒီးယားနိုင်ငံသားများအား ထိုးနှံပေးခဲ့ရာတွင် ပြင်းထန်သော ဘေးထွက်ဆိုးကျိုးများမရှိကြောင်း ပြောကြားသည်။ မတ် ၂၆ ရက်တွင်လည်း တရုတ်နိုင်ငံ Sinovac Biotech မှ ဝယ်ယူထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများသည် ကမ္ဘောဒီးယားနိုင်ငံသို့ ရောက်ရှိလာခဲ့ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံတွင် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၀ ရက်က စတင်ဆောင်ရွက်ခဲ့ပြီး ဦးစားပေးထိုးနှံပေးရမည့် နိုင်ငံသားများထဲမှ ၄၀၇၀၀၀ အား ကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း အစိုးရ၏ မှတ်တမ်းများအရ သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

■

# ပြင်သစ်နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း၏ ကူးစက်ဖြစ်ပွားမှု အမြင့်ဆုံးအခြေအနေ ကြုံတွေ့နိုင်

ပါရီ မေ ၁

ပြင်သစ်နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း၏ ကူးစက်ဖြစ်ပွားမှုအမြင့်ဆုံးအခြေအနေကို ခုနစ်ရက်မှ ၁၀ ရက်အတွင်း ကြုံတွေ့လာနိုင်ပြီး ဧပြီလကုန်တွင် ဆေးရုံများရှိ အထူးကြပ်မတ်ကုသဆောင်များတွင် တက်ရောက်ကုသမည့် လူနာအရေအတွက် အမြင့်ဆုံးသို့ရောက်ရှိလာနိုင်ကြောင်း ကျန်းမာရေးဝန်ကြီး အိုလီဗီယာဗီရန်က ယနေ့ပြောကြားသည်။

မတ်လမှစတင်၍ နိုင်ငံအတွင်း နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၀၀၀၀ နီးပါး ရှိလာခဲ့သည်။ နိုင်ငံအတွင်းရှိဆေးရုံများတွင် ကိုဗစ်-၁၉ လူနာများဖြင့် ပြည့်နှက်နေပြီး အဆိုပါရောဂါကူးစက်ခံရမှုကြောင့် သေဆုံးသူအရေအတွက်မှာလည်း တစ်သိန်းနီးပါး ရှိလာသောကြောင့် စာသင်ကျောင်းများကို သီတင်းသုံးပတ် ပိတ်ထားရန်နှင့် အသွားအလာကန့်သတ်မှုများချမှတ်ရန် သမ္မတ မက်ခရွန်က ညွှန်ကြားခဲ့သည်။

ဧပြီ ၃ ရက်မှစ၍ နိုင်ငံသားများအား နေအိမ်တွင် နေထိုင်စေရန်၊ လုပ်ငန်းများကို နေအိမ်မှသာ ဆောင်ရွက်ရန်နှင့် နေအိမ်မှ ၁၀ ကီလိုမီတာအထိသွားလာခဲ့သူများအနေဖြင့် မှတ်တမ်းရေးသွင်းထားရန် တာဝန်ရှိသူများက ညွှန်ကြား ခဲ့သည်။ ယခုချမှတ်ခဲ့သော ကန့်သတ်ချက်များသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို ထိန်းချုပ်နိုင်မည်ဟု မျှော်လင့်ကြောင်း အိုလီဗီယာဗီရန်က ပြောကြားသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

## ကမ္ဘာ့တစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | | |
|---|---|---|
| စုစုပေါင်းကူးစက်ခံရသူ | ၁၂၉၆၇၈၈၁၁ | ဦး |
| သေဆုံးသူ | ၂၈၃၁၃၂၄ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၁၀၄၅၄၁၇၈၄ | ဦး |

# ချမ်းအေးသာစံမြို့နယ်ရှိ ဗဟိုအမျိုးသမီးဆေးရုံကြီး ရေခဲတိုက်အတွင်း သင်္ဂြိုဟ်ရန်ကျန် မွေးကင်းစကလေးအလောင်း ၁၂၆ လောင်း တွေ့ရှိမှုနှင့်ပတ်သက်၍ အချိန်မီသင်္ဂြိုဟ်ရန် တာဝန်ပျက်ကွက်ခဲ့သည့် ရင်ခွဲရုံတာဝန်ခံကို အမှုဖွင့်လှစ်

နေပြည်တော် ဧပြီ ၁

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ ဗဟိုအမျိုးသမီးဆေးရုံကြီး ရေခဲတိုက်အတွင်း သင်္ဂြိုဟ်ရန်ကျန်ရှိနေသော မွေးကင်းစကလေး အလောင်း ၁၂၆ လောင်းတွေ့ရှိမှုနှင့်ပတ်သက်၍ အချိန်မီသင်္ဂြိုဟ်ရန် တာဝန်ပျက်ကွက်ခဲ့သည့် ရင်ခွဲရုံတာဝန်ခံကို ဥပဒေနှင့်အညီ အမှုဖွင့်လှစ်ထားရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ မတ် ၂၈ ရက်တွင် ဗဟိုအမျိုးသမီးဆေးရုံကြီး အနောက်ပေါက်တွင် လုံခြုံရေးတာဝန်ဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များက ရေခဲတိုက်အတွင်း အပုပ်နံ့ရရှိသဖြင့် ဆေးရုံအုပ်ကြီးထံ သတင်းပို့ခဲ့ရာ ဆေးရုံအုပ်ကြီးက ဆေးရုံအုပ်ဖြစ်သူမှာ ရန်ကုန်မြို့တွင် တာဝန်ဖြင့် ရောက်ရှိနေသောကြောင့် ၎င်းဆေးရုံအုပ်ပြန်လည်ရောက်ရှိပါက စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ဆေးရုံအုပ်ဖြစ်သူမှာ မတ် ၃၀ ရက်တွင် ရန်ကုန်မှ ပြန်လည်ရောက်ရှိလာခဲ့သဖြင့် မတ် ၃၁ ရက်တွင် ဆေးရုံအုပ်ကြီး၊ ဆေးရုံအုပ်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့တို့က အပုပ်နံ့ရရှိသည့် ရင်ခွဲရုံအား ဝင်ရောက်စစ်ဆေးခဲ့ရာ ရင်ခွဲရုံအတွင်းမှ မီးသင်္ဂြိုဟ်ရန် ကျန်ရှိနေသော မွေးကင်းစကလေးအလောင်း ၁၂၆ လောင်း တွေ့ရှိခဲ့ရကြောင်း။

အဆိုပါ မွေးကင်းစကလေးအလောင်းများ ကျန်ရှိနေမှုနှင့်ပတ်သက်၍ ဆက်လက်စိစစ်ခဲ့ရာ ရင်ခွဲရုံတာဝန်ခံဖြစ်သူ လွင်မိုးမှာ ယခင်ဆေးရုံဖွင့်လှစ်စဉ်က ဆေးရုံတွင် သေဆုံးခဲ့သည့် ကလေးငယ်များ၊ မိခင်ဝမ်းဗိုက်အတွင်း သေဆုံးခဲ့သည့် ကလေးငယ်များ၊ ပိုင်ရှင်မပေါ်ဘဲ သေဆုံးခဲ့သည့် ကလေးငယ်တို့၏ ရုပ်အလောင်းများကို အလောင်းတစ်လောင်းလျှင် သင်္ဂြိုဟ်ပေးရန်အတွက် မြန်မာငွေကျပ် ၃၀၀၀ နှင့် ၅၀၀၀ ကြား ၎င်းမှ တာဝန်ယူကောက်ခံကာ ရင်ခွဲရုံတွင် ထိန်းသိမ်းထားရှိခဲ့ကြောင်း၊ ၎င်းအနေဖြင့် ကလေးငယ်အလောင်းများကို အခကြေးငွေရယူပြီး ကာလကြာရှည်စွာ မသင်္ဂြိုဟ်ဘဲ ရင်ခွဲရုံတွင် ထိန်းသိမ်းထားရှိကာ မတ် ၂၈ ရက်မှစတင်၍ CDM လှုပ်ရှားမှုများကို အကြောင်းပြပြီး အလုပ်သို့ လာရောက်ခြင်းမရှိတော့ကြောင်း၊ ဆေးရုံပြန်လည်ဖွင့်လှစ်ချိန်တွင်လည်း ၎င်းအား ဆက်သွယ်၍ မရတော့ကြောင်း၊ ၎င်းတာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းစဉ်အား လုပ်ဆောင်ခြင်းမရှိဘဲ ကလေးအလောင်းများကို သင်္ဂြိုဟ်ပေးရန် ရယူကောက်ခံထားသည့် အခကြေးငွေများအား အလွဲသုံးစားလုပ်ကာ ထွက်ပြေးတိမ်းရှောင်လျက်ရှိကြောင်းကို စုံစမ်းသိရှိရကြောင်း။

အဆိုပါ မွေးကင်းစကလေးရုပ်အလောင်း ၁၂၆ လောင်းကို မတ် ၃၁ ရက် မွန်းလွဲပိုင်းတွင် ဆေးရုံအုပ်ကြီး၏ ခွင့်ပြုချက်ဖြင့် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပေးခဲ့ကြောင်း။ ဖြစ်စဉ်တွင် ကလေးအလောင်းများကို သင်္ဂြိုဟ်ပေးရန် အခကြေးငွေကောက်ခံထားရှိပြီး တာဝန်ပျက်ကွက်ခဲ့သည့် ရင်ခွဲရုံတာဝန်ခံကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**






အောင်ဖြိုးမင်း(ခ)ကိုဖြိုး၊ သန်းထိုက်ဦး၊ ရဲနိုင်ထွန်းနှင့် ဝေလင်းသူ(ခ)အရှည်ကြီးတို့ကို သိမ်းဆည်းရမိသည့် ဓာတုပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

# မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၌ ငွေကျပ်သိန်း ၃၀၀ ကျော်တန်ဖိုးရှိ ဓာတုပစ္စည်းများ သိမ်းဆည်းရမိ

နေပြည်တော် ဧပြီ ၁

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၌ ငွေကျပ် သိန်း ၃၀၀ ကျော်တန်ဖိုးရှိ ဓာတုပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ မတ် ၃၀ ရက် ည ၁၀ နာရီတွင် ပုသိမ်ကြီးမြို့နယ် (၁၆) မိုင်ပူးပေါင်းစစ်ဆေးရေးစခန်းကို ရှောင်ကွင်း၍ ကျောက်ချောကျေးရွာလမ်းအတိုင်း မန္တလေးမှ ပြင်ဦးလွင်ဘက်သို့ ရှေ့ပြေးအဖြစ် အောင်ဖြိုးမင်း(ခ) ကိုဖြိုး မောင်းနှင်ပြီး သန်းထိုက်ဦး၊ ရဲနိုင်ထွန်းတို့ လိုက်ပါလာသည့် ယာဉ်နှင့် ဝေလင်းသူ(ခ) အရှည်ကြီး မောင်းနှင်လာသည့် ၂၂ ဘီး တွဲယာဉ်တို့ကို စစ်ဆေးရှာဖွေရာ တွဲယာဉ်ပေါ်မှ ငွေကျပ်သိန်း ၃၀၀ ကျော်တန်ဖိုးရှိ အီသိုင်း အက်စီတိတ် အရည်လီတာ ၁၉၈၀၊ မက်သနော အရည်လီတာ ၂၈၂၆၀ တို့ကို သိမ်းဆည်းရမိသည်။

စစ်ဆေးပေါ်ပေါက်ချက်များအရ သိမ်းဆည်းရမိသော ဓာတုပစ္စည်းများအား ရန်ကုန်တိုင်းဒေသကြီးမှတစ်ဆင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် ဝမ်ဟိုင်းကျေးရွာသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား အရေးယူထားရှိပြီး ကွင်းဆက်ဖြစ်မှု ကျူးလွန်သူများကို စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းတွင် မသမာသူများ၏လက်ချက်ကြောင့် ရထားလမ်းများ ပျက်စီးမှုဖြစ်ပွား

နေပြည်တော် ဧပြီ ၁

ရန်ကုန်မြို့နေ ခရီးသွားမိဘပြည်သူများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရေးအတွက် မြန်မာ့မီးရထားမှ အင်းစိန်-ရန်ကုန်-မင်္ဂလာဒုံ-အင်းစိန်လမ်းကြောင်းအတိုင်း လက်ဝဲရစ် လူစီးတွဲ သုံးတွဲပါ RBE ရထားတွဲဆိုင်းကို မတ် ၂၄ ရက်မှစ၍ နေ့စဉ်ပြေးဆွဲလျက်ရှိသော်လည်း မသမာသူများက ရထားလမ်းပိုင်းများကို မကြာခဏ ဖျက်ဆီးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ရထားပြေးဆွဲဆောင်ရွက်စဉ်အတွင်း **မတ် ၃၀ ရက်တွင် ကမာရွတ်ဘူတာရုံလမ်း level Crossing အဝင်/အထွက် အစုန်** ရထားလမ်းပေါ်၌ သံလမ်းထိန်းကလစ် ၃၈ ခု၊ အဆန်ရထားလမ်းပေါ်၌ သံလမ်းထိန်းကလစ် ၅၀ စုစုပေါင်း ၈၈ ခုကို ဖြုတ်ထားကြောင်းတွေ့ရှိရသဖြင့် အစားထိုးပြန်လည်တပ်ဆင်ပေးခဲ့ရကြောင်း၊ **ကြည့်မြင်တိုင်ဘူတာ ယာဒ်ဝင်းအထွက် အစုန်/အဆန်ရထားလမ်း**ပေါ်တွင် အရှည်ပေ ၂၀ ရထားသံလမ်းဟောင်း နှစ်ချောင်းကန့်လန့်ဖြတ်တင်ထားပြီး အဆန်ရထားလမ်းပေါ်တွင် စွန့်ပစ်အမှိုက်များ စုပုံထားသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မြန်မာ့မီးရထားဝန်ထမ်းများက ရှင်းလင်းဆောင်ရွက်ခဲ့ရကြောင်း။

မတ် ၃၁ ရက်တွင် **ကြည့်မြင်တိုင်ဘူတာအဝင် အဆန်ရထားပေါ်၌** ကားတာယာအဟောင်း ခြောက်လုံးကို စုပုံထားကာ အသက် (၃၀)အရွယ် အမျိုးသားတစ်ဦးက မီးရှို့ရန် ဆောင်ရွက်နေသည်ကို တွေ့ရသဖြင့် ရထားရဲတပ်ဖွဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံဖမ်းဆီးရာ စမ်းချောင်းမြို့နယ် ဝေဠုဝန်ရပ်ကွက်အတွင်းသို့ ထွက်ပြေးလွတ်မြောက်သွားခဲ့ကြောင်း၊ ကြည့်မြင်တိုင်ဘူတာအတွက် အစုန်/အဆန် ရထားလမ်းဘေးဝဲ/ယာတွင် မီးရှို့ရန် စုဆောင်းထားသော ကားတာယာအဟောင်းများ တွေ့ရှိရသဖြင့် စွန့်ပစ်ခဲ့ရကြောင်း။

ထို့နည်းတူ ယနေ့တွင် **ကမာရွတ်ဘူတာနှင့် လှည်းတန်းဘူတာ**ကြား၌ အတွင်းရထားလမ်းတွင် သံလမ်းဆက်ပြားလေးခု ဖြုတ်ထားသဖြင့် ပြုပြင်ခဲ့ရကြောင်း၊ **ကြည့်မြင်တိုင်ဘူတာ**အတွင်း ရထားလမ်း၌ အဝင်ပွိုင့်တွင် ဇလီဖား လေးတုံး မီးရှို့ထားပြီး အဝင်ပွိုင့်အလွန် သံလမ်းတစ်ဆက်ခန့်၌ ရထားလမ်းကွန်ဖားကလစ် ၃၀ ဖြုတ်ထား၍ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မြန်မာ့မီးရထားဝန်ထမ်းများက ပြန်လည်တပ်ဆင်ခဲ့ရကြောင်း။

ဖော်ပြပါ မသမာသူအကြမ်းဖက်သမားများ၏ လုပ်ရပ်များနှင့် နှောင့်ယှက်ဖျက်ဆီးမှုများအတွက် မြန်မာ့မီးရထားမှ သက်ဆိုင်ရာ နယ်မြေရဲစခန်း၌ ဥပဒေနှင့်အညီ အမှုဖွင့်လှစ်၍ အရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



**သတင်းစဉ်**

# သာဓုခေါ်ဖို့ ပါးစပ်ပိတ်ခံထားရတဲ့ ပြိတ္တာ

## ကိုသံချောင်း - မစာဥ စကားပြောခန်း (၁၂)

ဒေါင်

နွေသည် ပူပြင်းမှုနှင့် ခြောက်သွေ့မှုတွေကို သယ်ဆောင်ရင်း ရောက်၍လာချေပြီ။ မကြာမီ မြန်မာတို့ရဲ့ မဟာသင်္ကြန်ကာလကိုတောင် ရောက်လာပေတော့မည်။ လေရူးအငွေ့တွင် သစ်ရွက်ခြောက်တို့က ဟိုမှဒီမှလွင့်မျောလျက်...။ ခြံဝန်းအတွင်း သရက်ပင်အရိပ်အောက် ကိုသံချောင်း တစ်ယောက် ခုဒ္ဒနိကာယ်လာ ပေတဝတ္ထုများအား ဖတ်ရှုနေရင်း

"ကိုသံချောင်း...တစ်ယောက်တည်းဘာတွေ စဉ်းစားနေတာလဲရှင့်။ ငယ်ချစ်ဦးကို သတိတွေ ရနေတယ်ထင်ပ့ါ.."

အိမ်နီးချင်းအပျိုကြီး မစာဥလည်း ပျင်းရှာသည်ထင် ဒီရက်ပိုင်းမကြာမကြာ စကားစမြည် လာပြောရှာလေသည်။

"ရည်းစားက အခုမှ ထားမလို့ကြံတုန်းပါဗျ။ လူပျိုရှုက်အောင် ခင်ဗျားကလည်း ပေါက်တတ်ကရ ပြောရှော့မယ်။ အပါယ်လေးဘုံမှာပါတဲ့ ပြိတ္တာတွေ အကြောင်း ဖတ်ကြည့်နေတာပါဗျ"

"ဆိုပါဦးရှင်.. ရှင်ကပြိတ္တာအကြောင်း စိတ်ဝင်စားလို့လား"

"ပြိတ္တာအကြောင်း စိတ်ဝင်စားတာပေ့ါဗျာ။ ကျွန်တော်တို့ဗုဒ္ဓဘာသာတွေဟာ သေပြီးတဲ့နောက် ပြိတ္တာဘုံမှမဟုတ်ဘူး၊ ငရဲပြည်ရော၊ တိရစ္ဆာန်ဘဝရော၊ ပြိတ္တာဘဝရော၊ အသူရကာယ်ဘဝရော မရောက်ချင်ကြဘူးလေ မစာဥရဲ့။ ကျွန်တော်လည်း အဲဒါကြောင့် အပါယ်လေးဘုံက လွတ်မြောက်ကြောင်းတရားကို ဖတ်ရှုနှလုံးသွင်းရတာပေ့ါ"

"အမေကပြောဖူးတယ်ရှင့်။ မြင်အပ်မမြင်အပ်တဲ့ ၃၁ ဘုံသားတွေထဲမှာ ဖုတ်ပြိတ္တာ ဘီလူးတွေက အဆာမတန်များတယ်တဲ့။ သူတို့ဟာ အမြဲတမ်းကမ္ဘာလောကကြီး ပျက်စီးဖို့ ကြိုးစားနေကြတာတဲ့။ ဒါပေမယ့် သူတို့က အရိယာသူတော်ကောင်းတွေ၊ ဘုရား၊ တရား၊ သံဃာရတနာသုံးပါးကြည်ညိုသူတွေကိုတော့ ကြောက်ရွံ့ကြသတဲ့။ ဒါကြောင့် အဲဒီလို လူတွေကိုတော့ မဖျက်ဆီးနိုင်ဘူးပေ့ါရှင်"

"မှန်တာပေ့ါဗျာ။ ဝေသာလီပြည်မှာ အငတ်ဘေး၊ လူဆိုးသူခိုးဘေး၊ ရောဂါဘေးနဲ့ ကြုံပြီး တိုင်းပြည်ပျက်စီးခါနီးမှာ မြတ်စွာဘုရားရဲ့ ရဟန်းသံဃာတော်တွေက ရတနာသုတ်ပရိတ်တော်ကို မြို့တွင်းလှည့်လည်ရွတ်ဆိုကြသတဲ့။ အဲဒီမှာ မိုးကြီးဖြိုင်ဖြိုင်ရွာသွန်းပြီး လူတွေသေစေအောင် ကြိုးပမ်းနေကြတဲ့ ဘီလူးတွေ၊ ပြိတ္တာတွေဟာ ထွက်ခွာသွားခဲ့ကြရသလို မကောင်းတဲ့အနံ့အသက်တွေ၊ လူသေကောင်တွေနဲ့ အနိဋ္ဌာရုံတွေ လွင့်စင်ပြီး အေးချမ်းခဲ့ရတယ်ဗျ။ အခုတော့ဗျာ ကျွန်တော်တို့တိုင်းပြည်မှာ ဗုဒ္ဓဘာသာဝင်တွေဖြစ်ပြီး မြတ်ဗုဒ္ဓရဲ့ အဆုံးအမတွေကို အလေးမထားတော့တာတွေမြင်ရတိုင်း မကောင်းဆိုးဝါးတွေ ပျော်နေကြပြီဆိုပြီး ကျွန်တော်ဖြင့် စိတ်မကောင်းဖြစ်မိတယ် မစာဥရယ်"

"ဟုတ်ပ့ါရှင်။ ဟိုရက်ကပဲ နိုင်ငံတော်သံဃနာယကအဖွဲ့က ကန့်ကွက်တယ်ဆိုပြီး စာအတုတွေ ထွက်လာသေးတယ်လေ။ အမှန်ကဖြင့် ဆရာတော်ကြီးတွေက အေးအေးချမ်းချမ်း သီတင်းသုံးနေကြလေရဲ့။ ဒါတင်မကသေးဘူးလေ တပ်မတော်က ကိုးကွယ်ပါတယ်ဆိုပြီး အချို့ထေရ်ကြီးဝါကြီး ဆရာတော်ကြီးတွေကို စော်ကားပြောဆိုနေလိုက်ကြတာရှင်။ ကြားတောင်မကြားဝံ့ပါဘူး။ ရတနာသုံးပါးကို ပစ်မှားနေတာဟာ သာသနာကွယ်ဖို့အကြောင်းအထိ ဖြစ်လာနိုင်တယ်ရှင့်။ ဒါမျိုးကတော့ လက်မခံနိုင်ပါဘူးရှင်"

**"ကျွန်တော်တို့ ဗုဒ္ဓဘာသာမှတင် မဟုတ်ပါဘူးဗျာ။ ဘယ်ဘာသာမဆို လူသားအချင်းချင်း မေတ္တာထားရမယ်လို့ ဆိုထားတာပါ။ အခုဟာက ကုသိုလ်နဲ့ အကုသိုလ်၊ မမှန်နဲ့ အမမှန်ကို မကွဲကြတော့ဘူးဗျ။ ကျွန်တော်တို့ဗုဒ္ဓဘာသာဝင်တွေ ယုံကြည်ကြတာက ကိုယ်ပြုသည့်ကံက ကိုယ့်ထံမှာပဲရှိပါတယ်ဗျာ။ ကုသိုလ်များများပြုတဲ့သူက ကောင်းသောအကျိုးကို ခံစားရမယ်၊ အကုသိုလ်များများပြုသူက အကုသိုလ်ကံ အကျိုးပေးကို မလွဲမသွေခံစားရမှာပဲ။ ဒါကို ဘယ်သူမှ ရှောင်လွှဲလို့မရပါဘူး။ မကောင်းတဲ့သူက သူ့ကံနဲ့သူ မကောင်းတာဖြစ်မယ်လေဗျာ"**

"ကျွန်တော်တို့ ဗုဒ္ဓဘာသာမှတင် မဟုတ်ပါဘူးဗျာ။ ဘယ်ဘာသာမဆို လူသားအချင်းချင်း မေတ္တာထားရမယ်လို့ ဆိုထားတာပါ။ အခုဟာက ကုသိုလ်နဲ့ အကုသိုလ်၊ မမှန်နဲ့ အမမှန်ကို မကွဲကြတော့ဘူးဗျ။ ကျွန်တော်တို့ဗုဒ္ဓဘာသာဝင်တွေ ယုံကြည်ကြတာက ကိုယ်ပြုသည့်ကံက ကိုယ့်ထံမှာပဲရှိပါတယ်ဗျာ။ ကုသိုလ်များများပြုတဲ့သူက ကောင်းသောအကျိုးကို ခံစားရမယ်၊ အကုသိုလ်များများပြုသူက အကုသိုလ်ကံအကျိုးပေးကို မလွဲမသွေခံစားရမှာပဲ။ ဒါကိုဘယ်သူမှ ရှောင်လွှဲလို့မရပါဘူး။ မကောင်းတဲ့သူက သူ့ကံနဲ့သူ မကောင်းတာဖြစ်မယ်လေဗျာ"

"ပြိတ္တာတွေက အမျှဝေသံကြားတဲ့အခါ သာဓုခေါ်ဆိုနိုင်ပြီး ပိုမိုကောင်းမွန်တဲ့ဘဝတစ်ခုကို ကူးပြောင်းနိုင်တယ်ဆိုပြီး ကြားဖူးတယ်ရှင့်။ ဒါကြောင့် ကျွန်မက နေ့စဉ်ဘုရားရှိခိုးပြီးတိုင်း အမျှဝေတယ်။ အမျှဝေတဲ့အခါမှာလည်း ကြေးစည်လေးတီးပြီး ကျယ်ကျယ်ရွတ်တယ်။ ဒါမှ ပြိတ္တာတွေ အမျှရပြီး ပိုမိုကောင်းမွန်တဲ့ဘဝကို ကူးပြောင်းနိုင်အောင်ပေ့ါရှင်။ ကျွန်မသိချင်တာက အဲဒီလို အမျှဝေသံကို သူတို့ တကယ်ကြားနိုင်သလားဆိုတာ သိချင်တယ်ရှင့်"

"ဒါကတော့ ခံယူသူအပေါ် မူတည်တာပေ့ါ မစာဥရယ်။ ခင်ဗျားဘယ်လောက် အမျှဝေဝေ ပြိတ္တာက သာဓုမခေါ်ရင် ဒီဘဝက ဘယ်လွတ်မလဲဗျာ။ ကျွန်တော့်မိတ်ဆွေတစ်ယောက် ၈၈ အရေးအခင်းတုန်းက သေဆုံးသွားတယ်။ သူ့မိသားစုကို မှာခဲ့သတဲ့ သူသေရင် အမျှမဝေပါနဲ့၊ ဒီဗိုကရေစီရမှ အမျှဝေပါတဲ့။ သူက ဘယ်ဘဝရောက်သွားသလဲတော့မသိဘူး။ သူ့အိမ်ကတော့ သူ့ကို အမျှလုံးလုံးမဝေဘူးတဲ့ဗျ။ နောက်ထပ်ကြားဖူးတာလည်း ရှိသေးတယ်။ ပြိတ္တာတွေမှာ စီနီယာ၊ ဂျူနီယာရှိတာပေ့ါဗျာ။ အချို့ ပြိတ္တာစီနီယာကြီးတွေက ပြိတ္တာဂျူနီယာတွေကို အမျှဝေသံကြားပြီး ကျွတ်လွတ်သွားမှာစိုးလို့ အမျှဝေသံမကြားနိုင်တဲ့ အဝေးကိုခေါ်သွားတာမျိုး၊ သူတို့နားတွေကို မကြားနိုင်အောင်ဖန်ဆင်းလို့ရသလောက်လေးနဲ့ ဖန်ဆင်းကာကွယ်တတ်တယ်တဲ့။ ဒါကြောင့် အချို့ ဂျူနီယာပြိတ္တာတွေဟာ သာဓုခေါ်ခွင့်ရဖို့ဆိုတာ တော်တော်မလွယ်တာတဲ့ဗျာ။ ဒါကြောင့် အချို့အသုဘရှုပွဲ မြေချတရားနာတဲ့အခါ ဆရာတော်တွေက ဘယ်နေ့ဘယ်ရက်က သေဆုံးသွားတဲ့ ဘယ်သူဆိုတာကို ထည့်ပြောပြီး အမျှဝေနိုင်အောင်ကြိုးစားတာပေါ့။ မတော်၍များ အမျှဝေသံကို သူမကြားနိုင်ရင် တောစောင့်နတ်၊ တောင်စောင့်နတ်တွေကနေတစ်ဆင့် သူ့ကို အသိပေးနိုင်အောင်လို့ပေ့ါဗျာ။ ဒါကလည်း ပြိတ္တာဘဝရောက်နေပြီး သာဓုခေါ်ခွင့်ရတဲ့ ပြိတ္တာအမျိုးအစားဖြစ်နေမှနော်။ မဟုတ်ဘဲ နတ်ပြည်ရောက်နေတာတို့၊ ငရဲပြည်ရောက်နေတာတို့၊ တိရစ္ဆာန်ဘဝရောက်နေတာတို့ ဆိုရင်တော့ အမျှဝေသံက သူတို့အတွက် အကျိုးမပေးနိုင်ဘူးပေ့ါ"

"သနားစရာပါပဲရှင်.. ပြိတ္တာဖြစ်ရင် သာဓုခေါ်ခွင့်ရဖို့ တော်တော်အရေးကြီးတာပဲရှင့်"

**"အဲဒါက ပြိတ္တာဘဝမှာပဲ အရေးကြီးတာလားဗျာ။ အခုလက်ရှိ ကျွန်တော်တို့ လူ့ဘဝမှာရော နားပိတ်၊ မျက်စိပိတ်ခြင်းခံထားရပြီး အဆိုးအကောင်း မခွဲခြားတတ်တဲ့သူတွေဟာ ပြိတ္တာဖြစ်ပြီး အမျှမရ သာဓုမခေါ်နိုင်တဲ့သူတွေလိုပဲဗျ။ နိုင်ငံအတွက် အစိုးရကနေ အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ပေးနေတယ်။ အမှန်တရားတွေဟာ အခု နှစ်လတာအတွင်းမှာ အများကြီးပေါ်ထွက်လာခဲ့ပြီ။ ဒါတွေကို MRTV တို့၊ မြဝတီတို့လို ရုပ်မြင်သံကြားလိုင်းတွေမှာ အကြိမ်ကြိမ် ထုတ်လွှင့်ပြသတယ်။ အစိုးရသတင်းစာတွေမှာ အတိအလင်းဖော်ပြတယ်။ အခြေအနေမှန်ကို နားလည်ပြီး တိုင်းပြည်ကို မထိခိုက်စေလိုတဲ့သူတွေက လူမှုကွန်ရက်တွေကနေ ရှင်းပြတယ်။ အဲဒါတွေကြားနေကြမှာစိုးလို့ ည ၈ နာရီသတင်းလာချိန်မှာ သံပုံးတီးခိုင်းထားတယ်ဗျာ။ သတင်းစာတွေမဖတ်နိုင်အောင် အမျိုးမျိုးတားဆီးထားတယ်ဗျာ။ လူမှုကွန်ရက်မှာ ထောက်ပြသူတွေကိုကျတော့ ရီပို့(Report) ဝိုင်းထုကြသတဲ့ဗျာ။ သဘောကတော့ သတင်းအမှန်ကို သိသွားရင် ပြည်သူတွေ အသိတရားဝင်လာကြမှာ စိုးရိမ်တယ်လေဗျာ။ စီနီယာပြိတ္တာတွေက သူတို့ချည်း ကျန်မှာစိုးလို့ ကျွတ်ချိန်တန်တဲ့ ဂျူနီယာပြိတ္တာတွေကို အမျှဝေသံမကြားနိုင်အောင် ကာဆီးနေကြတာနဲ့ မတူဘူးလားဗျာ"**

"အမလေး ရှင့်ရဲ့ ဥပမာက တော်တော်ကို ပြောင်မြောက်ပါပေတယ်ရှင်။ ပြိတ္တာဖြစ်ရင်တောင် သာဓုမခေါ်နိုင်တဲ့ဘဝတော့ မရောက်ချင်ပါဘူးရှင်"

"အဲဒါဆိုရင် အခုလူ့ဘဝမှာလည်း နားကန်း၊ မျက်မမြင် ပြိတ္တာမလေးမဖြစ်စေနဲ့ မစာဥရဲ့။ သတင်းအမှန်တွေကို များများဖတ်ရတယ်ဗျ။ ဖတ်တဲ့နေရာမှာလည်း တစ်ဖက်ပိတ်မဖြစ်စေနဲ့ပေ့ါဗျာ။ အကြောင်းအရာတစ်ခုကို ဧရာနိုင်အောင် အဘက်ဘက်က ထောင့်စုံအောင် တွေးခေါ်မြော်မြင်ဖို့လည်း လိုတာပေ့ါ။ ဒါမှခင်ဗျား အမှန်နဲ့နီးပြီး သာဓုခေါ်လိုက်လို့ အကုသိုလ်ကြွေးကျေတဲ့ ပြိတ္တာမလေးလို ဘဝကူးကောင်းသွားမပေ့ါဗျာ"

"နိုင်းစရာရှားလို့ ကျွန်မကိုများ ပြိတ္တာနဲ့နှိုင်းရသလား ကိုသံချောင်းရဲ့။ ရှင်ဟာလေ တော်တော်ကို အပေါင်းအသင်း လုပ်ချင်စရာမကောင်းတဲ့ လူမျိုးပဲ။ ရှင်သာ မတော်တဆ ပြိတ္တာဖြစ်ရင် သာဓုမခေါ်နိုင်တဲ့နားကန်းပြိတ္တာဖြစ်ပါစေလို့ ကျွန်မကဆုတောင်းတယ်သိလား"

ပြောပြောဆိုဆိုနှင့်ပင် အပျိုကြီးမစာဥ တစ်ယောက် စိတ်ဆိုးကာ ထွက်ခွာသွားလေသည်။ ထိုညတွင် မစာဥ၏ ဘုရားရှိခိုးသံအဆုံး အမျှဝေသံကို ကြေးစည်သံလေးနှင့် တွဲဖက်ကာ ခပ်ကျယ်ကျယ် ကြားမိသည်။ ကျွတ်ချိန်တန်သည့် ပြိတ္တာများ အားလုံး အမျှဝေသံကိုကြားရအောင် သမ္မာဒေဝနတ်ကောင်းနတ်မြတ်များ ဆောင်ကြဉ်းပေးပါစေဟု ကိုသံချောင်းဆုတောင်းရင်း သာဓု၊ သာဓု၊ သာဓု (ကောင်းလေစွ) ဟူ၍ ဗုဒ္ဓဘာသာဝင်ပီပီ သာဓုခေါ်မိနေလေပြီ။

**"အဲဒါက ပြိတ္တာဘဝမှာပဲ အရေးကြီးတာလားဗျာ။ အခုလက်ရှိ ကျွန်တော်တို့ လူ့ဘဝမှာရော နားပိတ်၊ မျက်စိပိတ်ခြင်းခံထားရပြီး အဆိုးအကောင်းမခွဲခြားတတ်တဲ့ သူတွေဟာ ပြိတ္တာဖြစ်ပြီး အမျှမရ သာဓုမခေါ်နိုင်တဲ့သူတွေလိုပဲဗျ။ နိုင်ငံအတွက် အစိုးရကနေ အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ပေးနေတယ်။ အမှန်တရားတွေဟာ အခု နှစ်လတာအတွင်းမှာ အများကြီးပေါ်ထွက်လာခဲ့ပြီ။ ဒါတွေကို MRTV တို့၊ မြဝတီတို့လို ရုပ်မြင်သံကြားလိုင်းတွေမှာ အကြိမ်ကြိမ်ထုတ်လွှင့်ပြသတယ်။ အစိုးရသတင်းစာတွေမှာ အတိအလင်းဖော်ပြတယ်။ အခြေအနေမှန်ကို နားလည်ပြီး တိုင်းပြည်ကို မထိခိုက်စေလိုတဲ့သူတွေက လူမှုကွန်ရက်တွေကနေ ရှင်းပြတယ်။ အဲဒါတွေကြားနေကြမှာစိုးလို့ ည ၈ နာရီ သတင်းလာချိန်မှာ သံပုံးတီးခိုင်းထားတယ်ဗျာ။ သတင်းစာတွေမဖတ်နိုင်အောင် အမျိုးမျိုးတားဆီးထားတယ်ဗျာ။ လူမှုကွန်ရက်မှာ ထောက်ပြသူတွေကိုကျတော့ ရီပို့(Report) ဝိုင်းထုကြသတဲ့ဗျာ။ သဘောကတော့ သတင်းအမှန်ကို သိသွားရင် ပြည်သူတွေ အသိတရားဝင်လာကြမှာ စိုးရိမ်တယ်လေဗျာ။ စီနီယာပြိတ္တာတွေက သူတို့ချည်း ကျန်မှာစိုးလို့ ကျွတ်ချိန်တန်တဲ့ ဂျူနီယာပြိတ္တာတွေကို အမျှဝေသံမကြားနိုင်အောင် ကာဆီးနေကြတာနဲ့ မတူဘူးလားဗျာ"**

# CDM လှုပ်ရှားမှုမှာပါဝင်အောင် လှုံ့ဆော်နေကြသူအများစုဟာ CDM လှုပ်ရှားမှုကိုအကြောင်းပြပြီး ကိုယ်ကျိုးစီးပွားကို မတရားတဲ့နည်းလမ်းနဲ့ ရှာဖွေနေကြသူတွေသာ ဖြစ်တယ်။

ဦးမင်းမော်(အမည်လွှဲ)

ယနေ့အချိန်ကာလတွင် CDM လှုပ်ရှားမှုများ လျော့နည်းသွားသော်လည်း CDM လှုပ်ရှားမှုများ၏ ဆိုးကျိုးသက်ရောက်မှုများသည် ပြည်သူများ၏ လက်တွေ့ဘဝနယ်ပယ်များတွင် ကျန်ရှိနေဆဲဖြစ်သည်။ ထို့ကြောင့် CDM လှုပ်ရှားမှုကြောင့်ဖြစ်ပေါ်နေသည့် သက်ရောက်မှုအချို့ကို သိရှိနိုင်ရန် တွေ့ဆုံဆက်သွယ်မေးမြန်းရေးသားတင်ပြလိုက်ရပါသည်။

“ဒီနေ့ဖြစ်ပေါ်နေတဲ့ CDM လှုပ်ရှားမှုကို ဆန္ဒနဲ့ဘဝ ရွေးချယ်တဲ့ ဖြစ်ရပ်တစ်ခုလို့မြင်တယ်။ မိသားစုရှေ့ရေးအတွက် လက်တွေ့ဆန်တဲ့ ဘဝကိုပဲ ရွေးချယ်ခဲ့တယ်။ ကျွန်တော့်အိမ်မှာ မိသားစုအပြင် မိဘတွေရော အတူနေထိုင်ကြတယ်။ မိသားစုစားဝတ်နေထိုင်ရေးအတွက် နေပြည်တော်မြို့မဈေးမှာ ကိုယ်ပိုင်ဆံပင်ညှပ်ဆိုင်ဖွင့်ထားပါတယ်။ CDM လှုပ်ရှားမှုတွေမဖြစ်ခင်က ဆိုင်ရဲ့ဝင်ငွေက တစ်ရက်ကို အနည်းဆုံး သုံးသောင်းကနေ အများဆုံး ငါးသောင်းလောက်အထိဝင်ပါတယ်။ အခုတော့ CDM ဆိုတဲ့ လှုပ်ရှားမှုကြောင့် ဆိုင်ရဲ့ဝင်ငွေက တစ်ရက်ကို တစ်သောင်းခွဲလောက်အထိ ကျဆင်းသွားတယ်။ မိသားစုစားဝတ်နေရေးအပါအဝင် ဆိုင်အကူလုပ်အားခတွေအတွက်ပါ ထည့်သွင်းစဉ်းစားလိုက်ရင် တစ်နေ့တာ ဆိုင်ဝင်ငွေဟာ အသုံးစားရိတ်လောက်ငရုံအတွက်ပါပဲ။ အပိုစုဆောင်းနိုင်မယ့်ဝင်ငွေ မရှိလာတော့ဘူးပေါ့။

“ပွင့်ပွင့်လင်းလင်းပြောရမယ်ဆိုရင် CDM အစပိုင်းက ကျွန်တော်လည်းပါဝင်ခဲ့တယ်။ CDM လှုပ်ရှားမှုအစပိုင်းမှာ ဆိုင်မှာ လာရောက်အားပေးတဲ့သူနည်းတယ်။ တစ်နေ့တာ အသုံးစရိတ်အတွက် တော်တော်လေးစဉ်းစားခဲ့ရတယ်။ ဆိုင်ကို အားပေးသူကလည်း နည်းနေတော့ ဆိုင်ကို ဆိုင်အကူတွေနဲ့ထားခဲ့ပြီး ရည်ရွယ်ချက်မရှိဘဲ လွတ်လပ်ပျော်ရွှင်မှုအတွက် CDM လှုပ်ရှားမှုအစပိုင်းမှာ ပါဝင်ခဲ့တယ်ပေါ့။

“မိသားစု စားဝတ်နေရေးအတွက်ကိုလည်း ဆိုင်ဝင်ငွေအဆင်ပြေခဲ့စဉ်က စုဆောင်းထားတဲ့ငွေထဲကပဲ သုံးစွဲခဲ့တယ်။ မိတ်ဆွေအစစ် မိတ်ဆွေအတုဆိုတာ မခွဲခြားနိုင်လောက်အောင်အထိ မိသားစုအတွက်တန်ဖိုးရှိတဲ့အချိန်တွေကို ဖြုန်းမိခဲ့တယ်။ အခြေအမြစ်ကို မသိဘဲ အာပေါင်အာရင်းသန်သန် ပြောမိခဲ့ကြတာတွေဟာ လက်တွေ့ဘဝတွေနဲ့ မနီးစပ်နိုင်ဘူးဆိုတာ သိလာတယ်။ ကြာလာတော့လည်း ဘယ်ခံနိုင်ပါ့မလဲ။ လက်တွေ့ဆန်တဲ့ မိသားစုစားဝတ်နေရေးကို ဦးစားပေးရမယ်ဆိုတာ သိမြင်လာတယ်။ သမီးလေးတစ်ယောက်ရှိတယ်။ သမီးလေးဘဝရှေ့ရေးအတွက် ကြိုးစားရဦးမယ်ဆိုတာကို ထင်ထင်ရှားရှားတွေးမိလာတယ်။ ဒီ CDM လှုပ်ရှားမှုမှာ ငါပါဝင်နေလို့ မိသားစုဘဝရှေ့ရေး ဆက်လက်မလျှောက်လှမ်းနိုင်ဘူးဆိုတာကိုလည်း ကွက်ကွက်ကွင်းကွင်းသိမြင်လာတယ်။ ငါ့မိသားစု၊ ငါ့မိဘ၊ ငါ့သားသမီးအတွက် ငါအချိန်မီပြုပြင်ရမယ်၊ သူများနောက်ကနေ မြောက်ပေးတိုင်း လက်တွေ့ဘဝကို မျက်ကွယ်ပြုလို့မရဘူး၊ မဖြစ်ဘူးဆိုတာ ကောင်းကောင်းကြီးအတွေးဝင်လာပြီး CDM မှာ ပါဝင်ခဲ့မိတဲ့အချိန်ကာလတွေကို နှမြောမိတယ်။ အခုတော့ သိသွားပြီ။ အလုပ်ကိုပဲ အာရုံစိုက်တော့မယ်။ မိသားစုဘဝရှေ့ရေးအတွက်ပဲ စဉ်းစားတော့မယ်။ CDM မှာ ပါဝင်နေတဲ့သူတွေကိုလည်း ဘဝရှေ့ရေးအတွက်၊ လက်တွေ့ဘဝများစွာအတွက် စဉ်းစားကြပါလို့ပြောချင်တယ်။ CDM လှုပ်ရှားမှုမြန်မြန်ပြီးဆုံးပြီး စားဝတ်နေရေးပုံမှန်ဖြစ်စေဖို့ စီးပွားရေးလုပ်ငန်းတွေ အမြန်ဆုံးလည်ပတ်နိုင်ပါစေ” ဟု ဆံပင်ညှပ်ဆိုင်ပိုင်ရှင် ကိုဇော်မင်း (အမည်လွှဲ) ကပြောပြသည်။

“သမီးတို့ညီအစ်မတွေက နယ်မြို့လေးတစ်မြို့ကနေ နေပြည်တော်မှာ အလုပ်လာလုပ်နေကြတာပါ။ သမီးတို့အလုပ်လုပ်နေတဲ့ဆိုင်က CDM လှုပ်ရှားမှုအစပိုင်းမှာ အကြောင်းအမျိုးမျိုးကြောင့် ပိတ်သွားတယ်။ နောက် CDM လှုပ်ရှားမှုတွေရှိပေမယ့် ဆိုင်ပြန်ဖွင့်တယ်။ ဆိုင်က နေ့လယ်စာကျွေးတယ်။ နေစရာအဆောင်ပေးတယ်။ ဒါပေမယ့် လုပ်အားခအပြည့်အဝတော့ မရတော့ဘူး။ CDM လှုပ်ရှားမှုတွေကြောင့် လောလောဆယ် လုပ်အားခအပြည့်အဝမရတဲ့အတွက် ဆိုင်ကိုအပြစ်မပြောလိုပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဆိုင်ရဲ့ဝင်ငွေအခြေအနေကို သမီးတို့လည်း သိနေတဲ့အတွက်ကြောင့်ပါပဲ။

“သမီးတို့ CDM လှုပ်ရှားမှုမှာ မပါဝင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သမီးတို့ နေပြည်တော်ကို တက်လာကတည်းက နယ်မြို့မှာ ကျန်နေခဲ့တဲ့ သမီးတို့ရဲ့ မိဘတွေကို အလုပ်အကျွေးပြုနိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့လာခဲ့ကြတာ။ CDM ပါဝင်လို့ သမီးတို့ဘဝတွေ အမြဲတမ်းအဆင်ပြေသွားမှာလား၊ ဘဝအတွက် အာမခံချက်မရှိတဲ့ CDM လှုပ်ရှားမှုတွေကို မပါဝင်နိုင်ပါဘူး၊ CDM လှုပ်ရှားမှုတွေ မြန်မြန်ပြီးဆုံးပြီး ဆိုင်လုပ်ငန်း ပုံမှန်လည်ပတ်နိုင်ပါရစေ” ဟု နေပြည်တော်သပြေကုန်းကွန်ပျူတာပစ္စည်းအရောင်းဆိုင်မှ အရောင်းစာရေး မနွဲ့နွဲ့ဝင်း (အမည်လွှဲ) က ရှင်းပြသည်။

CDM လှုပ်ရှားမှုကြောင့် ပုံမှန်ဝင်ငွေထိခိုက်ဆုံးရှုံးနေရသူ အငြိမ်းစားဝန်ထမ်းတစ်ဦး၏ စကားသံများကိုလည်း ကြားသိနိုင်မည်ဖြစ်သည်။

“ကျွန်တော်က တပ်မတော်ကနေ အငြိမ်းစားယူခဲ့သူတစ်ဦးဖြစ်ပါတယ်။ အမျိုးသမီးက ဌာနဆိုင်ရာဝန်ထမ်းဖြစ်တဲ့အတွက် နေပြည်တော် ဝန်ထမ်းအိမ်ရာမှာ ပြောင်းရွှေ့နေထိုင်ကြပါတယ်။ ကျွန်တော်တို့ဘဝတစ်လျှောက်လုံး စည်းကမ်းဘောင်အတွင်းမှာ နေထိုင်ခဲ့ကြတဲ့အတွက် ပြင်ပဘေးအန္တရာယ်ကင်းကင်း နေထိုင်နိုင်ခဲ့ကြတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ သားသမီးမရှိပါဘူး။ အပိုဝင်ငွေလေးရအောင် အငှားကားမောင်းပါတယ်။ CDM လှုပ်ရှားမှုဖြစ်နေတော့ ခရီးသွားလာမှုနည်းသွားတဲ့အတွက် ဝင်ငွေက အရင်လိုမကောင်းတော့ဘူး။ အငှားကားမောင်းနေတာဖြစ်တဲ့အတွက် နေပြည်တော်ရဲ့ နေရာတိုင်းနီးပါး ရောက်ဖြစ်ပါတယ်။ ခရီးသည်တွေကို ကားမောင်းပို့ရင်း ဆန္ဒပြလှုပ်ရှားမှုတွေဖြစ်တဲ့ နေရာတော်တော်များများကို ဖြတ်သန်းကြည့်ရှုခဲ့ဖူးတယ်။

“ပြောချင်တာက ကားမောင်းရင်း ဆန္ဒပြလှုပ်ရှားမှုတွေကို ကြည့်မိတဲ့အခါ ပါဝင်တဲ့သူအချို့ဟာ သားသမီးအရွယ်လူငယ်တွေဖြစ်နေကြတာကို တွေ့မြင်ရတယ်။ လူငယ်လူရွယ်တွေဆိုတာ မိသားစုတစ်စုရဲ့ မျှော်လင့်ချက်၊ တိုင်းပြည်ရဲ့ မျှော်လင့်ချက်၊ အနာဂတ်နိုင်ငံတော်ရဲ့ မျှော်လင့်ခြင်းအလင်းရောင်တွေပါ။ ဒါကြောင့် လူငယ်လူရွယ်တွေကို မသမာသူတွေ၊ ကိုယ်ကျိုးရှာအတ္တသမားတွေကြောင့် လမ်းမှားကို မရောက်စေချင်ဘူး။ အယူအဆအလွဲတွေ၊ တွေးခေါ်မှု မှားယွင်းတာတွေမဖြစ်စေချင်ဘူး။ လက်ဦးဆရာတွေဖြစ်တဲ့ မိဘတွေ၊ ဆရာသမားတွေအနေနဲ့ လူငယ်တွေရဲ့နှလုံးသားနဲ့ ဦးနှောက်တွေမှာ မှန်ကန်တဲ့အတွေးအခေါ် အယူအဆတွေ ထာဝစဉ်ကိန်းအောင်းနေအောင် လေ့ကျင့်သင်ကြားဆုံးမသွန်သင်ပေးကြရမယ်။ ဘာဖြစ်လို့လဲဆိုတော့ လူငယ်ဆိုတာ အတုမြင်အတတ်သင်ချင်ကြတယ်။ စမ်းသပ်ချင်ကြတယ်။ သင်လွယ် တတ်လွယ်ကြတဲ့အရွယ်တွေ၊ ဦးနှောက်ဖွံ့ဖြိုးမှု အမြင့်မားဆုံးအရွယ်တွေဖြစ်နေကြလို့ပါပဲ” ဟု နေပြည်တော် ကုံကော်အိမ်ရာနေ အငြိမ်းစားဝန်ထမ်း ဦးကြည်မြင့်က ပြောပြသည်။

အလားတူ CDM လှုပ်ရှားမှုတွင် ပါဝင်ခြင်းမရှိသည့် နိုင်ငံ့ဝန်ထမ်းတစ်ဦး၏ရင်တွင်းစကားသံများကိုလည်း လေ့လာနိုင်မည်ဖြစ်သည်။

“CDM မှာပါဝင်တယ်၊ မပါဝင်ဘူးဆိုတာ သူတို့ရဲ့ ယုံကြည်ချက် ခံယူမှုတွေပါ။ CDM ပါဝင်ကြတဲ့သူတွေအနေနဲ့ CDM မှာ ပါဝင်တာဟာ မိမိရဲ့အမှန်တကယ်ယုံကြည်ချက်၊ ခံယူချက်ဖြစ်ပါသလား။ တကယ်ပဲ CDM မှာ ပါဝင်သင့်သလားဆိုတာ မိမိကိုယ်မိမိ ပြန်လည်ဆန်းစစ်ကြစေလိုပါတယ်။ CDM လှုပ်ရှားမှုဆိုတာ နိုင်ငံရေးလှုပ်ရှားမှု တစ်မျိုးတစ်ဘာသာဖြစ်တဲ့အတွက် နိုင်ငံရေးအသိပညာတွေ ဘယ်အတိုင်းအတာအထိ သိရှိနားလည်နေပြီလဲ ဆိုတာကိုပါ စေ့စေ့တွေးကြည့်စေချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံရေးကို အကြောင်းပြ လုပ်စားနေကြသူအချို့ရဲ့ လုပ်ရပ်တွေကို သိမြင်စေချင်လို့ပါပဲ။

“CDM လှုပ်ရှားမှုမှာ ပါဝင်ကြတဲ့သူတွေအတွက် ပြည်တွင်းပြည်ပက အလှူရှင်တွေရဲ့ အလှူငွေတွေရှိကြမှာပါ။ လူမှုကွန်ရက်စာမျက်နှာအချို့မှာ အလှူငွေတွေနဲ့ပတ်သက်လို့ အလွဲသုံးစားမှုတွေကို သိသွားကြတဲ့အလှူရှင်တွေက ပြန်လည်တောင်းဆိုနေကြတာတွေကို တွေ့မြင်ကြရမှာပါ။ CDM လှုပ်ရှားမှုမှာ ပါဝင်အောင် လှုံ့ဆော်နေကြသူတွေဟာ အမှန်တကယ်ပဲ CDM လှုပ်ရှားမှုတိုင်းမှာ ဦးဆောင်ပါဝင်နေကြပါသလား။ လှုံ့ဆော်သူတွေရဲ့ သားသမီးဆွေမျိုးတွေရော CDM ပါဝင်ကြရဲ့လားဆိုတာတွေကိုလည်း သတိမူမိစေချင်ပါတယ်။ CDM လှုပ်ရှားမှုမှာ ပါဝင်အောင် လှုံ့ဆော်နေကြသူအများစုဟာ နောက်ကွယ်ကနေ သွေးထိုးနေကြသူတွေသာဖြစ်ပါတယ်။ ပုဆိုးခြုံထဲက လက်သီးပြနေကြသူတွေသာ ဖြစ်ပါတယ်။ CDM လှုပ်ရှားမှုကို အကြောင်းပြပြီး ကိုယ်ကျိုးစီးပွားကို မတရားတဲ့နည်းလမ်းနဲ့ ရှာဖွေနေကြသူတွေသာ ဖြစ်တယ်။ အဲဒီလိုလူတွေရဲ့ သွေးထိုးလှုံ့ဆော်မှုတွေ၊ စည်းရုံးပြောဆိုမှုတွေအောက်မှာ ဟုတ်လိမ့်နိုးနိုးနဲ့ လိုက်ပါမသွားစေချင်ဘူး။

“CDM မှာ ပါဝင်ဖို့ လှုံ့ဆော်နေကြတဲ့ သူတွေကို ခွဲခြမ်းလေ့လာကြည့်ရင် (၁) ပြည်ပမှာ ရောက်ရှိနေထိုင်နေကြတဲ့သူတွေ၊ (၂) အဆက်အသွယ်နဲ့ CDM လုပ်လို့ ငွေကြေးအထောက်အပံ့ရထားသူတွေ (၃) သူတို့အတွက်အန္တရာယ်မရှိနိုင်ဘူးလို့ ယူဆနေကြတဲ့ အငြိမ်းစားဝန်ထမ်းအချို့ (၄) ဝန်ထမ်းမလုပ်ရရင်လည်း ဘာမှမဖြစ်ဘူး၊ အိမ်ပြန်ရင် စားစရာ နေစရာ မပူပင်ရဘူးဆိုတဲ့သူတွေ (၅) စားဝတ်နေရေး အဆင်သင့် အဆင်ပြေပြေရှိနေပြီးသူတွေနဲ့ (၆) အကြောင်းအမျိုးမျိုးကြောင့် ဝန်ထမ်းဘဝကို စွန့်လွှတ်ခဲ့ရသူတွေဆိုပြီး အကြမ်းဖျင်းတွေ့ရှိရမှာဖြစ်ပါတယ်။ အဲဒါကို ငြင်းဆိုနိုင်ပါသလား။ ပြောချင်တာက မတူရင် မတုတာ အကောင်းဆုံးပါပဲ။ ကောင်းခြင်းဆိုတဲ့ အပြုသဘောကို တုပတာ အပြစ်မဖြစ်နိုင်ပေမယ့် ဆိုးခြင်းဆိုတဲ့အဖျက်သဘောကို တုပမိရင်တော့ အလွန်အန္တရာယ်များလွန်းလှပါတယ်။

“ဌာနတစ်ခုမှာ စားဝတ်နေရေးပူပင်စရာမရှိတဲ့ ဝန်ထမ်းတစ်ဦးနဲ့အတူ CDM လှုပ်ရှားမှု အစောပိုင်းမှာပါဝင်ခဲ့တဲ့ ဝန်ထမ်းတစ်ဦးရှိပါတယ်။ သူဆိုရင် မိဘနဲ့မောင်နှမတွေကို တစ်စိတ်တစ်ပိုင်းရှာဖွေကျွေးမွေးနေသူတစ်ဦးဖြစ်ပါတယ်။ အစကတော့ ဟိတ်ဟန်တစ်ခွဲသားနဲ့ CDM လုပ်တယ်ကွလို့ ကြွေးကြော်ခဲ့ပေမယ့် အသိပညာပေးဆောင်းပါးတွေ၊ စာစောင်တွေဖတ်မိလို့လား၊ လက်တွေ့ဘဝကိုပဲ သုံးသပ်ဆင်ခြင်မိလို့လားမသိဘူး ရုံးပြန်တက်နေတာကို မြင်တွေ့ရတယ်။ CDM မှာ မပါဝင်ကြတဲ့ အတူတာဝန်ထမ်းဆောင်ခဲ့ကြဖူးတဲ့ ဘဝတူရုံးဝန်ထမ်း မိတ်ဆွေတွေက အပေါင်းလက္ခဏာဆောင်လို့ ပြုံးရွှင်စွာ ပြန်လည်ကြိုဆိုတဲ့ မြင်ကွင်းကိုလည်း တွေ့ရတယ်။ ဝန်ထမ်းဆိုတာ နိုင်ငံတော်အတွက်၊ ပြည်သူ့အတွက်၊ ပါတီစွဲ ၊ ပုဂ္ဂိုလ်စွဲ ၊ ဂိုဏ်းဂဏစွဲ ကင်းရှင်းစွာ ပြည်သူ့ဝန်ကို ထမ်းဆောင်ပေးကြရမှာဖြစ်ပါတယ်။ သေးသိမ်ကျဉ်းမြောင်းတဲ့ နိုင်ငံရေးအတွေးအခေါ်တွေကို မလေ့လာစေချင်ဘူး၊ မသိစေချင်ဘူး၊ နားမယောင်မိစေချင်ဘူး။ ၂၁ ရာစုမှာ ကမ္ဘာကြီးဟာ ရွာလေးတစ်ရွာလို ကျဉ်းမြောင်းသွားပြီလို့ဆိုတဲ့တိုင်း အသိပညာဗဟုသုတတွေ ကြွယ်ဝအောင် လေ့လာဆည်းပူးကြရပါမယ်။ ဒါမှသာ အကောင်းနဲ့အဆိုး၊ အကျိုးနဲ့အပြစ်၊ အတ္တနဲ့ပရ၊ မှန်နဲ့အမှား၊ လုပ်သင့်၏ မလုပ်သင့်၏ ဆိုတာတွေကို ပိုင်းခြားသိမြင်နိုင်မှာဖြစ်ပါတယ်။” ဟု CDM လှုပ်ရှားမှုတွင် ပါဝင်ခြင်းမရှိသည့် နိုင်ငံ့ဝန်ထမ်း ဦးမင်းမော် (အမည်လွှဲ) က ရှင်းပြသည်။

ထို့အတူ CDM လှုပ်ရှားမှုတွင်မပါဝင်ဘဲ ကျန်းမာရေးကဏ္ဍနှင့် ဆက်စပ်ပတ်သက်နေကြသူများ၏ ရင်တွင်းစကားဖွင့်ဟချက်များကိုလည်း ကြားသိနိုင်ကြမည်ဖြစ်သည်။

“ကျန်းမာရေးဝန်ထမ်းတစ်ဦးဖြစ်တဲ့ ကျွန်မ CDM လှုပ်ရှားမှုမှာ မပါဝင်ခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံတော်ကအကုန်အကျခံ လေ့ကျင့်သင်ကြားပေးထားတဲ့ဆေးပညာနဲ့ ပြည်သူတွေကို ကျန်းမာရေးစောင့်ရှောက်မှုပေးချင်လို့ပါပဲ။ ဒါကျွန်မရဲ့ယုံကြည်ချက်၊ ခံယူချက်ပါ။ ကျွန်မရဲ့ဝါသနာလို့လည်း ပြောလို့ရပါတယ်။

“CDM လှုပ်ရှားမှုအစပိုင်းကတည်းက ကျွန်မနဲ့ဘဝတူဆရာမတွေက ပါဝင်ဖို့စည်းရုံးခဲ့ပေမယ့် ကျွန်မရဲ့ ယုံကြည်ချက်၊ ခံယူချက်ကို ရှင်းလင်းစွာပဲ ပြန်လည်ပြောပြခဲ့တယ်။ သဘောထားချင်း မတိုက်ဆိုင်လို့ အတူတာဝန်ထမ်းဆောင်တဲ့ သူငယ်ချင်းတွေက မခေါ်နိုင်မပြောနိုင်ဖြစ်ကြပါတယ်။ နိုင်ငံအတွက် ပြည်သူ့အတွက်ဆိုတဲ့ အသိပညာကို ဦးနှောက်ထဲ ထည့်လိုက်တဲ့အခါ သူတို့ရဲ့ အပြုအမူ အပြောအဆိုတွေဟာ လေထဲမှာပဲလွင့်ပျောက်သွားခဲ့ပါတယ်။

“ဌာနတာဝန်ခံဆရာဝန်အချို့ CDM လှုပ်ရှားမှုမှာ ပါဝင်တယ်ဆိုပြီး ဆေးရုံကိုမလာကြပါဘူး။ ဆရာတွေ CDM မှာပါဝင်တယ်၊ မပါဝင်ဘူးဆိုတာ ဆရာတွေရဲ့ ခံယူချက်ပါ။ ခံစားနေရတာက CDM မှာ မပါဝင်တဲ့ဆရာမတွေ ငါတို့ဆေးရုံမှာ ပြန်လည်တာဝန်ထမ်းဆောင်တဲ့နေ့ရောက်ရင် နင်တို့ကို နေ့တိုင်းဆဲမယ်။ အလုပ်မရှိ အလုပ်ရှာခိုင်းမယ်ဆိုပြီး သူတို့ Facebook စာမျက်နှာတွေမှာ ရေးသားကြတယ်။ အဲဒါကို CDM မှာ ပါဝင်လှုပ်ရှားနေကြတဲ့ သူငယ်ချင်းတွေက အရင်တုန်းကဖွဲ့ထားတဲ့ Facebook Group ထဲမှာ ကူးယူဖော်ပြခြိမ်းခြောက်ကြတယ်။ CDM မှာပါဝင်ခြင်းမရှိတဲ့ ကျွန်မတို့ ပုံတွေနဲ့ Facebook မှာ အမျိုးမျိုးရေးသား စော်ကားဖော်ပြနေကြတယ်။ ပိုဆိုးတာက CDM မလုပ်တဲ့ ကျွန်မတို့ရဲ့ ပုံတွေကို ဗီနိုင်းထုတ်ပြီး ဆေးရုံဝန်းကျင်မှာ ချိတ်ထားကြတယ်။ အသိမိတ်ဆွေတွေကို အကူအညီတောင်းပြီး အကြိမ်ကြိမ်ဖြုတ်ခိုင်းနေရတယ်။ CDM မလုပ်တဲ့တာဝန်ရှိသူတွေကလည်း မတိုင်စေချင်ဘူးထင်တယ်။ နေထိုင်လုပ်ကိုင်ရတာ ခက်ခဲတယ်လို့ ပြောရမယ်။

“ဆေးရုံမှာ CDM အစောပိုင်းကာလမှာရော လက်ရှိကာလမှာပါ လာရောက်ဆေးကုသမှုခံယူနေကြသူတွေရှိပါတယ်။ ထူးခြားတာက CDM ထဲမှာ ပါဝင်ခဲ့ကြတဲ့ အမျိုးသမီးတွေလည်း ဆေးကုသမှုခံယူဖို့လာကြတယ်။ ဆရာမအင်အားနည်းပေမယ့် CDM လှုပ်ရှားမှုမှာ မပါဝင်ကြတဲ့ ဆရာမတွေက လေ့ကျင့်သင်ကြားထားတဲ့ ကျန်းမာရေးအတတ်ပညာနဲ့

စာမျက်နှာ ၁၇ သို့ ❊

# "၀" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

မက်မန်း ဧပြီ ၁

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၁၁၄၆ သန်းဖြင့် "၀" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ မက်မန်းမြို့နယ်အတွင်းရှိ နမ့်ကျုတ် - ပန်ကောက်-ရောင်ပန်ကျေးရွာချင်းဆက်လမ်း ၁၂ မိုင်အနက် ၅ မိုင် ၄ ဖာလုံ မြေသားလမ်း ဖောက်လုပ်ခြင်း၊ မက်မန်း - အေးကျန့် - ကန်န လမ်း ၁၀ မိုင်အနက် ၁ မိုင် အပြီးသတ် ကျောက်ခင်းခြင်း၊ မက်မန်းမြို့ရှောင်လမ်း ၂ မိုင် ၄ ဖာလုံအနက် ၁ မိုင် ၄ ဖာလုံ အပြီးသတ် ကျောက်ခင်းခြင်း၊ မွတ်နိုး-ကောင်းလန်း ကျေးရွာချင်းဆက်လမ်း ၅ မိုင် ၇ ဖာလုံအနက် ၇ ဖာလုံ အပြီးသတ်ကျောက်ခင်းခြင်း၊ ရောင်အူ-ရောင်ကွန် ကျေးရွာချင်းဆက်လမ်း ၇ မိုင်အနက် ၂ မိုင် ၄ ဖာလုံ ကျောက်ခင်းခြင်းလုပ်ငန်းတို့အား သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးအောင်တင်ကျော်၊ ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ (ကျိုင်းတုံ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသီဟဇော်နှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ လမ်းပိုင်းများဆောင်ရွက်ပြီးစီးပါက မက်မန်းမြို့နယ်အတွင်းရှိ ကျေးရွာ ၁၃ ရွာ၊ အိမ်ခြေ ၄၂၀၆ အိမ်၊ လူဦးရေ ၂၀၄၃၂ ဦးတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း သိရသည်။

ငွေကြယ်

## ညောင်ရွှေမြို့နယ် သမဝါယမအသင်းစု လီမိတက်မှ ဆန်များ ဖြန့်ဖြူးရောင်းချ

နေပြည်တော် ဧပြီ ၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်သမဝါယမအသင်းစုလီမိတက်မှ သမဝါယမအသင်းသားများနှင့် ဒေသခံပြည်သူများသို့ အဟောင်းပေး/အသစ်ယူစနစ်ဖြင့် ဆန်များဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် ဆလတ်ကြီးဆန် အိတ် ၂၅၀၊ ဖျာပုံ ပေါ်ဆန်းမွှေး ၃၇ အိတ်နှင့် မတ်လတွင် ဆလတ်ကြီးဆန် အိတ် ၃၀၀၊ ဖျာပုံပေါ်ဆန်းမွှေး အိတ် ၄၅ စုစုပေါင်းတန်ဖိုးငွေကျပ် ၂၁၀၉၅၅၀၀ ကို ဖြန့်ဖြူးရောင်းချပေးနိုင်ခဲ့ပြီး အသင်းသားများသို့ အခြားသော စားသောက်ကုန်များဖြစ်သည့် ကြက်သွန်နီနှင့် ဆီများကိုလည်း သမဝါယမအသင်းအချင်းချင်း ချိတ်ဆက်၍ သင့်တင့်သောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီးရှိ စည်ပင်သာယာ ဈေးများ၊ လက်ကားဈေးကြီးများ၊ Super Market များ၊ ကုန်တိုက်ကြီးများ၊ ပလာဇာများ ဖွင့်လှစ်ရောင်းချလျက်ရှိရာ တာမွေမြို့နယ်၊ ဒဂုံညွှန့်ဈေးတွင် ဈေးရောင်း ဈေးဝယ်များဖြင့် ပုံမှန်လည်ပတ်လျက်ရှိသည်ကို ဧပြီ ၁ ရက်က တွေ့ရစဉ်။

သတင်းစဉ်

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒီးဗလေ့ဂျ် ဂျာနယ် ထွက်ရှိ



၁-၄-၂၀၂၂ ရက်နေ့ထုတ် အတွဲ(၁၈)၊ အမှတ်(၇)တွင်
- တပေါင်းလနှင့် မြန်မာတို့၏ ချစ်စရာဓလေ့
- နွေစပါးဆို ရေကိုချွေတာပါ လိုအပ်မှသွင်းပါ
- ကြက်သွန်နီစိုက်ပျိုးရေးနှင့် အသုံးဝင်ပုံ
- ရေရှည်အကျိုးစီးပွားဖြစ်ထွန်းနိုင်သည့် သရက်စိုက်ပျိုးရေး
- ရေချိုပုစွန်တုပ်မွေးမြူရေးအကြောင်း သိကောင်းစရာ
- ဆိတ်များတွင် အဖြစ်များသော ဝဲနှဲခြင်းရောဂါအကြောင်း
- ခေါင်းကိုက်ခြင်းနှင့် အစားအစာ
- လေထုညစ်ညမ်းမှုနှင့် ရင်ကျပ်ရောဂါ အပါအဝင် စိုက်ပျိုးရေး မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသစုံလင်စွာဖြင့် ထွက်ရှိပြီ ဖြစ်ပါသည်။

တစ်စောင် (၂၀၀) ကျပ်
အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။
DKY Journal

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် ဧပြီ ၁

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

# ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အခြေခံ၍ ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁)ရက်နေ့တွင်ရှိသော မြန်မာနိုင်ငံ၏ ခန့်မှန်းလူဦးရေစာရင်း ထုတ်ပြန်

နေပြည်တော် ဧပြီ ၁

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အား ဦးစီးဌာနသည် နိုင်ငံတော်အစိုးရနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ နိုင်ငံတော်၏မူဝါဒများ၊ စီမံကိန်းများ ရေးဆွဲချမှတ်ရာတွင် အခြေခံအသုံးပြုနိုင်ရေးအတွက် မြန်မာနိုင်ငံ၏ နှစ်အလိုက် ခန့်မှန်းလူဦးရေစာရင်းအား နှစ်စဉ်ထုတ်ပြန်ပေးလျက်ရှိသည်။

၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းမှ ကောက်ယူရရှိသော လူဦးရေကိုအခြေခံ၍ ခန့်မှန်းတွက်ချက်မှုများအရ ၂၀၂၁-၂၀၂၂ ခုနှစ်ဘဏ္ဍာရေးနှစ်၏ နှစ်လယ်ဖြစ်သော ၂၀၂၂ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့တွင်ရှိသည့် မြန်မာနိုင်ငံ၏ခန့်မှန်းလူဦးရေမှာ (၅၅.၀) သန်းဖြစ်ပြီး အဆိုပါနေ့ရက်တွင်ရှိသော တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခန့်မှန်းလူဦးရေစာရင်းမှာ အောက်ပါအတိုင်းဖြစ်ကြောင်း ပြည်သူ့အင်အားဦးစီးဌာနမှ ထုတ်ပြန်ထားသည်-

| တိုင်းဒေသကြီး/ ပြည်နယ် | (၁-၄-၂၀၂၂) ရက်ရှိ ခန့်မှန်းလူဦးရေ (သန်းပေါင်း) | | |
|---|---|---|---|
| | ကျား | မ | စုစုပေါင်း |
| ကချင်ပြည်နယ် | ၁.၀ | ၁.၀ | ၂.၀ |
| ကယားပြည်နယ် | ၀.၂ | ၀.၁ | ၀.၃ |
| ကရင်ပြည်နယ် | ၀.၈ | ၀.၈ | ၁.၆ |
| ချင်းပြည်နယ် | ၀.၃ | ၀.၂ | ၀.၅ |
| စစ်ကိုင်းတိုင်းဒေသကြီး | ၂.၆ | ၃.၀ | ၅.၆ |
| တနင်္သာရီတိုင်းဒေသကြီး | ၀.၇ | ၀.၈ | ၁.၅ |
| ပဲခူးတိုင်းဒေသကြီး | ၂.၄ | ၂.၆ | ၅.၀ |
| မကွေးတိုင်းဒေသကြီး | ၁.၈ | ၂.၁ | ၃.၉ |
| မန္တလေးတိုင်းဒေသကြီး | ၃.၁ | ၃.၅ | ၆.၆ |
| မွန်ပြည်နယ် | ၀.၉ | ၁.၁ | ၂.၀ |
| ရခိုင်ပြည်နယ် | ၁.၆ | ၁.၈ | ၃.၄ |
| ရန်ကုန်တိုင်းဒေသကြီး | ၄.၁ | ၄.၅ | ၈.၆ |
| ရှမ်းပြည်နယ် | ၃.၂ | ၃.၃ | ၆.၅ |
| ဧရာဝတီတိုင်းဒေသကြီး | ၃.၀ | ၃.၂ | ၆.၂ |
| နေပြည်တော်ကောင်စီနယ်မြေ | ၀.၆ | ၀.၇ | ၁.၃ |
| စုစုပေါင်းခန့်မှန်းလူဦးရေ | ၂၆.၃ | ၂၈.၇ | ၅၅.၀ |

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လှေလှော်စို့

※ စာမျက်နှာ ၁၆ မှ

ငွေကြေးအင်အားချို့တဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်နေတဲ့ ဆေးရုံကိုရောက်လာကြတဲ့ လူနာတွေကို အစွမ်းကုန်စောင့်ရှောက်မှုပေးကြပါတယ်။ ဆရာမတို့ကို ကျေးဇူးတင်ပါတယ် ဆိုတဲ့ လူနာအချို့ရဲ့စကားသံတွေကြောင့် CDM မလုပ်တဲ့ ဆရာမတွေ ဝမ်းသာပီတိမျက်ရည်တွေကျတာကိုလည်းမြင်တွေ့ရပါတယ်" ဟု အိန္ဒိယ - မြန်မာချစ်ကြည်ရေးဆေးရုံကြီး မိခင်နှင့် ကလေးစောင့်ရှောက်ရေးဆေးရုံ ခုတင် -၂၀၀ မှ သားဖွားဆရာမ ဒေါ်အိအိ ( အမည်လွှဲ ) က သူ၏ ခံစားချက်များကို ရင်ဖွင့်စကားဆိုသည်။

" ကျွန်မသားလေးက ငါးနှစ်လောက်အရွယ်ကတည်းက ကင်ဆာဆေးသွင်းနေရတဲ့သူပါ။ ဆေးသွင်းရမယ့်ရက်ရောက်လို့ ဆေးရုံသွားတာ တာဝန်ရှိတဲ့သူမရှိလို့ဆိုပြီး ဆေးမသွင်းခဲ့ရပါဘူး။ စုဆောင်းထားတဲ့ပိုက်ဆံနဲ့ ပြင်ပဆေးရုံတွေမှာ ဆေးကုသမှုခံယူဖို့ဆိုတာကလည်း ပုဂ္ဂလိကဘဏ်စာအုပ်ဆိုတော့ ထုတ်မရသေးဘူး ဖြစ်နေတယ်။ ကျွန်မသားလေးအတွက် စိတ်ဆင်းရဲနေရတယ်။ CDM လှုပ်ရှားမှုတွေကြောင့် ဆေးမကုသနိုင်ဘဲ မသေသင့်ဘဲ သေသွားမှာစိုးရိမ်မိတယ်။ CDM လှုပ်ရှားမှုတွေ အမြန်ဆုံးပြီးဆုံးပါစေ။ ကျွန်မသားလေး အသက်ဆက်လက်ရှင်သန်ပါရစေ" ဟု နေပြည်တော် ရွှေကြာပင်ရပ်ကွက်နေ မသောင်းတင် (အမည်လွှဲ) က ပြောပြသည်။

CDM လှုပ်ရှားမှုများကြောင့် ထိခိုက်နစ်နာမှုများစွာရှိမည်ဖြစ်သည်။ ကိုယ်စိတ်နှစ်ပါး ဆုံးရှုံးမှုများစွာလည်း ဖြစ်ပေါ်နိုင်ပေသည်။ CDM လှုပ်ရှားမှုများကို ပုံစံသွင်းဖော်ဆောင်ကြသူများအနေဖြင့် ပြည်သူလူထုကို အမှန်တကယ်ကိုယ်စားပြုချစ်မြတ်နိုးပါလျှင် ပြည်သူအများစု၏ ရင်တွင်းဆန္ဒများကို ဂရုပြုသတိမူခြင်းဖြင့် ပြည်သူလူထုအပေါ် ကိုယ်ချင်းစာတရား ပွားများထားရှိကြစေလိုပါကြောင်း။

**ကိုမေတ္တာ(နေပြည်တော်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲ လက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ကြိမ် နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် မဲရုံပေါင်း ၁၀၀ ရုံ | ၁၁၈၃၃၆ | ၇၆၂၄၀ | ၈၂၂၉ | ၈၇၆ | ၁၂၇၃၀ |
| ၂ | မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် မဲရုံပေါင်း ၂၀၀ ရုံ | ၁၅၈၄၉၃ | ၁၅၅၀၅၈ | ၁၅၆၁၈ | ၁၂၄၆ | ၁၇၆၁၀ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်တို့၏ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်အခြေအနေများကိုလည်း သက်ဆိုင်ရာမြို့နယ်အလိုက် ယခင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၂ မြို့နယ်တွင် မဲရုံပေါင်း ၃၀၀၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၃၁၆၆၉၅ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၂၁၈၀၃၄၊ ကျန်ရှိရမည့်အရေအတွက်မှာ ၉၈၆၆၁၊ မြေပြင်လက်ကျန် ၉၀၂၄၉ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်း ပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက်မှာ ၉၂၇၄ ဖြစ်ပြီး အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၈၆၂ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ဘုတလင်မြို့နယ် | ၁၀၀ | ၁၃၅၃၇၂ | ၈၄၅၈၉ | ၅၀၇၈၃ | ၄၅၅၁၉ | ၅၉၈၄ | ၇၂၀ |
| ၂ | မြစ်သားမြို့နယ် | ၂၀၀ | ၁၈၁၃၂၃ | ၁၃၃၄၄၅ | ၄၇၈၇၈ | ၄၄၇၃၀ | ၃၂၉၀ | ၁၄၂ |
| | စုစုပေါင်း | ၃၀၀ | ၃၁၆၆၉၅ | ၂၁၈၀၃၄ | ၉၈၆၆၁ | ၉၀၂၄၉ | ၉၂၇၄ | ၈၆၂ |

ဘုတလင်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၅။ မြေပြင်စစ်ဆေးချက်များအရ စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်တွင် ရပ်ကွက် ၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၄ အုပ်စု၊ မဲရုံပေါင်း ၁၀၀ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၁၃၅၃၇၂ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၈၄၅၈၉၊ ကျန်ရှိရမည့်အရေအတွက်မှာ ၅၀၇၈၃ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၄၅၅၁၉ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၂၅၉၀၃ | ၈၄၁၉၈ | ၄၁၇၀၅ | ၃၆၄၄၁ | ၅၉၈၄ | ၇၂၀ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၃၉၁ | ၃၉၁ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၉၀၇၈ | | ၉၀၇၈ | ၉၀၇၈ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၃၅၃၇၂ | ၈၄၅၈၉ | ၅၀၇၈၃ | ၄၅၅၁၉ | ၅၉၈၄ | ၇၂၀ |


၆။ ဘုတလင်မြို့နယ်၊ ရပ်ကွက် ၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၄ အုပ်စုရှိ မဲရုံ ၁၀၀ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၅၉၈၄ ပျောက်ဆုံးနေပြီး မဲလက်မှတ် ၇၂၀ အပိုတွေ့ရှိရပါသည်။

၇။ ဘုတလင်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ခုံမင်းကြီးရပ်ကွက် | ၁၅၅၀ | ၁၀၇၅ | ၄၇၅ | ၃၂၅ | ၁၅၀ | |
| ၂ | လွှဲတဲကျေးရွာအုပ်စု | ၂၁၀၀ | ၁၅၅၀ | ၅၅၀ | ၅၄၄ | ၆ | |
| ၃ | စီပါကျေးရွာအုပ်စု | ၃၄၅၀ | ၂၃၆၀ | ၁၀၉၀ | ၉၄၀ | ၁၅၀ | |
| ၄ | မောင်းထောင်ကျေးရွာအုပ်စု | ၄၈၀၀ | ၃၅၈၂ | ၁၂၁၈ | ၁၀၉၈ | ၁၂၀ | |
| ၅ | ဝက်လူးအိုင်ကျေးရွာအုပ်စု | ၂၆၅၀ | ၁၄၀၄ | ၁၂၄၆ | ၁၀၉၆ | ၁၅၀ | |
| ၆ | ရွာသစ်ရွှေလက်ကျေးရွာအုပ်စု | ၂၀၀၀ | ၁၅၅၉ | ၄၄၁ | ၉၁ | ၃၅၀ | |
| ၇ | တောင်ကုန်းကျေးရွာအုပ်စု | ၁၁၀၀ | ၇၈၁ | ၃၁၉ | ၃၂၀ | | ၁ |
| ၈ | ဆယ်ဝကျေးရွာအုပ်စု | ၁၃၀၀ | ၉၆၉ | ၃၃၁ | ၃၃၁ | | |
| ၉ | ဝွေးပင်ကျင်းကျေးရွာအုပ်စု | ၂၃၀၀ | ၁၈၁၇ | ၄၈၃ | ၅၃၂ | | ၄၉ |
| ၁၀ | သခွတ္တနယ်ကျေးရွာအုပ်စု | ၂၅၀၀ | ၁၅၆၀ | ၉၄၀ | ၃၄၀ | ၆၀၀ | |
| ၁၁ | ကူတော်ကျေးရွာအုပ်စု | ၂၈၀၀ | ၁၉၂၅ | ၈၇၅ | ၈၂၅ | ၅၀ | |
| ၁၂ | ကျောင်းကျေးရွာအုပ်စု | ၁၀၅၀ | ၆၆၉ | ၃၈၁ | ၈၁ | ၃၀၀ | |
| ၁၃ | ငါးရေဝင်ကျေးရွာအုပ်စု | ၉၅၀ | ၅၈၅ | ၃၆၅ | ၃၆၅ | | |
| ၁၄ | ကတိုးကျေးရွာအုပ်စု | ၁၆၀၀ | ၁၀၈၂ | ၅၁၈ | ၅၁၈ | | |
| ၁၅ | မောက်တက်ကျေးရွာအုပ်စု | ၄၄၅၀ | ၂၉၅၀ | ၁၅၀၀ | ၁၃၅၀ | ၁၅၀ | |
| ၁၆ | ချင်းတွင်းကျေးရွာအုပ်စု | ၁၉၀၀ | ၁၂၃၀ | ၆၇၀ | ၇၂၀ | | ၅၀ |
| ၁၇ | ဝက်ပုတ်ကျေးရွာအုပ်စု | ၁၇၅၀ | ၉၉၀ | ၇၆၀ | ၇၆၀ | | |
| ၁၈ | ဆင်ရန်ကျေးရွာအုပ်စု | ၆၅၀ | ၃၈၉ | ၂၆၁ | ၂၆၁ | | |
| ၁၉ | ငပုရင်းကျေးရွာအုပ်စု | ၄၂၀၀ | ၃၀၅၆ | ၁၁၄၄ | ၉၄၄ | ၂၀၀ | |
| ၂၀ | ရဲထွက်ကျေးရွာအုပ်စု | ၁၇၅၀ | ၁၃၇၆ | ၃၇၄ | ၆၂၄ | | ၂၅၀ |
| ၂၁ | ဆယ်ကြီးကျေးရွာအုပ်စု | ၁၇၅၀ | ၉၉၄ | ၇၅၆ | ၈၂၆ | | ၇၀ |
| ၂၂ | အုပ်ဖိုကျေးရွာအုပ်စု | ၄၄၅၀ | ၂၇၈၇ | ၁၆၆၃ | ၁၅၆၃ | ၁၀၀ | |
| ၂၃ | ကင်းစမ်းကျေးရွာအုပ်စု | ၁၈၅၀ | ၁၁၉၄ | ၆၅၆ | ၉၅၆ | | ၃၀၀ |
| ၂၄ | ဒန်းတိုင်ကျေးရွာအုပ်စု | ၁၃၅၀ | ၉၂၈ | ၄၂၂ | ၄၂၁ | ၁ | |
| ၂၅ | ရွာသစ်ကျေးရွာအုပ်စု | ၃၆၅၀ | ၂၁၁၃ | ၁၅၃၇ | ၁၂၃၇ | ၃၀၀ | |
| ၂၆ | နွားပင်ကြီးကျေးရွာအုပ်စု | ၃၅၀၀ | ၁၉၉၁ | ၁၅၀၉ | ၁၅၀၉ | | |
| ၂၇ | မြဝတီရပ်ကွက် | ၁၈၅၀ | ၁၂၆၅ | ၅၈၅ | ၅၃၅ | ၅၀ | |
| ၂၈ | မဟာဝန္ဒုလရပ်ကွက် | ၁၆၅၀ | ၁၁၈၈ | ၄၆၂ | ၄၆၂ | | |
| ၂၉ | ကျီးပင်ချောင်ကျေးရွာအုပ်စု | ၁၂၀၀ | ၇၅၀ | ၄၅၀ | ၃၀၀ | ၁၅၀ | |
| ၃၀ | ဆုံကုန်းကျေးရွာအုပ်စု | ၁၉၀၀ | ၁၂၈၅ | ၆၁၅ | ၆၁၅ | | |
| ၃၁ | ကံသစ်ကျေးရွာအုပ်စု | ၁၄၅၀ | ၉၄၄ | ၅၀၆ | ၅၀၆ | | |
| ၃၂ | အောင်ချမ်းသာကျေးရွာအုပ်စု | ၂၆၅၀ | ၁၈၇၀ | ၇၈၀ | ၇၈၀ | | |
| ၃၃ | ထနောင်းကုန်းကျေးရွာအုပ်စု | ၁၇၅၀ | ၁၂၄၃ | ၅၀၇ | ၅၀၆ | ၁ | |
| ၃၄ | မြို့ပေါ်ကျေးရွာအုပ်စု | ၁၅၅၀ | ၄၂၅ | ၁၁၂၅ | ၄၂၅ | ၇၀၀ | |
| ၃၅ | တောဝေးကျေးရွာအုပ်စု | ၁၄၅၀ | ၉၉၆ | ၄၅၄ | ၄၅၄ | | |
| ၃၆ | မကျီးအုပ်ကျေးရွာအုပ်စု | ၁၁၀၀ | ၆၉၆ | ၄၀၄ | ၄၀၄ | | |
| ၃၇ | မငွေးပြင်ကျေးရွာအုပ်စု | ၆၅၀ | ၄၇၁ | ၁၇၉ | ၁၇၅ | ၄ | |
| ၃၈ | ကုန်းသာကျေးရွာအုပ်စု | ၂၅၅၀ | ၁၆၆၀ | ၈၉၀ | ၅၉၀ | ၃၀၀ | |
| ၃၉ | နေပူကုန်းကျေးရွာအုပ်စု | ၁၉၀၀ | ၁၂၂၀ | ၆၈၀ | ၆၈၀ | | |
| ၄၀ | မြို့သစ်ချောင်းကျေးရွာအုပ်စု | ၂၁၀၀ | ၁၂၉၇ | ၈၀၃ | ၇၂၃ | ၈၀ | |
| ၄၁ | သားဖန်းကျေးရွာအုပ်စု | ၄၂၀၀ | ၂၈၆၂ | ၁၃၃၈ | ၈၈၆ | ၄၅၂ | |
| ၄၂ | သပြေပင်ကျေးရွာအုပ်စု | ၂၄၀၀ | ၁၇၂၆ | ၆၇၄ | ၆၄၇ | ၂၇ | |
| ၄၃ | ညောင်ကန်ကျေးရွာအုပ်စု | ၅၂၅၀ | ၃၆၉၀ | ၁၅၆၀ | ၁၅၆၀ | | |
| ၄၄ | ခိုးချောင်းကျေးရွာအုပ်စု | ၁၉၅၀ | ၁၄၃၂ | ၅၁၈ | ၅၁၈ | | |
| ၄၅ | ကွမ်းအုံကျေးရွာအုပ်စု | ၂၃၀၀ | ၁၅၇၉ | ၇၂၁ | ၇၁ | ၆၅၀ | |
| ၄၆ | ကြိုကုန်းကျေးရွာအုပ်စု | ၂၉၀၀ | ၁၇၆၁ | ၁၁၃၉ | ၉၈၉ | ၁၅၀ | |
| ၄၇ | ကံဆွယ်ကျေးရွာအုပ်စု | ၁၅၅၀ | ၁၁၆၆ | ၃၈၄ | ၂၃၄ | ၁၅၀ | |
| ၄၈ | ကွမ်းခြံကျေးရွာအုပ်စု | ၂၀၀၀ | ၁၃၅၅ | ၆၄၅ | ၄၅၁ | ၁၉၄ | |
| ၄၉ | ဇီးတောကျေးရွာအုပ်စု | ၁၃၀၀ | ၉၁၁ | ၃၈၉ | ၃၈၉ | | |
| ၅၀ | ထန်းတောကျေးရွာအုပ်စု | ၁၈၀၀ | ၁၄၀၄ | ၃၉၆ | ၃၉၆ | | |
| ၅၁ | ယုန်လှေးကုန်းကျေးရွာအုပ်စု | ၃၁၀၀ | ၂၁၈၇ | ၉၁၃ | ၉၁၃ | | |
| ၅၂ | ရေဘုတလင်ကျေးရွာအုပ်စု | ၂၁၅၀ | ၁၂၈၇ | ၈၆၃ | ၈၆၃ | | |
| ၅၃ | လေးမြေကျေးရွာအုပ်စု | ၂၂၀၀ | ၁၅၄၀ | ၆၆၀ | ၆၆၀ | | |
| ၅၄ | ဝန်ဘိုကျေးရွာအုပ်စု | ၂၀၅၀ | ၁၃၉၆ | ၆၅၄ | ၂၅၄ | ၄၀၀ | |
| ၅၅ | သီးပင်အိုင်ကျေးရွာအုပ်စု | ၃၂၀၃ | ၂၁၂၀ | ၁၀၈၃ | ၁၀၃၄ | ၄၉ | |
| ၅၆ | တွင်းကျေးရွာအုပ်စု | ၉၅၀ | ၆၃၅ | ၃၁၅ | ၃၁၅ | | |
| ၅၇ | မြောက်တောကျေးရွာအုပ်စု | ၁၄၅၀ | ၉၂၁ | ၅၂၉ | ၅၂၉ | | |
| | မဲရုံ+ရပ်ကျေးချုပ်စုစုပေါင်း | ၁၂၅၉၀၃ | ၈၄၁၉၈ | ၄၁၇၀၅ | ၃၆၄၄၁ | ၅၉၈၄ | ၇၂၀ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | ၃၉၁ | ၃၉၁ | | | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | ၉၀၇၈ | | ၉၀၇၈ | ၉၀၇၈ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၃၅၃၇၂ | ၈၄၅၈၉ | ၅၀၇၈၃ | ၄၅၅၁၉ | ၅၉၈၄ | ၇၂၀ |

စာမျက်နှာ ၁၉ သို့ »»

# ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



နေပြည်တော် ဧပြီ ၁
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ် ပင်းတလဲတိုက်နယ်ဆေးရုံ၊ မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံ၊ သာယာဝတီခရိုင် ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ် ဒုံဇရပ်ကျေးရွာတိုက်နယ်ဆေးရုံနှင့် လက်ပံတန်းမြို့နယ် ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက အကူအညီတောင်းခံမှုကြောင့် တပ်မတော်မှ ဆေးကုသရေးအဖွဲ့များအား စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

အလားတူ မန္တလေးတိုင်းဒေသကြီး ကူမဲမြို့နယ် ကူမဲတိုက်နယ်ဆေးရုံရှိ ဆရာဝန်များနှင့် သူနာပြုများသည် ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်းမရှိဘဲ တာဝန်များ ပျက်ကွက်လျက်ရှိပြီး ဒေသခံပြည်သူများက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်သို့ အကူအညီတောင်းခံလာခဲ့သဖြင့် ယနေ့တွင် တိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မှ တပ်မတော်သားဆရာဝန်များနှင့် သူနာပြုများ ပါဝင်သောဆေးအဖွဲ့အား အဆိုပါဆေးရုံသို့ စေလွှတ်ခဲ့ရာ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများက ဝမ်းမြောက်ဝမ်းသာစွာဖြင့် လှိုက်လှဲစွာ ကြိုဆိုခဲ့ကြကြောင်းနှင့် ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူလူနာများကို တပ်မတော်ဆေးရုံများ၌ ဆက်လက် လက်ခံကုသ

နေပြည်တော် ဧပြီ ၁
တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများအတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၁၀၉၉၄၉ ဦး၊ အတွင်းလူနာ ၄၀၈၃ ဦးကို တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများကို ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေးအဆင်ပြေစေရန် အတွက်ကိုပါ စီမံဆောင်ရွက်ပေးသည်။

ထိုသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစားခွဲစိတ်ကုသရန်လိုအပ်သူ ၅၁၂၈ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၂၇၀၈ ဦး စုစုပေါင်း ၇၈၃၆ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားရန်အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၂၇၁၀ ကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၄၁၉၇ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၆၉၀၇ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

ယင်းသို့ ဒေသခံပြည်သူများကို ဆေးကုသပေးနေမှုအခြေအနေများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေသော လူနာများအတွက် စားသောက်ဖွယ်ရာများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



သက်ရှိကမ္ဘာ ရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၁၁၆၈၂၇၂ | ၂၃၆၇၄၁၅၇ | ၅၆၅၂၇၃ |
| ၂။ | ဘရာဇီး | ၁၂၇၅၃၂၅၈ | ၁၁၁၆၉၉၃၇ | ၃၂၁၈၈၆ |
| ၃။ | အိန္ဒိယ | ၁၂၂၂၁၆၆၅ | ၁၁၄၇၄၆၈၃ | ၁၆၂၉၆၀ |
| ၄။ | ပြင်သစ် | ၄၆၄၄၄၂၃ | ၂၉၄၆၃၈ | ၉၅၆၄၀ |
| ၅။ | ရုရှား | ၄၅၅၄၂၆၄ | ၄၁၇၆၄၁၉ | ၉၉၂၃၃ |
| ၆။ | ဗြိတိန် | ၄၃၄၅၇၈၈ | ၃၈၄၇၃၅၁ | ၁၂၆၇၁၃ |
| ၇။ | အီတလီ | ၃၅၈၄၈၉၉ | ၂၉၁၃၀၄၅ | ၁၀၉၃၄၆ |
| ၈။ | တူရကီ | ၃၃၁၇၁၈၂ | ၃၀၁၄၂၂၆ | ၃၁၅၃၇ |
| ၉။ | စပိန် | ၃၂၈၄၃၅၃ | ၃၀၄၂၃၃ | ၇၅၄၅၉ |
| ၁၀။ | ဂျာမနီ | ၂၈၃၄၇၄၄ | ၂၅၃၅၀၀၀ | ၇၇၀၇၇ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၅၁၇၈၅၄ | ၁၃၅၅၅၇၈ | ၄၁၀၅၄ |
| ၂။ | ဖိလစ်ပိုင် | ၇၅၆၁၉၉ | ၆၀၃၉၄၈ | ၁၃၃၀၃ |
| ၃။ | မလေးရှား | ၃၄၆၆၇၈ | ၃၃၁၀၀၁ | ၁၂၇၈ |
| ၄။ | မြန်မာ | ၁၄၂၄၆၆ | ၁၃၁၈၀၂ | ၃၂၀၆ |
| ၅။ | စင်ကာပူ | ၆၀၄၀၇ | ၆၀၁၆၁ | ၃၀ |
| ၆။ | ထိုင်း | ၂၈၈၈၉ | ၂၇၅၄၈ | ၉၄ |
| ၇။ | ဗီယက်နမ် | ၂၆၁၇ | ၂၃၅၉ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၂၄၇၇ | ၁၂၄၀ | ၁၄ |
| ၉။ | ဘရူနိုင်း | ၂၁၂ | ၁၉၄ | ၃ |
| ၁၀။ | လာအို | ၄၉ | ၄၅ | ၀ |

# ချစ်ခြင်း၊ မုန်းခြင်းကင်းသော အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် သိကောင်းစရာများ (၃)

## မောင်ချစ်အေး

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ**

ဤဥပဒေသည် ၂၀၁၃ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် - ၂၃ အဖြစ် အတည်ပြုပြဋ္ဌာန်းခဲ့ခြင်း ဖြစ်ပါသည်။ အခြေအနေအချိန်အခါအရ အစိုးရအဆက်ဆက် လေးကြိမ်တိုင်တိုင် ပြင်ဆင်ဖြည့်စွက်မှုများ ပြုလုပ်ခဲ့ရာ ၂၀၁၄ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် ပထမအကြိမ်၊ ၂၀၁၆ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့တွင် ဒုတိယအကြိမ်၊ ၂၀၁၇ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့တွင် တတိယအကြိမ်၊ ၂၀၁၈ ခုနှစ် ဇွန်လ ၂၁ ရက်နေ့တွင် စတုတ္ထအကြိမ် ပြင်ဆင်အတည်ပြုခဲ့ကြခြင်း ဖြစ်ပါသည်။

**ရည်ရွယ်ချက်များ**

ဤဥပဒေ၏ မူလရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

- အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် ဆောင်ရွက်ရန်၊
- သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းစေရန်၊
- အများပြည်သူဆိုင်ရာ အုပ်ချုပ်ရေးတွင် ဂုဏ်သိက္ခာနှင့် တာဝန်ယူနိုင်မှု မြင့်မား တိုးတက်လာစေရန်၊
- အဂတိလိုက်စားမှုများကြောင့် နိုင်ငံတော်ပိုင် ပစ္စည်းများ လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများ၏အခွင့်အရေးနှင့် အကျိုးစီးပွားများကို ထိခိုက်မှုမရှိစေရေး အကာအကွယ်ပေးရန်၊
- အဂတိလိုက်စားမှု ကျူးလွန်သူများအား ထိရောက်စွာအရေးယူရန်၊
- တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများ၌ ပိုမိုပွင့်လင်းမြင်သာမှုရှိပြီး ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖြင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်လာစေရန်။

**စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

ကော်မရှင်သည် တရားဥပဒေအရ အရေးယူနိုင်ရန် စုံစမ်းစစ်ဆေးခြင်း (သို့မဟုတ်) စုံစမ်းစစ်ဆေးစေခြင်းတို့အား အောက်ပါကိစ္စများနှင့် စပ်လျဉ်း၍ ဆောင်ရွက်နိုင်သည် -

- နိုင်ငံတော်သမ္မတက စုံစမ်းစစ်ဆေးတင်ပြရန် တာဝန်ပေးအပ်ခြင်း၊
- ပုဒ်မ ၄၃၊ ပုဒ်မခွဲ (ခ) အရ နိုင်ငံရေးရာထူးလက်ရှိဖြစ်သူတစ်ဦးကို အရေးယူပေးရန် လွှတ်တော်ကိုယ်စားလှယ်က တင်ပြခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌက စုံစမ်းစစ်ဆေးတင်ပြရန် တာဝန်ပေးအပ်ခြင်း၊
- အဂတိလိုက်စားမှုကျူးလွန်သူအပေါ် ဥပဒေအရ အရေးယူပေးပါရန် တစ်ဦးဦးက ကော်မရှင်သို့ တိုင်ကြားခြင်း၊ ဤဥပဒေအရ ဖွဲ့စည်းသောလုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ တိုင်ကြားခြင်း၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ တိုင်ကြားခြင်းနှင့်စပ်လျဉ်း၍ အဆိုပါ တိုင်ကြားချက်ကို ကော်မရှင်သို့ လွှဲပြောင်းပေးပို့ခြင်း၊
- အဂတိလိုက်စားမှုရှိကြောင်း ကျော်စောသတင်းဖြစ်ပေါ်နေခြင်းတို့ ပေါ်ပေါက်လာပါက ဥပဒေအရ အရေးယူနိုင်ရန် စုံစမ်းစစ်ဆေးနိုင်သည်။

**တိုင်ကြားသူများ သိရှိထားရန်အချက်များ**

တိုင်ကြားသည့်ကိစ္စသည် ကော်မရှင်က စုံစမ်းစစ်ဆေးပြီးသောကိစ္စဖြစ်ခြင်း၊ တိုင်ကြားမှုတွင် အရေးကြီးသည့် သက်သေခံချက်များ မပါရှိခြင်း (သို့မဟုတ်) လိုအပ်၍ ကြိုတင်ထောက်လှမ်း စုံစမ်းရာ၌ ခိုင်လုံသည့် သက်သေခံချက်မရရှိခြင်း၊ ထပ်မံတိုင်ကြားမှုတွင် အရေးကြီးသည့်သက်သေခံချက် အသစ်မပါရှိခြင်းတို့ စိစစ်တွေ့ရှိရပါက ဤကော်မရှင်သည် စုံစမ်းစစ်ဆေးခြင်းမပြုပါ။

**သတင်းပေးခြင်းနှင့် တိုင်ကြားခြင်း**

မည်သူမဆို အဂတိလိုက်စားမှုနှင့်စပ်လျဉ်း၍လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ဖြစ်စေ ဤဥပဒေအရ ဖွဲ့စည်းထားသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

ပုဒ်မ ၄၄ အရ တိုင်တန်းချက်ပေးပို့သူသည် ခိုင်လုံသောအကြောင်းမရှိဘဲ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် (သို့မဟုတ်) ဂုဏ်သရေပျက်စေရန် ရည်ရွယ်၍ တိုင်တန်းချက်ကို တမင်ပြုလုပ်ကြောင်းပေါ်ပေါက်ပါက ဤဥပဒေအရ အရေးယူခံရမည်။

**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

နိုင်ငံရေးရာထူးလက်ရှိဖြစ်သူ သို့မဟုတ် နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့စဉ်က မည်သူမဆို အဂတိလိုက်စားမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို "**၁၅ နှစ်ထက်မပိုသော ထောင်ဒဏ်**" ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။ နိုင်ငံရေးရာထူးလက်ရှိဖြစ်သူမှအပ အခြားလုပ်ပိုင်ခွင့်အာဏာရှိသူ သို့မဟုတ် လုပ်ပိုင်ခွင့်အာဏာရှိစဉ်က မည်သူမဆို အဂတိလိုက်စားမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို "**တစ်ဆယ်နှစ်ထက်မပိုသော ထောင်ဒဏ်**" ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

နိုင်ငံရေးရာထူးလက်ရှိဖြစ်သူနှင့် လုပ်ပိုင်ခွင့်အာဏာရှိသူမှအပ အခြားမည်သူမဆို အဂတိလိုက်စားမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို "**ခုနစ်နှစ်ထက်မပိုသော ထောင်ဒဏ်**" ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် ငွေကြေးနှင့်ပစ္စည်းများအပေါ် အရေးယူဆောင်ရွက်ခြင်း မပြုနိုင်ရန် ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် လွှဲပြောင်းခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား "**ငါးနှစ်ထက်မပိုသော ထောင်ဒဏ်**" ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

မည်သူမဆို ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် ရည်ရွယ်၍ ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်သည်ဟုသော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းဖြစ်သည်ဟု သော်လည်းကောင်း၊ မမှန်မကန်သတင်းပေးပို့ခြင်း၊ တိုင်တန်းခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို "**သုံးနှစ်ထက်မပိုသော ထောင်ဒဏ်**" ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်း တစ်ခုခုမှ တာဝန်ရှိသူ မည်သူမဆို ဤဥပဒေပါ ပြစ်မှုနှင့်စပ်လျဉ်း၍ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ယင်းပြုလုပ်မှုတစ်ရပ်ရပ်အတွက် ထိုသူကို "**ငါးနှစ်ထက်မပိုသော ထောင်ဒဏ်**" ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည် -

(က) ကော်မရှင်၏ တာဝန်ပေးချက်အရ စုံစမ်းစစ်ဆေးရေးအဖွဲ့က တရားဝင်တာဝန် ထမ်းဆောင်ခြင်းကို ခွင့်ပြုရန် ငြင်းပယ်ခြင်း၊

(ခ) ကော်မရှင်က တားမြစ်မိန့် ထုတ်ဆင့်ထားသောဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုခုရှိ ငွေကြေးနှင့် ပစ္စည်းများကို ကော်မရှင်၏ ခွင့်ပြုမိန့်မရှိဘဲ ထုတ်ပေးခြင်း၊ လွှဲပြောင်းခြင်း၊

(ဂ) စုံစမ်းစစ်ဆေးမှုနှင့် သက်ဆိုင်သည့် ငွေကြေးနှင့် ပစ္စည်းဆိုင်ရာမှတ်တမ်းများကို ဖျောက်ဖျက်ခြင်း၊ ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ကော်မရှင်၏ ခွင့်ပြုချက်မရှိဘဲ လွှဲပြောင်းခြင်း။

မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် လှုံ့ဆော်ခြင်း၊ အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်း ပြုလျှင်ဖြစ်စေ၊ ပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့်ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

**အထွေထွေ**

စုံစမ်းစစ်ဆေးခြင်းခံရသူသည် မိမိပိုင်ဆိုင်သည့် ငွေကြေးနှင့် ပစ္စည်းများကို တရားဝင် မည်သို့ရရှိကြောင်း သို့မဟုတ် မည်သည့်ဝင်ငွေဖြင့် ရရှိကြောင်းကို ခိုင်လုံသောအထောက်အထားများဖြင့် သက်သေထင်ရှားပြသရန် တာဝန်ရှိသည်။

ဤဥပဒေအရ တရားစွဲဆိုတင်ပို့ထားသော အဂတိလိုက်စားမှုနှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန် မလွယ်ကူသော ပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်း တင်ပြသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲသည့်အမိန့် ချမှတ်ရမည်။

အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍ဖြစ်စေ၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာမှုနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ငွေကြေးနှင့်ပစ္စည်းများကို စုံစမ်းစစ်ဆေးအရေးယူခြင်းနှင့် စပ်လျဉ်း၍ဖြစ်စေ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင် ပါရှိစေကာမူ ဤဥပဒေအရသာလျှင် အရေးယူရမည်။

**[မှတ်ချက်။ အထက်ပါ ကောက်နုတ်ချက် သိကောင်းစရာတို့အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ၂၀၁၈ ခုနှစ် ဇွန်လ ၂၁ ရက်နေ့တွင် ထုတ်ပြန်သော အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေမှ ကောက်နုတ်တင်ပြခြင်း ဖြစ်ပါသည်။]**

**နိုင်ငံရေးရာထူးလက်ရှိဖြစ်သူ သို့မဟုတ် နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့စဉ်က မည်သူမဆို အဂတိလိုက်စားမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို " ၁၅ နှစ်ထက်မပိုသော ထောင်ဒဏ်" ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။ နိုင်ငံရေးရာထူးလက်ရှိဖြစ်သူမှအပ အခြားလုပ်ပိုင်ခွင့်အာဏာရှိသူ သို့မဟုတ် လုပ်ပိုင်ခွင့်အာဏာရှိစဉ်က မည်သူမဆို အဂတိလိုက်စားမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို "တစ်ဆယ်နှစ်ထက် မပိုသောထောင်ဒဏ်" ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်။**



# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာလာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ

နေပြည်တော် မေ ၁

ဗုဒ္ဓဘာသာဘုရားစေတီများအပါအဝင် သက်ဆိုင်ရာဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များကို ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်ပေးထားရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော်ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့အပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးရှိ ဘုရား စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့ဗွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများက ဖူးမြော်ကြည်ညို ကုသိုလ်ယူလျက်ရှိကြသည်။

ထို့ပြင် သက်ဆိုင်ရာ ဘာသာရေးကျောင်းများတွင်လည်း ဘာသာဝင်များက စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော် ဆီ၊ ဆား၊ ပဲ အမည် လေးမျိုး၊ လှူဖွယ်ပစ္စည်းများ၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်

နေပြည်တော် မေ ၁

ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့ဗွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းအဆင်ပြေစေရေးအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ် အသီးသီး၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် ပါညု ဘုန်းတော်ကြီးကျောင်း၊ မွန်ပြည်နယ် ချောင်းဆုံမြို့နယ် မုရစ်ကြီးကျေးရွာ တောင်ပေါ်ကျောင်းတိုက်နှင့် တောင်ညိုတောင်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အိုးတန်းရပ်ကွက်၊ မင်းကျောင်းကြီးကျောင်းတိုက်သို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ သာသနာ- ၂၅၀၀ ကျောင်းတိုက်နှင့် ရေကန်တောင်ဆုတောင်းပြည့် ကျောင်းတိုက်၊ မွန်ပြည်နယ် ချောင်းဆုံမြို့နယ် မုရစ်ကြီးကျေးရွာ တောင်ပေါ်ကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ ရေလယ်ကျောင်းများရှိ သံဃာတော်များအား နေ့ဆွမ်းများကိုလည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။



ထို့အပြင် မွန်ပြည်နယ် ချောင်းဆုံမြို့နယ် မုရစ်ကြီးကျေးရွာ တောင်ပေါ်ကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များအား တပ်မတော်မှဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။

၎င်းအပြင် ရခိုင်ပြည်နယ် တောင်ကုတ်မြို့ ရွှေမေတ္တာဘိုးဘွားရိပ်သာသို့ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် အဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းတွင် သွားရောက်၍ ဘိုးဘွားရိပ်သာအတွက် ဆေးပဒေသာပင် အလှူငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းရာ အဆိုပါရိပ်သာမှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။ ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များက ဘိုးဘွားများအား အဝတ်အထည်၊ အသုံးအဆောင်ပစ္စည်းများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ကျွေးမွေးလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ

နေပြည်တော် မေ ၁

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက်(၆၅)နှစ်အထက် သက်ကြီးဘိုးဘွားများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးပစ္စည်းများအား တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့၊ ဟိုပုံးမြို့၊ ဆီဆိုင်မြို့နှင့် ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်များအတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့၊ မြန်အောင်မြို့၊ မြောင်းမြမြို့၊ မအူပင်မြို့၊ ဖျာပုံမြို့၊ ဝါးခယ်မမြို့နှင့် ဒေးဒရဲမြို့များရှိသံဃာတော်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများကို သတ်မှတ်နေရာ အသီးသီး၌ လည်းကောင်း တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် အတူပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးပေးပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြသည်။



ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး သံဃာတော်များအား ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်




မိမိနှင့် မိမိ မိသားစု လုံခြုံစေချင်ပါသလား။
တတ်နိုင်သမျှ အိမ်တွင်နေပါ။ မဖြစ်မနေ
အပြင်ထွက်တိုင်း ပါးစပ်နှင့်နှာခေါင်းစည်း ကို
စနစ်တကျအသုံးပြုပါ။ အသုံးပြုပြီး
ပါးစပ်နှင့်နှာခေါင်းစည်းကို အမှိုက်ပုံးထဲသို့
စနစ်တကျစွန့်ပစ်ပါ။ ပြီးလျှင် လက်ကို
စနစ်တကျပြန်ဆေးပါ။

# စိတ်သာချအတည် ဝိဇ္ဇာမမည်

**ဇော်လေး**

နှစ်ဆယ်ရာစုကာလကတည်းကပါ။ နှစ်ပေါင်း ၃၀ ကျော်ကြာခဲ့ပါပြီ။

တစ်ခါတုန်းက စာရေးဆရာတစ်ယောက် စာပေဟောပြောပွဲ ခရီးသွားရင်း တောမြို့လေးတစ်ခုက (ဟိုခေတ်က ဗိုလ်တဲခေါ်တဲ့) မြို့အစွန်က ဆောက်လုပ်ရေးရိပ်သာ ခြေတံရှည်နှစ်ထပ်အိမ်လေးပေါ်မှာ ညအိပ်ရတယ်။

စာပေဟောပြောပွဲပြီးလို့ ညဦ့နက်သန်းခေါင်ရောက်မှ လမိုက်ညကြီး မှောင်မှောင်မည်းမည်းထဲမှာ စာပေဟောပြောရာ ဇာတ်ရုံဟောင်းကြီးထဲက မြို့အစွန်အဖျား ဧည့်ရိပ်သာကို မြို့ခံစာပေဝါသနာရှင်တွေက လိုက်ပို့ကြတယ်။ ဆောင်းညအညာဒေသ အေးလှသဗျ။ ညစာစားသောက်ကြပြီး ပြန်သွားကြပြီ။ ဟောပြောဖော် စာရေးဆရာတွေ၊ ဟောပြောဖော်အားလုံးလည်း မောမောနဲ့ အိပ်ကုန်ကြပြီ။ သူက အိပ်မရသေးဘူး။ အရှေ့အလယ်ပိုင်းပြဿနာ။ ဗိုက်ထဲက ရစ်ကာရစ်ကာ နာနေတယ်။ ဝမ်းသွားချင်လို့လေ။ ကမန်းကတမ်း လက်နှိပ်ဓာတ်မီးဆွဲယူပြီး အောက်ထပ်ကိုဆင်း။ အိမ်သာဘယ်မှာလဲရှာရ။ ခြေတံရှည်သစ်သားနှစ်ထပ်အိမ်က အောက်ထပ်မှာ ဟာလာဟင်းလင်း။ လက်နှိပ်ဓာတ်မီးနဲ့ထိုးပြီး ဟိုဟိုဒီဒီရှာတော့မှ ဟိုးခပ်လှမ်းလှမ်းနောက်ဖေးဘက်ဆီက မန်ကျည်းပင်ကြီးရဲ့အောက်မှာ အိမ်သာတွေ့ပြီ။ ပြေးတက်။ ဗိုက်ထဲက ထွက်ချင်နေတာတွေ ဗျောဗျောဖြင်းဖြင်းနဲ့ ထုတ်ပစ်။ အိမ်သာရှိလို့ တော်သေးဗျာ။

ပေါ့ပါးသွား။ ခုမှပဲ နေသာထိုင်သာရှိ။ ဒါပေမယ့် စက္ကူယူခဲ့ဖို့ မေ့သွားတယ်။

ရေအိုးရေခွက်လည်း မတွေ့။ ဒုက္ခပဲ။ နို့ဆီခွက်သံချေးတက် အဟောင်းလေးထဲမှာ တုတ်ချောင်းလေးတွေ ဆယ်ချောင်း ကိုးချောင်းတွေ့ရတယ်။ သိပြီ။ တုတ်တံနဲ့ သန့်ရှင်းရေးလုပ်ဖို့ပဲ။

လက်နှိပ်ဓာတ်မီးနဲ့ ရှေ့ကသွပ်ပြား ထိုးကြည့်လိုက်တော့ "ညာကြည့်" လို့ ရေးထားတာ တွေ့ရတယ်။ ဒါနဲ့ သူက-

ညာဘက်ကိုကြည့်တယ်။

"ဘယ်ကြည့်"တဲ့

ဘယ်ဘက်ကိုကြည့်မိ။

"အထက်ကြည့်"တဲ့။

အထက်ကိုကြည့်တယ်။

အထက်က သစ်သားတန်းလေးမှာ ရေးထားတာ လက်နှိပ်ဓာတ်မီးနဲ့ထိုးပြီးကြည့်တော့ တွေ့ရပြန်တယ်-

"နောက်ကိုကြည့်ဦး"

လက်နှိပ်ဓာတ်မီးထိုးပြီး ထိုင်နေလျက်ပဲ နောက်ဘက်လှည့်ကြည့်လိုက်မိတော့-

"သောက်ပေါ။ သူများခိုင်းတိုင်း လိုက်မလုပ်နဲ့ဟ"တဲ့။ ရေးထားသဗျ။ သေဟ။ စာရေးဆရာတစ်ယောက်တည်း ပြုံးလိုက်မိတယ်။ တစ်ကြိမ်တစ်ခါမှ သူ့ကိုယ်သူ ဤမျှ ထိရောက်မှန်ကန်စွာ ထောက်ပြခံရဖူးခြင်း ဘဝတစ်လျှောက်လုံးမှာမရှိခဲ့။

ကိုယ်ကသာ ဝေဖန်ရေး မိမိကိုယ်ကို ဝေဖန်ရေး၊ စာပေဝေဖန်ရေး စတဲ့ကိစ္စတွေကို ရေးလည်းရေးတယ်၊ ဆွေးလည်း ဆွေးနွေးတယ်၊ ဟောလည်းဟောပြောခဲ့တယ်။

အခုမှ မိမိလည်း ဘာမသိညာမသိနှင့် တကယ်ပါပဲ သူများခိုင်းသမျှလိုက်လုပ်မိ။ လိုက်ကြည့်ကာ လိုက်နာမိခြင်းကို ရယ်ချင်ပြုံးချင်မိပါရဲ့။

မဆီမဆိုင်စိတ်ထဲပေါ်ရာ ပြောလိုက်ချင်ပါသေး။

စာရေးဆရာတစ်ယောက် ပြောဖူးတာလေး ပြေးပြီးသတိရမိတယ်။ မင်းတိုင်ပင်ဆိုတဲ့ အထက်အညာရွာတစ်ရွာက အိမ်သာထဲမှာ စာရေးထားတာလေး တွေ့ရဖတ်ရဖူးတယ်တဲ့။ ဒီလိုပါ-

"စားခဲ့သမျှ ထားခဲ့ရပြီ။

ဝါးခဲ့သမျှ သွားခဲ့ကြပြီ။

အုပ်ခဲ့သမျှ ထုတ်ခဲ့ရပြီ။

မြိုခဲ့သမျှ ယိုခဲ့ရပြီ"တဲ့။ ဒါလည်းဟုတ်သားပဲ။ သူကတော့ အိမ်သာထဲမှာ တရားသံဝေဂရစရာတွေ ဖတ်ခဲ့ရတာ။ ကျုပ်ကတော့ သူတစ်ပါးရေးတာကို အဟုတ်ထင်မှတ်ပြီး လိုက်နာလုပ်ဆောင်မိလို့ အဆဲခံခဲ့ရတာတဲ့။

စာရေးဆရာတစ်ယောက်က တက္ကသိုလ်ရောက်စ အဆောင်အိမ်သာမှာ တွေ့ရတာလို့ စာပေဟောပြောပွဲ (ပရိသတ်က ကျောင်းသူကျောင်းသားတွေမို့) ဘယ်ကြည့် ညာကြည့်ဆိုတာ ဖရက်ရှာတစ်ယောက်ရဲ့ အတွေ့အကြုံအဖြစ် ဟောပြောတာလည်း ကြားခဲ့ရဖူးပါရဲ့။ ပရိသတ်ကပွဲကျတယ်။ ရယ်ကြတယ်။ အေးပါလေ တက္ကသိုလ်ပရိဝုဏ်ထဲက အိမ်သာပဲဖြစ်ဖြစ်၊ အညာကျေးလက်မြို့ကလေးက အိမ်သာပဲဖြစ်ဖြစ် သူတစ်ပါးရေးထားတာကို လိုက်လုပ်ရင်တော့ ဒီလူဟာ လူပေါတစ်ယောက်သာ ဖြစ်ပေမှာပဲ။ ညံ့ရာကျတယ်လေ။ မဖြစ်သင့်ဘူးပေါ့။

၂၁ ရာစုထဲ ရောက်နေပါပြီ။

၂၀၂၀ ကျော်ခဲ့ပေါ့။ ခေတ်က မြန်လှတယ်။

အိမ်သာထဲက ညွှန်ကြားချက်ကို ဘာမသိညာမသိ လိုက်လုပ်နေမိတဲ့ လူစားမျိုးတွေရှိခဲ့သလိုပဲ ဒီနေ့ခေတ်မှာ ဖေ့စ်ဘွတ်ထဲက ခိုင်းစေသမျှ တစ်သဝေမတိမ်းလိုက်လုပ်နေကြသူတွေ အံ့ဩလောက်အောင် များပြားလှတာကတော့ စိတ်မကောင်းစရာပဲ။ ရှေ့နောက်တွေးပါလေ။

ကိုယ်ပိုင်ဉာဏ်ကိုယ့်အတွေးနဲ့ စဉ်းစားချင့်ချိန်သုံးသပ်ပြီးမှ ဝေခွဲဆုံးဖြတ်ကြပါမောင်တို့မယ်တို့ Gen Z များ။ ဥပမာ- ပါတီစုံဒီမိုကရေစီပြောပြီး ငါနဲ့မတူငါ့ရန်သူဆိုတာမျိုးဟာ ဖြစ်သင့်ရဲ့လား၊ ရှေ့နောက်ညီရဲ့လား၊ လမ်းတွေပိတ်ဆို့တာ နိုင်ငံတော်နဲ့ ပြည်သူအကျိုးရှိပါ့မလား။

လမ်းတွေဖျက်တာ ဘာအတွက်လဲ။ ဘယ်သူ့ဒုက္ခ ဖြစ်သလဲ။ ရဲတွေကို သတ်ဖြတ်မီးရှို့တာ ဘာရည်ရွယ်ချက်လဲ။ ည ၈ နာရီမှာ သံပုံးတီးတာ ဘာအတွက်လဲ။ တစ်ဖက်ပိတ် ဘာဝဟုသုတ ဘာကိုမှ မဖတ်ဘဲ၊ မကြည့်ဘဲ သူတို့ကပြောသမျှသာ လိုက်လုပ်အောင်ဆိုပြီး ဇွတ်အတင်းဆွဲဆောင်တာဟာ ဟုတ်ပါ့မလား။ တရားသလား။

- FB ထဲကနေ ညွှန်ကြားနေသူက ဘယ်သူလဲ။

- သူတို့က ဘယ်သူ့အတွက် အလုပ်လုပ်နေကြတာလဲ။ လမ်းတွေပေါ် အမှိုက်ပုံကြပြောတာနဲ့ လိုက်လုပ်ရောလား။ ဘယ်သူ့အကျိုးရှိစေသလဲ။ ရပ်ကွက်ထဲက လူအချို့ကို ဒလန်လို့ စွပ်စွဲပြီး လူအုပ်စုနဲ့ ရက်စက်စွာနှိပ်စက်ညှဉ်းဆဲသတ်ဖြတ်တာ လူ့ကျင့်ဝတ်နဲ့ညီရဲ့လား။

ကံကောင်းတာကတော့ အများစု ပြည်သူလူထုကြီးက ကောက်ကျစ်ညစ်ပတ်တဲ့ မတရားအာဏာရူးတဲ့ အဖျက်သမားတွေဟာ ကြာလေလေ ဇာတ်ရုပ် ပိုပြီးပေါ်လေလေ ဖြစ်လာပြီ၊ ကိုယ့်သေတွင်းကို ကိုယ်တိုင်ကျင်းတူးသလို ဓိုက်နေကြပြီလို့ ယုံကြည်လက်ခံလာခြင်းပဲ။ ပြောတော့မိုး၊ ထိုးတော့မြေကြီး။

ရတနာသုံးပါးနဲ့ နတ်ကောင်းနတ်မြတ်များက စောင့်ရှောက်နေဆဲပဲလို့ ယုံကြည်ကြတယ်။ သာသနာကိုစောင့်ရှောက်ကြတဲ့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်နဲ့ ပြည့်စုံကြတဲ့ ဆရာတော် သံဃာတော်ကြီးများရဲ့ တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့် ပြည်တွင်းပြည်ပနှစ်ဌာနက ဒီလောက်ဆိုးဆိုးရွားရွား နှောင့်ယှက်ဖျက်ဆီးနေတာတောင် ဘာမှကြီးကြီးကျယ်ကျယ် မနစ်နာတာ၊ ရောဂဗ္ဗရကပ် ကိုဗစ်ဆိုတဲ့ ဘေးဆိုးကပ်ဆိုးကြီး တစ်နှစ်လောက်ရှိနေပြီး လျှင်မြန်စွာကူးစက်ဖိစီးနေတာတောင် ပြည်သူတွေမှာ (အခြားနိုင်ငံများထက်) အနာအဖျား အသေအပျောက် နည်းပါးနေခြင်းတို့ဟာ အံ့ဩစရာကောင်းအောင် လက်တွေ့မြင်တွေ့နေကြရတယ်လေ။ အချို့ကတော့ ဝိဇ္ဇာရှစ်သောင်းကလည်း ကာကွယ်ပေးနေကြတယ်ဆိုကြတာပဲ။

သူစရိုက်ပြုလိုက်ကြတာဝရေ။ ဒုစရိုက်ကို မလိုက်ပါမိအောင် ရှောင်ကြပါလေ။ သူတော်ကောင်းတို့ရေ။

**ရတနာသုံးပါးနဲ့ နတ်ကောင်းနတ်မြတ်များက စောင့်ရှောက်နေဆဲပဲလို့ ယုံကြည်ကြတယ်။ သာသနာကိုစောင့်ရှောက်ကြတဲ့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်နဲ့ ပြည့်စုံကြတဲ့ ဆရာတော် သံဃာတော်ကြီးများရဲ့ တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့် ပြည်တွင်းပြည်ပနှစ်ဌာနက ဒီလောက်ဆိုးဆိုးရွားရွား နှောင့်ယှက်ဖျက်ဆီးနေတာတောင် ဘာမှကြီးကြီးကျယ်ကျယ် မနစ်နာတာ၊ ရောဂဗ္ဗရကပ် ကိုဗစ်ဆိုတဲ့ ဘေးဆိုးကပ်ဆိုးကြီး တစ်နှစ်လောက်ရှိနေပြီး လျှင်မြန်စွာကူးစက်ဖိစီးနေတာတောင် ပြည်သူတွေမှာ (အခြားနိုင်ငံများထက်) အနာအဖျား အသေအပျောက် နည်းပါးနေခြင်းတို့ဟာ အံ့ဩစရာကောင်းအောင် လက်တွေ့မြင်တွေ့နေကြရတယ်လေ။ အချို့ကတော့ ဝိဇ္ဇာရှစ်သောင်းကလည်း ကာကွယ်ပေးနေကြတယ်ဆိုကြတာပဲ။**

# ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်အတွင်းရှိ မီးဘေးသင့်အိမ်ထောင်စုဝင်များအား ဆန်၊ ဆီ၊ အသင့်စားခေါက်ဆွဲခြောက်ထုပ်နှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်

မန္တလေး မေ ၁

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ သင်ပန်းကုန်းရပ်ကွက်အတွင်း မတ် ၂၈ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ ယနေ့ နံနက် ၁၁ နာရီက အဆိုပါရပ်ကွက်ရှိမီးဘေးသင့် ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားသည့် သာသနဝေပုလ္လဒီပါဓမ္မာရုံသို့ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီး ကျော်ကျော်မင်း၊ မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်း၊ ဦးသိန်းဌေး၊ ဦးယဉ်ထွေး၊ အတွင်းရေးမှူး ဦးမြင့်လွင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ သွားရောက်၍ တွေ့ဆုံအားပေးစကားပြောကြားပြီး မီးဘေးသင့်အိမ်ထောင်စုဝင်များကို ဆန်၊ ဆီ၊ အသင့်စားခေါက်ဆွဲခြောက်၊ ဆပ်ပြာခဲနှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးခဲ့သည်။

အဆိုပါထောက်ပံ့မှုအစီအစဉ်တွင် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီမှ မီးဘေးသင့် အိမ်ခြေ ၄၀၊ အိမ်ထောင်စု ၇၆ စုရှိ မီးဘေးသင့်လူဦးရေ ၃၇၂ ဦးအတွက် ဆန် ၆၂ အိတ်၊ ဆီ ၃၈ ပိဿာ၊ အသင့်စားခေါက်ဆွဲခြောက်ထုပ် ၇၆ ကာတွန်း၊ ဆပ်ပြာခဲ ၃၀၄ ခဲနှင့် မန္တလေးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ မီးဘေးသင့်အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၄၉၀၀၀ တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုးပါပုံးများ၊ မီးဘေးသင့်အိမ်ထောင်စုများအတွက် ဆန်ရိက္ခာဖိုး (ရက်သတ္တနှစ်ပတ်စာ) ငွေကျပ် ၁၅၄၅၆၀၀ တို့အား ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်၊ မရမ်းကုန်းမြို့နယ်တို့ရှိ ကုန်တိုက်ကြီးများနှင့် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက်တို့၌ မီးလောင်မှုများဖြစ်ပွား

နေပြည်တော် ဧပြီ ၁

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်ရှိ Ruby Mart ကုန်တိုက်(၅-ထပ်)၌ ယနေ့နံနက် ၂ နာရီခန့်တွင် မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် ၁၆ စီး၊ ရေသယ်ယာဉ် ခြောက်စီးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၂ နာရီ မိနစ် ၄၀ ခန့်တွင် မီးငြိမ်းသွားခဲ့သည်။

အလားတူ ယနေ့နံနက် ၂ နာရီ မိနစ် ၄၀ ခန့်တွင် မရမ်းကုန်းမြို့နယ် (၈)ရပ်ကွက် ဝေဇယန္တာလမ်းနှင့် ဂန္ဓမာလမ်းထောင့်ရှိ ဂန္ဓမာဟိုးဆေးကုန်တိုက်၌ မီးလောင်မှုထပ်မံဖြစ်ပွားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် ၁၁ စီး၊ ရေသယ်ယာဉ် သုံးစီးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၃ နာရီ မိနစ် ၅၀ ခန့်တွင် မီးငြိမ်းသွားခဲ့သည်။

အဆိုပါမီးလောင်မှုများဖြစ်ပွားရသည့် အကြောင်းရင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာက အမြန်ဆုံးစုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက် နံ့သာကွက်စိပ်ရပ်နေ ဦးအောင်မျိုးငွေ (ဘ) ဦးကျော်ဝင်း၏ နေအိမ်၌ ယနေ့နံနက် ၅ နာရီခန့်တွင် လျှပ်စစ်ဝါယာကြိုးအပူလွန်ကဲရာမှတစ်ဆင့် မီးစတင်လောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။

အဆိုပါမီးလောင်မှုဖြစ်ပွားရာနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူလူထုတို့က မီးသတ်ယာဉ် ၃၁ စီး၊ ရေသယ်ယာဉ် ၂၁ စီး၊ အုပ်ချုပ်မှုယာဉ် သုံးစီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၆ နာရီ မိနစ် ၂၀ ခန့်တွင် မီးငြိမ်းသွားခဲ့သည်။ အဆိုပါမီးလောင်မှုကြောင့် နေအိမ်အလုံး ၈၀ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ပြီး မီးဘေးသင့်အိမ်ထောင်စု ၁၇၅ စုအား နံ့သာကွက်စိပ်ရပ်ရှိ မြဘယက်ဘုန်းကြီးကျောင်းဝင်းအတွင်း၌ ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားရှိပြီး နေထိုင်စေလျက်ရှိကြောင်း သိရသည်။

အထက်ပါမီးလောင်မှုကြောင့် လူနှင့် တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိကြောင်းနှင့် မီးပေါ်ဆစွာ သုံးစွဲသူများအား သက်ဆိုင်ရာက အမှုဖွင့် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



မရမ်းကုန်းမြို့နယ် ဂန္ဓမာဟိုးဆေးကုန်တိုက် မီးလောင်မှုဖြစ်ပွားစဉ်။

# ဆူပူအကြမ်းဖက်သူလူအုပ်စုများအနေဖြင့် အကြမ်းဖက်အဖွဲ့များ၏ နည်းလမ်းများအတိုင်း အဖျက်အမှောင့်လုပ်ရပ်များကို ဆက်လက်လုပ်ဆောင်

နေပြည်တော် ဧပြီ ၁

ဆူပူအကြမ်းဖက်သူ လူစုလူဝေးများအနေဖြင့် အကြမ်းဖက်လုပ်ရပ်များကို ဆောင်ရွက်လျက်ရှိရာ မတ် ၃၁ ရက်နှင့် ယနေ့တို့တွင် တိုင်းဒေသကြီး/ပြည်နယ်များရှိမြို့နယ်အချို့၌ နိုင်ငံတော်ပိုင်အဆောက်အအုံများ၊ လမ်းတံတားများ၊ ဘဏ်များအား မီးပုလင်းများဖြင့် ပစ်ပေါက်မီးရှို့ဖျက်ဆီးခြင်း၊ လက်ပစ်ဗုံးများဖြင့် ပစ်ဖောက်ခြင်း၊ ရိုက်ချိုးဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်ခဲ့ကြသည်ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

### ထိခိုက်ဒဏ်ရာများရရှိ

ထိုသို့ ဖျက်ဆီးမှုလုပ်ရပ်များ လုပ်ဆောင်ခဲ့ရာ မတ် ၃၁ ရက် ည ၇ နာရီ ၃၅ မိနစ်တွင် ကော့ကရိတ်မြို့ မြန်မာ့စီးပွားရေးဘဏ်သို့ အမျိုးသားသုံးဦး(စိစစ်ဆဲ)က ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ တာဝန်ထမ်းဆောင်လျက်ရှိသောကင်းရုံအတွင်းသို့ လက်ပစ်ဗုံးဖြင့် အကြမ်းဖက်ရန်ပြုပစ်ခတ် ထွက်ပြေးသွားခဲ့သဖြင့် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်သုံးဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ပြီး ကော့ကရိတ်မြို့ ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိသည်။

အလားတူ ည ၁၁ နာရီ ၁၅ မိနစ်တွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၇)ရပ်ကွက် ရပ်ကွက်စီမံအုပ်ချုပ်ရေးရုံးကို အမျိုးသားခြောက်ဦး(စိစစ်ဆဲ)က ရုံးအတွင်းသို့ ဝင်ရောက်ဖျက်ဆီးခဲ့သဖြင့် ရုံးအတွင်းရှိ ပလတ်စတစ်ထိုင်ခုံ ၁၂ လုံး၊ သစ်သားစားပွဲ နှစ်လုံး၊ ပြတင်းပေါက်မှန် ခြောက်ချပ်၊ Samsonic TV တစ်လုံးတို့ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။



အလားတူ စဥ့်ကိုင်မြို့ မြို့မရပ်ကွက်ရှိ ရဲစခန်းသို့ ယနေ့နံနက် ၄ နာရီ ၁၀ မိနစ်တွင် ဆူပူအကြမ်းဖက်သူလူစုလူဝေးအင်အား ၁၀၀ ခန့်က ဓား၊ မီးပုလင်းများကိုင်ဆောင်ရောက်ရှိလာပြီး ခဲတက်ဆီပုလင်းများ မီးရှို့၍ အကြမ်းဖက်ရန်ပြုပစ်ပေါက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က အမိကရုဏ်းနှိမ်နင်းရေးလက်နက်များဖြင့် ပစ်ခတ်လူစုခွဲခဲ့ရာ နံနက် ၄ နာရီခွဲတွင် လူစုကွဲသွားခဲ့သည်။ ဖြစ်စဉ်တွင် ဆူပူအကြမ်းဖက်သူလူအုပ်စုမှ ကျောက်ဆည်မြို့ မင်းရပ် ရပ်ကွက်နေ သန်းဝင်း(ခ)ဝင်းကို (၄၈)နှစ် (ဘ) ဦးညိုလုံးကို အကြမ်းဖက်ရာတွင် အသုံးပြုသည့် မီးစာတပ်ဆင်ထားသည့် ခဲတက်ဆီပုလင်း နှစ်လုံး၊ ဓားရှည် တစ်ချောင်း၊ ဆိုင်ကယ်တစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

### ဖမ်းဆီးရမိ

ထို့အတူ ယနေ့မွန်းလွဲ ၂ နာရီတွင် မဟာအောင်မြေမြို့နယ်ရှိ ရဲစခန်းတစ်ခုအား ဆူပူအကြမ်းဖက်သူလူစုလူဝေးအင်အား ၁၀၀ ခန့် ရောက်ရှိလာပြီး လက်လုပ်မိုင်း၊ ဂျင်ကလိ၊ လေးခွ၊ မီးပုလင်းများဖြင့် အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အမိကရုဏ်းနှိမ်နင်းရေးလက်နက်များဖြင့် ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရာ မွန်းလွဲ ၂ နာရီခွဲတွင် လူစုကွဲသွားခဲ့ပြီး ဆူပူအကြမ်းဖက်သူလူအုပ်စုအတွင်းမှ အမျိုးသားခြောက်ဦးအား အကြမ်းဖက်တိုက်ခိုက်ရာတွင် အသုံးပြုမည့် မီးစာတပ်ဆင်ထားသည့် မီးပုလင်း ၂၂ လုံး၊ လက်လုပ်မိုင်းအလုံး ၂၀၊ ဂျင်ကလိ နှစ်ချောင်း၊ မီးရှူးမီးပန်း အခု ၂၀၊ ဆိုင်ကယ်တစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

### မီးလောင်ကျွမ်းမှုမရှိ

၎င်းအပြင် ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် နတ်မောက်မြို့ မြို့မရပ်ကွက်ရှိ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၏ နေအိမ်ကို အကြမ်းဖက်သူလူအုပ်စုက ခဲတက်ဆီပုလင်းသုံးလုံးဖြင့် မီးရှို့ပစ်ပေါက်ခဲ့ရာ နေအိမ်တိုက်နံရံအား ထိမှန်ကွဲခဲ့သော်လည်း မီးလောင်ကျွမ်းမှုမရှိကြောင်း သိရသည်။

အလားတူ မတ် ၃၁ ရက် ညနေ ၃ နာရီ မိနစ် ၅၀ ခန့်တွင် မိုးညှင်း-မြစ်ကြီးနား၊ မိုးညှင်းမြို့ရှောင်လမ်းရှိ အင်ကြင်းကုန်းလမ်းဆုံနှင့် ထန်းတစ်ပင်ကျေးရွာကြား တံတားအမှတ် (၂/၇) နန့်ရင်းချောင်းတံတား အရှည်ပေ ၃၀၀၊ အကျယ်ပေ ၃၀ ရှိ သံကူကွန်ကရစ်တံတားအား ကေအိုင်အေအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် မိုးညှင်းမြို့ဘက်အခြမ်း ပေ ၅၀ ခန့်အကွာ တံတားကြမ်းခင်းအဆက်နေရာတွင် အလျားခြောက်ပေခွဲ၊ အနံသုံးပေ၊ အနက်တစ်ပေခန့် တံတားကွန်ကရစ်ကြမ်းခင်း ပေါက်ပြဲပျက်စီးခဲ့ကြောင်း၊ အဆိုပါဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်၍ တံတားပျက်စီးခဲ့သည့်နေရာအား အမြန်ပြန်လည် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

### လက်လုပ်ဗုံးများဖြင့် ပစ်ပေါက်

ထို့ပြင် ယနေ့မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် ကချင်ပြည်နယ် မိုးညှင်းမြို့ အရှေ့စုရပ်ကွက် မိုးဒါစုရပ်ကွက်တွင် နေထိုင်သည့် ဦးကျော်လင်းထိုက်၏ နေအိမ်၊ ဒေါ်မြမြအေး၏ နေအိမ်နှင့် စက်ကုန်းရပ် အုတ်ကျင်းရပ်ကွက် သံလမ်းအနောက်ဘက်ခြမ်း စက်ကုန်း၂/၃ လမ်းကြားရှိ ဒေါ်လှငွေးတို့၏ နေအိမ်များအတွင်းသို့ ဆူပူအကြမ်းဖက်သူ ခြောက်ဦးက ဆိုင်ကယ်သုံးစီးဖြင့် သုံးဖွဲ့ခွဲကာ လမ်းပေါ်မှနေ၍ လက်လုပ်ဗုံးများဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့သည်။ အဆိုပါပစ်ပေါက်မှုများကြောင့် ဦးကျော်လင်းထိုက် နေအိမ်၌ ခေါင်မိုးသွပ်နှစ်ချပ်နှင့် ဝရန်တာပွတ်လုံးငါးလုံးခန့် ပျက်စီးခြင်း၊ ဒေါ်မြမြအေး နေအိမ်နှင့် ခြံစည်းရိုးကြားရှိ ရေချိုးကန် ကွန်ကရစ်ကြမ်းခင်း ပေါက်ပြဲခြင်း၊ အိမ်နံရံ ထိခိုက်ပျက်စီးခြင်းနှင့် ဒေါ်လှငွေးနေအိမ်သို့ ပစ်ပေါက်ခဲ့သည့် လက်လုပ်ဗုံးမှာ ပေါက်ကွဲမှုမရှိသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးဆောင်ရွက်ပေးခဲ့သည်။

အထက်ပါဖြစ်စဉ်များအတွင်း ဆူပူအကြမ်းဖက်မှုပြုလုပ်ခဲ့သော ဖမ်းဆီးရမိသူများနှင့် ပါဝင်ပတ်သက်သူများအား ဥပဒေနှင့်အညီ အမြန်ဆုံးထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ စီးပွားရေး
(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင် ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ လူမှုရေး
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## မြိတ်မြို့နယ်ရှိ ပညာရေးဝန်ထမ်းများအား
## CDM တွင် ပါဝင်လုပ်ဆောင်လာအောင် စည်းရုံးလှုံ့ဆော်သူများအား ဖမ်းဆီးရမိ


မနေခြည်ထွေး


မချစ်မြတ်သူ

နေပြည်တော် ဧပြီ ၁
တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ CDM ပါဝင်ခြင်းမရှိသည့် ပညာရေးဝန်ထမ်းများအား CDM တွင် ပါဝင်လုပ်ဆောင်လာအောင် ဖေ့စ်ဘွတ်လူမှုကွန်ရက်များတွင် စည်းရုံးလှုံ့ဆော်နေကြောင်း သတင်းများအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ယနေ့ နံနက် ၁ နာရီခန့်တွင် ကလွင်ကျေးရွာအုပ်စု တက္ကသိုလ်ရပ်ကွက် စိမ်းလဲ့သာယာ(၁၂) အိမ်တွင် နေထိုင်သည့် မနေခြည်ထွေးနှင့် မချစ်မြတ်သူ ပညာရေးဝန်ထမ်းနှစ်ဦးတို့အား ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါထိန်းသိမ်းခံထားသူများထဲမှ မနေခြည်ထွေးသည် Nay Chi Htwe Facebook Account အသုံးပြု၍ မြိတ်မြို့ပေါ်ရပ်ကွက်များရှိ ပညာရေးဝန်ထမ်းများ မွမ်းမံသင်တန်းမတက်ရန် လှုံ့ဆော်ခြင်း၊ ဆန္ဒပြလူစုလူဝေးများတွင် ပါဝင်လာအောင် စည်းရုံးခြင်း၊ ငွေကြေးထောက်ပံ့နိုင်ရေးအတွက် ရန်ပုံငွေများကောက်ခံခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထို့အတူ မချစ်မြတ်သူသည် မြိတ်မြို့ပေါ်ရပ်ကွက်များ၌ ဆူပူအကြမ်းဖက်မှုများတွင် ကိုယ်တိုင်ပါဝင်ခြင်း၊ CDM လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ပြီး Myat Myat Facebook Account အသုံးပြုကာ အခြားပညာရေးဝန်ထမ်းများ ပါဝင်လာစေရန် စည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အထက်ပါဖမ်းဆီးထိန်းသိမ်းထားသူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး မြိတ်မြို့မရဲစခန်းတွင် ရာဇသတ်ကြီး ပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဆူပူအကြမ်းဖက်မှုများဆောင်ရွက်ရာတွင် အသုံးပြုသည့် လက်နက်များနှင့် ဆက်စပ်ပစ္စည်းများ ထပ်မံဖမ်းဆီးရမိ




နေပြည်တော် ဧပြီ ၁
ဆူပူအကြမ်းဖက်သူများအသုံးပြုလျက်ရှိသည့် လက်နက်များနှင့် ပစ္စည်းများ သိုဝှက်ထားမှုနှင့် ကိုင်ဆောင်မှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးရှာဖွေသတင်းဖော်ထုတ် ဖမ်းဆီးထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မတ် ၃၁ ရက်တွင် လားရှိုးမြို့ ရပ်ကွက်(၁၂) နယ်မြေ (၁၃) အိမ်အမှတ်(၄) သုခနဒီ လက်ဖက်ရည်ဆိုင်၌ ဆိုင်ပိုင်ရှင်ဖြစ်သူ ဦးကျော်သူရ(ဘ)ဦးကျော်၊ ဇနီးဖြစ်သူ ဒေါ်အေးအေးမြင့်(ဘ)ဦးအောင်ရွှေ သားဖြစ်သူ မောင်မိုးသစ်တည်တို့ သုံးဦးအား ဓားမျိုးစုံ ၁၀ လက်၊ အခြားဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ ရပ်ကွက်(၄) နယ်မြေ(၇) မန္တလေးလမ်း အိမ်အမှတ်(၃၃)၌ ဦးမျိုးနိုင်(ဘ)ဦးမြင့်ဦးအား လှံ နှစ်ချောင်း၊ ဓား နှစ်ချောင်း၊ အခြားဆက်စပ်ပစ္စည်းနှင့် လည်းကောင်း၊ ရပ်ကွက်(၉) နယ်မြေ (၅) အိမ်အမှတ် (၅/၃၄)၌ ဒေါ်မိမိမော်(ဘ)ဦးအိုက်မောင်းအား ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ပစ္စည်းများဖြင့်လည်းကောင်း၊ အေးသာယာမြို့ ရပ်ကွက်(၁၂) (၂၂)လမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်၌ လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များသည် မသင်္ကာဖွယ် အမျိုးသားတစ်ဦးအား ခေါ်ယူစစ်ဆေးရာ ထက်နိုင်မိုးဦး(ခ)ဟေရှမ်း(ဘ)ဦးအာမင်းအား ၎င်း၏နေအိမ်မှ ဗုံးနှင့် ၂၂ သေနတ်နှစ်လက်၊ ကျည်အိမ် သုံးခု၊ ၎င်းကျည် ၅၃၇ တောင့်၊ လက်လုပ်သေနတ်တစ်လက်၊ ဓားမျိုးစုံ ခုနစ်ချောင်း၊ ဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း၊ ထားဝယ်မြို့ ဝဲကျွန်းထိန်သစ်ရပ်ကွက် (၄)လမ်း အိမ်အမှတ် (၄၉၈)၌ စန်းယုအား လက်လုပ်မီးခိုးဗုံး ရှစ်လုံး၊ အခြားဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း၊ တောင်ငူမြို့ (၂၂)ရပ်ကွက် ရန်ကုန်-မန္တလေးကားလမ်းဘေး အမေ့အိမ်ဟိုတယ် ဝန်ထမ်းအိမ်ရာနေ ဖြိုးဝေအောင် (ခ)ဝေဖြိုး(ဘ)ဦးထူးအောင်အား ဂျင်ကလိ နှစ်ချောင်း၊ အခြားဆက်စပ်ပစ္စည်းများနှင့်လည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

အလားတူ ယနေ့တွင် လှိုင်မြို့နယ် အမှတ်(၁၁)ရပ်ကွက် ရွှေဟသာလမ်းရှိ ခြင်းလုံးအားကစားရုံအတွင်း၌ ဆူပူအကြမ်းဖက်မှုတွင်အသုံးပြုသည့် ပစ္စည်းများအား လည်းကောင်း၊ အမှတ်(၉) ရပ်ကွက် တိုက်(၆၀) (၃)လွှာ အခန်း(၈)၌ ပိုင်ဇော်ကိုအပါအဝင် အမျိုးသား ရှစ်ဦးအား လက်လုပ်ဗုံး တစ်လုံး၊ အခြားဆက်စပ်ပစ္စည်းများနှင့်လည်းကောင်း၊ မြိုင်မြို့နယ် အင်းရောင်းကျေးရွာ ဦးသိန်းမြင့်ဦး(ဘ) ဦးဌေးမြင့်နေအိမ်၌ ၎င်းနှင့်သားဖြစ်သူ စိုးကျော်တို့ နှစ်ဦးအား လက်လုပ်သေနတ် တစ်လက် အခြားဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း၊ မုံရွာမြို့ ထန်းတောရပ်ကွက် သီရိသုခလမ်း၌ ဆူပူအကြမ်းဖက်သူ ၅၀ ခန့်က အများပြည်သူအသုံးပြုသည့်လမ်းအားပိတ်ဆို့၍ ဆူပူအကြမ်းဖက်မှုများဆောင်ရွက်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ဖြိုခွင်းခဲ့ရာ ၎င်းတို့အနက်မှ ကျော်သက်ဦး (ဘ)ဦးသောင်းမောင်၊ ဇွဲမောင်ဦး၊ ရဲထက်အောင်နှင့် ဒေါ်ခင်ဌေးတို့ လေးဦးအား လေသေနတ် တစ်လက်၊ လက်လုပ်သေနတ် တစ်လက်၊ လက်လုပ်ဗုံး နှစ်လုံး၊ အခြား ဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း၊ တောင်ငူမြို့ ၁၃ ရပ်ကွက် ၅ လမ်း လိပ်ကန်အနီး၌ ယွန်ဝတီခင်(ဘ)ဦးလှခင်၊ အောင်သာတိုး(ဘ) ဦးမောင်မောင်တာနှင့် ရဲရင့်နောင်(ခ) ရဲနောင်(ဘ) ဦးသိန်းထိုက်တို့ သုံးဦးအား မီးစာတပ်ထားသည့်မီးပုလင်း ၁၂ လုံး၊ လက်လုပ်ဗုံး တစ်လုံး၊ အခြားဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးထိန်းသိမ်းရမိသူများကို ဥပဒေအရထိရောက်စွာအရေးယူနိုင်ရန် အမှုဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် စစ်ဆေးရှာဖွေသတင်းဖော်ထုတ်မှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## တူမီးသေနတ်များ၊ လက်လုပ်သေနတ်များနှင့် ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်အပ်နှံ



နေပြည်တော် ဧပြီ ၁
တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်နှင့် မြိတ်မြို့နယ်များအတွင်းရှိ ကျေးရွာအချို့တို့၌ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် လက်လုပ်သေနတ်များ ကိုင်ဆောင်နေကြောင်းသတင်းအရ မတ် ၃၁ ရက်တွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တပ်နယ်အသီးသီးမှ လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်ဆိုင်ရာကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့်အတူ သွားရောက်၍ဒေသခံပြည်သူများကို တရားမဝင်လက်နက်ကိုင်ဆောင်ခြင်းသည် တရားဥပဒေဖြင့် ထိရောက်စွာအရေးယူခံရနိုင်ကြောင်း နားလည်သဘောပေါက်အောင် ရှင်းလင်းပြောကြားသည်။

ယင်းသို့ ရှင်းလင်းပြောကြားမှုကြောင့် ကျေးရွာနေပြည်သူများက နားလည်သဘောပေါက်ကာ တူမီးသေနတ် အလက် ၄၀ နှင့် လက်လုပ်သေနတ် ၃၉ လက်တို့ကို ၎င်းတို့ သဘောဆန္ဒအလျောက် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ အသီးသီး လာရောက်အပ်နှံခဲ့ကြသည်။

အလားတူ မတ် ၃၁ ရက်တွင် လပွတ္တာမြို့နယ် ပြင်စလူမြို့ ဆားချက်ကျေးရွာရှိ ဒေသခံပြည်သူများက လက်လုပ်သေနတ် နှစ်လက်နှင့် ဆက်စပ်ပစ္စည်းများအား ၎င်းတို့သဘောဆန္ဒအလျောက် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်အပ်နှံခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ခရီးသွားလုပ်ငန်းဖွံ့ဖြိုးဖို့ ဝန်ဆောင်မှုလုပ်ငန်းသည် အဓိကကျ

**ထက်ဝေအောင်(စစ်ကိုင်း)**



ကယားပြည်နယ် လွိုင်ကော်မြို့ရှိ ထီးစဲခါးရေတံခွန်။

မြန်မာနိုင်ငံတွင် သမိုင်းဝင်အထင်ကရ သွားလာလည်ပတ်စရာဒေသများ၊ မြတ်ဗုဒ္ဓသာသနာ၏ အရိပ်လက္ခဏာ တန်ခိုးကြီးဘုရားများဖြင့် ပြည့်နှက်နေပေသည်။ ပြည်တွင်း၊ ပြည်ပ ခရီးသွားများ ရန်ကုန်မှ စတင်အခြေပြုလေ့လာလိုလျှင် ရွှေတိဂုံဘုရားကို မြင်ကြပေလိမ့်မည်။ ထို့မှတစ်ဆင့် ရွှေတိဂုံစေတီတော်မြတ်ကြီးကို ရှုထောင့်မျိုးစုံမှ ဓာတ်ပုံရိုက်ယူခြင်း၊ မြန်မာ့ရှေးအကျဆုံး အနုသုခုမလက်ရာများကို အသေးစိတ်လေ့လာနိုင်သည်။ ကမ္ဘာကျော် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်ကြီး၏ သမိုင်းကြောင်းအချို့ကို လက်လှမ်းမီသမျှ စူးစမ်းခွင့်၊ ဗဟုသုတရှာဖွေခွင့်များ ရရှိနိုင်သည်။ ကယားပြည်နယ်တစ်ခွင် လှည့်လည်လိုလျှင်လည်း လွိုင်ကော်မြို့တွင် ထီးစဲခါးရေတံခွန်၊ ကြတ်ဂူ၊ ဒီးမော့ဆိုမြို့တွင် ငွေတောင်ဆည်၊ ထီးပွင့် ကန်၊ ကန်ခုနစ်ဆင့်၊ ပန်ပက်ရွာ၊ ရေပြာအိုင် (နန်းမယ်ခုံ) စသည်ဖြင့် ထင်ရှားသည့်နေရာများစွာ ရှိသည်။ ထို့အတူ မြန်မာတို့၏နှလုံးသား စုဆုံရာ ပုဂံဒေသရှိ စေတီပုထိုးများစွာနှင့် ရှေးခေတ်အသုံးအဆောင်၊ ယဉ်ကျေးမှုအနုပညာရသများစွာကိုလည်း ကြည်နူးစွာဖြင့် လေ့လာနိုင်ပေသည်။

**ခရီးစဉ်တစ်ခု စိတ်ကူးယဉ်ရေးဆွဲထားသင့်**

အလားတူ နေပြည်တော်အနီးဝန်းကျင်တွင်လည်ပတ်စရာများနှင့် ပြည့်နှက်နေသည်ဟု ညွှန်းဆိုချင်မိပါသည်။ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ပုံစံတူ ဥပ္ပါတသန္တိစေတီတော်မြတ်ကို ဖူးမြော်နိုင်ပြီး ရေပန်းဥယျာဉ်၊ ဆာဖာရီဥယျာဉ်တို့ကိုလည်း အပန်းဖြေလည်ပတ်နိုင်ပါသည်။ ဒက္ခိဏသီရိမြို့နယ်တွင် တည်ရှိသည့် ရန်အောင်မြင် ရွှေလက်လှစေတီတော်၊ ထာဝရငြိမ်းချမ်းရေးစေတီတော်နှစ်ဆူကို အချိန်ပေး၍ သွားရောက်ဖူးမြော်သင့်ပေသည်။ ရန်အောင်မြင် ရွှေလက်လှစေတီတော်သည် အောင်မြေသဖွယ်၊ ဆုတောင်းပြည့်ဘုရားတစ်ဆူသဖွယ် တန်ခိုးကြီးထင်ရှားလှသည်။ ရပ်ဝေးရပ်နီးမှ ဘုရားဖူးပြည်သူများ ပုတီးစိတ်ခြင်း၊ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်းများ ပြုလုပ်ကြသည်။ လပြည့်နေ့ကဲ့သို့ နေ့ထူးနေ့မြတ်များတွင် ဘုရားဝန်းကျင်တွင် ကားများ၊ ဆိုင်ကယ်များဖြင့် ပြည့်နှက်နေသည်။ ရန်အောင်မြင် ရွှေလက်လှစေတီတော်နှင့် မလှမ်းမကမ်းတွင် ငြိမ်းအေးခြင်း အထိမ်းအမှတ် ထာဝရငြိမ်းချမ်းရေးစေတီ တည်ရှိပေသည်။ ကိုဗစ်အလွန်ကာလ စိတ်အပန်းပြေခရီးသွားလိုသူ၊ ဘုရားဖူးခရီးသွားလိုသူများအနေဖြင့် ကုသိုလ်ဖြစ်စိတ်ချမ်းသာသော ခရီးစဉ်တစ်ခုစိတ်ကူးယဉ်ရေးဆွဲထားသင့်သည်။

လူထုအခြေပြု ခရီးသွားလုပ်ငန်းများသည် ဒေသဖွံ့ဖြိုးရေးအခန်းကဏ္ဍအတွက် များစွာအထောက်အကူပြုပေသည်။ ခရီးသွားလုပ်ငန်းသည် နိုင်ငံခြားဝင်ငွေရရှိသည့် လုပ်ငန်းဖြစ်သဖြင့် တိုင်းပြည်ဝင်ငွေတိုးတက်ရေး ခရီးသွားလုပ်ငန်းများကို မြှင့်တင်ပေးဟုပင် ညွှန်းဆိုရမည်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ခရီးသွားလုပ်ငန်းကို သူ့နည်းသူ့ဟန်ဖြင့် မြှင့်တင်လျက်ရှိကြသည်။ ခရီးသွားလုပ်ငန်းကို လေ့လာဆန်းစစ်ကြည့်လျှင် ဒေသအလိုက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်သဖြင့် ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ပြီး ဒေသခံများ၏ ကိုယ်တိုင်စီမံခန့်ခွဲမှု၊ ကိုယ်ရည်ကိုယ်သွေး၊ စီးပွားရေးအမြင်၊ မျှဝေခံစားနိုင်စွမ်းအားများ မြင့်တက်စေနိုင်သည်။ အလားတူ မိမိဒေသ၏ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်များစွာကို စနစ်တကျ ထိန်းသိမ်းကာကွယ်သွားနိုင်မည်ဖြစ်ပါသည်။

ထို့မှတစ်ဆင့် နိုင်ငံအချင်းချင်း၊ ဒေသအချင်းချင်း လူ့တန်ဖိုး၊ စီးပွားရေးအတွေးအမြင်၊ သမိုင်းအမွေအနှစ်ထိန်းသိမ်းခြင်း၊ တောတောင်သဘာဝဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းခြင်း၊ ရိုင်းပင်းကူညီခြင်းဆိုင်ရာ လိုက်နာသင့်သည့် ကျင့်ဝတ်များ တစ်ပါတည်းဖွံ့ဖြိုးလာနိုင်သည်။ နွေးထွေးသော မေတ္တာပေးစွမ်းလျှင် တုညီသော တုံ့ပြန်မှုပြန်ရနိုင်သည်။ လူအချင်းချင်း နွေးထွေးသော အပြုအမူ၊ ရိုးသားမှုသည် စိတ်အေးချမ်းမှုကို ဖြစ်စေသည်။ မိမိ၏အားနည်းချက်၊ အားသာချက်၊ အခွင့်အလမ်းများကိုနားလည်သိရှိပြီး ရေရှည်တည်တံ့သော စီးပွားရေးလုပ်ငန်းကို ကျွမ်းကျင်ပါးနပ်စွာ လေ့လာသင်ယူနိုင်ပေသည်။ ကမ္ဘာလှည့်ခရီးသွားများအား ဆွဲဆောင်နိုင်သည့်အချက်များကို သဘောပေါက်နားလည်ပြီး ဒေသထွက်ပစ္စည်းများ၏ အရည်အသွေးနှင့် တန်ဖိုးမျှတ အမှတ်တရပစ္စည်းများကို ဝယ်လိုအား မြှင့်တင်နိုင်သည်။ ကမ္ဘာလှည့်ခရီးသွား အမှတ်တရ တသသဖြစ်စေဖို့ မိမိဘက်က ပေးစွမ်းရမည်မှာ စေတနာသာ ဖြစ်ပါသည်။

**ငြိမ်းချမ်းမှုကို ဗဟိုပြုထား**

ကမ္ဘာလှည့်ခရီးသွားများသည် နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုနှင့် နယ်မြေဒေသလေ့လာလိုစိတ်၊ စွန့်စားသွားလာလိုစိတ်ဖြင့် ခရီးထွက်ကြသည်။ နိုင်ငံတစ်နိုင်ငံ၏ ခရီးဦးကြိုဆိုမှုကို လိုလားကြသလို လုံခြုံသောခရီးစဉ်၊ သန့်ရှင်းသော အစားအသောက်၊ နွေးထွေးသော ဟိုတယ်ဝန်ဆောင်မှုကို တမ်းတကြသည်။ စိတ်လုံခြုံမှု၊ စိတ်ကျေနပ်မှုသည် လူတိုင်းလိုချင်သောဆန္ဒ ခံစားချက်ဖြစ်ပါသည်။ စိတ်အပန်းပြေသောခရီးတစ်ခုဖန်တီးပေးနိုင်လျှင် စီးပွားရေးကို ဗဟိုပြု၍ မိတ်ကောင်းဆွေကောင်းရရှိနိုင်သည်။ ခရီးသွားလုပ်ငန်းသည် ငြိမ်းချမ်းမှုကို ဗဟိုပြုထားသည်။ ငြိမ်းချမ်းမှသာ ခရီးသွားလာနိုင်ပေသည်။ နယ်မြေမငြိမ်သက်မှု၊ စစ်ပွဲရှိသောဒေသများတွင် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးမှုနည်းပါးလျှက်ရှိသည်။ ခရီးသွားလုပ်ငန်းမှရရှိမည့် အလုပ်အကိုင်အခွင့်အလမ်း၊ စီးပွားရေးအခြေအနေကောင်းများလည်း ဆုံးရှုံးသွားနိုင်သည်။

**ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သည့် ဝန်ဆောင်မှုလုပ်ငန်းအားလုံးတွင် ဧည့်သည်များ၏ စိတ်ကျေနပ်မှုသည် လွန်စွာအဓိကကျပေသည်။ အရည်အသွေးပြည့်မီသည့် ဝန်ဆောင်မှုတွင် အလုပ်ကို တန်ဖိုးထားသည့်ဝန်ထမ်းများအပေါ်တွင် များစွာတည်မှီနေသည်။ ခရီးသွားလုပ်ငန်းနှင့် နီးနွယ်ဆက်စပ်သည့် ဧည့်လမ်းညွှန်များ မွေးထုတ်ခြင်း၊ ဟိုတယ်ဝန်ဆောင်မှုသင်တန်းပေးခြင်း၊ မိတ်ဖက်လုပ်ငန်းရှင်အချင်းချင်း အမြင်ချင်းဖလှယ်ဆွေးနွေးခြင်း၊ ခရီးသွားများ၏လုံခြုံရေး၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အစီအမံများ ဇာတ်တိုက်လေ့ကျင့်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း လုပ်ငန်းများသည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် လွန်စွာအရေးပါ။**

ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သည့် ဝန်ဆောင်မှုလုပ်ငန်းအားလုံးတွင် ဧည့်သည်များ၏ စိတ်ကျေနပ်မှုသည် လွန်စွာအဓိကကျပေသည်။ သူတစ်ပါး စိတ်ကျေနပ်အောင် ဆောင်ရွက်ပေးရသဖြင့် သိမ်မွေ့သော အလုပ်လည်းဖြစ်သည်။ တစ်ဖက်လူ၏ စိတ်ကိုအကဲခတ်လေ့လာပြီး စိတ်ကျေနပ်မှုရှိအောင် မိမိဘက်မှဆောင်ရွက်ပေးရသည်။ အရည်အသွေးပြည့်မီသည့် ဝန်ဆောင်မှုတွင် အလုပ်ကို တန်ဖိုးထားသည့်ဝန်ထမ်းများအပေါ်တွင် များစွာတည်မှီနေသည်။ ခရီးသွားလုပ်ငန်းနှင့် နီးနွယ်ဆက်စပ်သည့် ဧည့်လမ်းညွှန်များ မွေးထုတ်ခြင်း၊ ဟိုတယ်ဝန်ဆောင်မှုသင်တန်းပေးခြင်း၊ မိတ်ဖက်လုပ်ငန်းရှင်အချင်းချင်း အမြင်ချင်းဖလှယ်ဆွေးနွေးခြင်း၊ ခရီးသွားများ၏လုံခြုံရေး၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အစီအမံများ ဇာတ်တိုက်လေ့ကျင့်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း လုပ်ငန်းများသည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် လွန်စွာအရေးပါလှသည်။

**အဓိက အာသီသ**

ခရီးသွားလာသူများအတွက် ခရီးစဉ်ချောမွေ့မှုမှာ လိုအင်ဆန္ဒတစ်ခုဖြစ်သည်။ တောတောင်အလှသဘာဝကို လေ့လာခြင်း၊ ရှုမျှော်ခင်းများကို ဓာတ်ပုံရိုက်ခြင်း၊ လူနေမှုသဘာဝကို မှတ်တမ်းပြုစုခြင်းများသည် ခရီးသွားအများစု၏အဓိကအာသီသဖြစ်သည်။ ခရီးတစ်ခုပြီးဆုံးလျှင် ငွေကြေးနှင့်ထိုက်တန်သော ဗဟုသုတ၊ စိတ်ချမ်းသာမှုကို ရရှိရန်လိုအပ်သည်။ ခရီးစဉ်တစ်လျှောက် စိတ်ကျေနပ်မှုရလျှင် ခရီးထွက်ရကျိုးနပ်သည်ဟု ယူဆကြလေ့ရှိသည်။

ယနေ့မျက်မှောက်အချိန်ကာလ နိုင်ငံတိုင်းတွင် ကိုဗစ်-၁၉ ရောဂါရိုက်ခတ်မှုဒဏ်ကိုအလူးအလဲခံစားနေကြရပေသည်။ ကိုဗစ်ကပ်ရောဂါဆိုးကြောင့် ကမ္ဘာ့စီးပွားရေးမှာ ယိုင်နဲ့ခဲ့ရသဖြင့် စီးပွားရေး လုပ်ငန်းများ ပြန်လည်ဦးမော့ရန် လိုအပ်လာခဲ့သည်။ နိုင်ငံတိုင်း စီးပွားရေးအစီအမံများ ချမှတ်ရေးဆွဲရာတွင် ကိုဗစ်အလွန်ကာလ ခရီးသွားလုပ်ငန်းအောင်မြင်ရေးစီမံချက်များ ရှေ့တန်းကပါဝင်လာခဲ့သည်။ လဲလျှင်ပြန်ထ ပြန်လည်ကြိုးစားသွားကြရမည်ဖြစ်ပါသည်။ ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအဖြစ် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဆက်လက်ရပ်တည်သွားနိုင်ရေး အရင်းအနှီးနှင့် အကျိုးခံစားခွင့်ဆိုင်ရာ အခွန်အခများ ဖြေလျှော့ပေးခြင်း၊ လုပ်ငန်းလိုင်စင်ကြေးများ ဖြေလျှော့ပေးခြင်း၊ နိုင်ငံပိုင်ဟိုတယ်၊ အဆောက်အအုံ ငှားရမ်းခများကို ကာလတစ်ခုအထိ ဆိုင်းငံ့ပေးခြင်း၊ ချေးငွေထုတ်ချေးပေးခြင်းလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်ပေးသွားနိုင်ပါက လာမည့်ခရီးသွားရာသီတွင် ခရီးသွားပြည်သူများနှင့် လုပ်ငန်းရှင်များမှာ အပြန်အလှန်အကျိုးစီးပွားဖြစ်ထွန်းလျက် ဝန်ဆောင်မှုကောင်း၊ ရလဒ်ကောင်းများဖြင့် မိမိအကျိုး၊ နိုင်ငံ့အကျိုး သယ်ပိုးထမ်းရွက်ရာရောက်သည့် ခရီးသွားလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# ကြော်ငြာ

(ည) ထပ်ဆင့်ယာယီဖြစ်စေ [illegible]

(ဋ) မြန်မာနိုင်ငံ နေရာကြော် ပညာသင်တွင်ဆိုင်ရာ ... အမှတ် ၁၅ ၁၈ (၄) အထိ လျှောက်ထား သူများသည် [illegible]

(ဌ) [illegible]

[illegible] ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website - www.ucsb.gov.mm Web Portal - ucsb.imis.com.mm နှင့် Myanmar National Web Portal - www.myanmar.gov.mm တို့တွင်လည်း [illegible]

[illegible]

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရာထူးဝန်အဖွဲ့

## Union Civil Service Board

### လျှောက်လွှာခေါ်ယူခြင်း

ကြော်ငြာစာအမှတ်၊ ၅/ ၂၀၂၂

၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်

( ၂၀၂၂ ခုနှစ်၊ ဧပြီလ ၃၀ ရက် )

၁။ [illegible] ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇) နေပြည်တော် [illegible] ၂၉-၅-၂၀၂၂ ရက်နေ့ နောက်ဆုံးထားပြီး [illegible] ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇) နေပြည်တော်သို့ ပေးပို့လျှောက်ထားနိုင်ပါသည်-

| ရာထူး | လစာနှုန်း | ပညာအရည်အချင်း |
| --- | --- | --- |
| လက်ထောက်ဆရာဝန် | ၂၅၈,၀၀၀ | ဆေးဘွဲ့(M.B.,B.S.) |

၂။ လျှောက်ထားသူသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊
(ခ) ၂၉-၅-၂၀၂၂ ရက်နေ့တွင် ပြင်ပလျှောက်ထားသူ အသက် ၃၅ နှစ်ထက်မကျော်လွန်သူဖြစ်ရမည်၊
(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်၊
(ဃ) ဆေးဘွဲ့ (M.B.,B.S.) နှင့် မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုခြင်းခံရသည့် [illegible]
(င) [illegible]

၃။ [illegible] ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website - www.ucsb.gov.mm ၊ Web Portal - ucsb.imis.com.mm နှင့် Myanmar National Web Portal - www.myanmar.gov.mm တို့တွင်လည်း [illegible]

၄။ [illegible]

၅။ [illegible] ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ် (၁၇) နေပြည်တော်တွင် [illegible] Website နှင့် Myanmar National Web Portal တို့တွင် [illegible]

၆။ [illegible]

၇။ [illegible]

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

ဥက္ကဋ္ဌ(ဒုတိယညွှန်ကြားရေးမှူး)
မြို့ပြမြေစီမံခန့်ခွဲရေးဌာနခွဲ
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ


နိုင်ငံ

သာယာ

ဝပြောဖို့

သဘာဝ

တောတွေ

ထိန်းသိမ်းစို့



စော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ

အဆင့်မြင့် [illegible] ရောင်းချတပ်ဆင်ပေးနေပါသည်။

အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်းမ၊

(နင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ မယ်နုမြို့နယ်။

Ph: 01-545531, 09-73058161, 09-795008161

HOTLINE : 09-5008161



BOSS အဆင့်မြင့် ပါကေးအရောင်းဆိုင်

အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများနှင့် 100% ရေခံ

ဗွီနိုင်းကြမ်းခင်းပြားများကို ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချပေးနေပါသည်။

အရောင်းခန်းမ(၁) - အမှတ်(၂၄၀)၊ အရှေ့မြင်းပြိုင်ကွင်းလမ်းမကြီး၊ မြန်မာ့ရှေ့ဆောင်ဘတ်စ်ဂိတ်၊ တာမွေမြို့နယ်။

Ph: 09-5076661, 09-5076662, 09-5076663


---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

ဥက္ကဋ္ဌ(ဒုတိယညွှန်ကြားရေးမှူး)
မြို့ပြမြေစီမံခန့်ခွဲရေးဌာနခွဲ
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးတင်ထွန်းအောင် CDC No. 68567 ၏ SID (Seafarers Identity Document) card No.MS005799 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဦးတင်ထွန်းအောင်
Ph:09-5013734

## ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော "မြည်မြို့လှိုင်-၃" အမည်ရှိ ကော့သောင်းဆိပ်ကမ်းကို တင်ရေယာဉ်(ရေယာဉ်မှတ်ပုံတင်အမှတ်၊ CKD/0005/10) ရေယာဉ်၏ တန်ချိန်-၄၇.၆၂ အား ဂရန်အမည်ပေါက်ပိုင်ရှင်ဖြစ်သော ဦးမြည့်မြို့[၆/ကစန(နိုင်)၀၇၂၉၆၂]အမည်မှ ဦးအောင်ဇော်ထွန်း[၆/ကသန(နိုင်)၀၃၂၀၈၄] အမည်သို့ ပြောင်းလဲပေးပါရန် ဤဌာနသို့လျှောက်ထားလာပါသည်။ ၎င်းပိုင်ရှင်အမည်ပြောင်းလဲရန်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဒုတိယညွှန်ကြားရေးမှူး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြိတ်မြို့သို့ လိပ်မူ၍ ရက်ပေါင်း(၃၀)အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူအမည်သို့ ပြောင်းလဲပေးမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော "မြည်မြို့မောင်-၅၄" အမည်ရှိ မြိတ်ဆိပ်ကမ်းနှင့် ကော့သောင်းဆိပ် ငါးသယ်ရေယာဉ်(ရေယာဉ်မှတ်ပုံတင်အမှတ်၊ MD/0101/19) ရေယာဉ်၏ တန်ချိန်-၃၃.၁၀အား ဂရန်အမည်ပေါက်ပိုင်ရှင်ဖြစ်သော ဦးအောင်ဇော်သိန်း[၆/ကစန(နိုင်)၀၆၈၅၈၀]အမည်မှ ဦးမြို့မောင်မောင်[၆/ကသန(နိုင်)၀၅၈၂၆၂]အမည်သို့ ပြောင်းလဲပေးပါရန် ဤဌာနသို့လျှောက်ထားလာပါသည်။ ၎င်းပိုင်ရှင်အမည်ပြောင်းလဲရန်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဒုတိယညွှန်ကြားရေးမှူး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြိတ်မြို့သို့ လိပ်မူ၍ ရက်ပေါင်း(၃၀)အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူအမည်သို့ ပြောင်းလဲပေးမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ CRPH အမည်ခံမတရားအသင်း၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်းသိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် CRPH မတရားအသင်းနှင့် ၎င်းအသင်းနှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အဓိပ္ပာယ်ရှင်ဆန်သည့်ထုတ်ပြန်ချက် ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အစဉ်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❖



# ရန်ကုန်မြို့လမ်းများတွင် ယာဉ်သွားလာမှုမပြုနိုင်အောင် လမ်းပိတ်အတားအဆီးများ ပြုလုပ်ထားခြင်း၊ လမ်းဖြတ်မြောင်းကြီးများ ဖွင့်ထားခြင်းအား ရှင်းလင်းဆောင်ရွက်

ရန်ကုန် ဧပြီ ၁

ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်များဖြတ်သန်းသွားလာမှုမပြုနိုင်အောင် တည်ငြိမ်အေးချမ်းမှုကို နှောင့်ယှက်လိုသူများမှ လမ်းပိတ်အတားအဆီးများ ပြုလုပ်ထားခြင်း၊ လမ်းဖြတ်ရေမြောင်းဖုံးများ ဖွင့်ထားခြင်း၊ လမ်းများပေါ်တွင် အမှိုက်များစွန့်ပစ်ထားခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့နံနက်ပိုင်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာဝန်ထမ်းများက ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ပြန်လည်ခင်းကျင်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❈


## ကြေးမုံ ယနေ့ ဖတ်စရာ

**ကမ္ဘာတစ်ဝန်းတွင် ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်မျိုးစိတ်သစ်များ ပြန့်ပွားလျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပြောကြား**

စာမျက်နှာ » ၁၂

**နိုင်ငံတကာရေးရာနှင့်စပ်လျဉ်း၍ ပူတင်၊ မာကယ်လ်နှင့် မက်ခရွန်တို့ ညှိနှိုင်းဆွေးနွေး**

စာမျက်နှာ » ၁၃

**၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အခြေခံ၍ ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁)ရက်နေ့တွင်ရှိသော မြန်မာနိုင်ငံ၏ ခန့်မှန်းလူဦးရေစာရင်း ထုတ်ပြန်**

စာမျက်နှာ » ၁၇

**စိတ်သာချအတည် ဝိဇ္ဇာမမည်**

စာမျက်နှာ » ၂၃


# အင်္ဂလန်အသင်းက ပိုလန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး အုပ်စုအဆင့်တွင် ထိပ်ဆုံး၌ ဦးဆောင်နိုင်ခဲ့

အင်္ဂလန်အသင်းနဲ့ ပိုလန်အသင်းတို့ မတ် ၃၁ ရက် ညပိုင်းက ၂၀၂၂ ကမ္ဘာ့ဖလားဝင်ခွင့်အတွက် ယှဉ်ပြိုင်ကစားခဲ့တဲ့ ဥရောပဇုန်ခြေစစ်ပွဲစဉ်မှာ အင်္ဂလန်အသင်းက ပိုလန်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် အုပ်စု(I)တွင် ထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့ပါတယ်။

ပိုလန်အသင်းနဲ့ ပွဲစဉ်မှာ အင်္ဂလန်အသင်းဟာ ပွဲကစားချိန် ၁၉ မိနစ်မှာ ရရှိခဲ့တဲ့ ပင်နယ်တီသွင်းဂိုးကြောင့် အိမ်ကွင်းမှာ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး အဲဒီသွင်းဂိုးကို တိုက်စစ်မှူး ဟယ်ရီကိန်းက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ ဒုတိယပိုင်းပွဲကစားချိန် ၅၈ မိနစ်မှာ မိုဒါရဲ့ သွင်းဂိုးကို ခွင့်ပြုပေးလိုက်ရတာကြောင့် ပိုလန်အသင်းကို ချေပဂိုးပြန်လည်ပေးလိုက်ရပေမယ့် အင်္ဂလန်အသင်းဟာ ပွဲကစားချိန် ၈၅ မိနစ်မှာ နောက်ခံလူ မာကွိုင်းယားရဲ့ သွင်းဂိုးထပ်မံရရှိခဲ့တာကြောင့် ပိုလန်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အင်္ဂလန်အသင်းဟာ ယခုပွဲစဉ်မှာ အနိုင်ရရှိခဲ့တာကြောင့် အုပ်စု(I)မှာ သုံးပွဲကစားအပြီး သုံးပွဲစလုံး အနိုင်ရရှိကာ ရမှတ်ကိုးမှတ်အပြည့်ရယူနိုင်ခဲ့တာဖြစ်ပါတယ်။ အင်္ဂလန်အသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူး ဟယ်ရီကိန်းဟာ အင်္ဂလန်အသင်းရဲ့ ပင်နယ်တီကနေ ဂိုးသွင်းယူနိုင်ခဲ့တဲ့ ကစားသမားတွေထဲမှာ သွင်းဂိုး ၁၀ ဂိုးနဲ့ ဂိုးသွင်းအများဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး အရင်က ပင်နယ်တီကနေတစ်ဆင့် သွင်းဂိုးကိုးဂိုးနဲ့ ဂိုးသွင်းအများဆုံးကစားသမားဖြစ်ခဲ့တဲ့ ကွင်းလယ်ကစားသမား ဖရန့်လမ်းပတ်ရဲ့စံချိန်ကို ကျော်လွန်ခဲ့ပြီလည်းဖြစ်ပါတယ်။

ဒါ့ပြင် တိုက်စစ်မှူး ဟယ်ရီကိန်းဟာ ကမ္ဘာ့ဖလားနဲ့ ယူရိုပြိုင်ပွဲခြေစစ်ပွဲစဉ် ၂၁ ပွဲမှာ အင်္ဂလန်အသင်းရရှိခဲ့တဲ့ သွင်းဂိုးတွေထဲမှာ ဂိုးပေါင်း ၃၀ အထိ တိုက်ရိုက်ပါဝင်ပတ်သက်မှုရှိခဲ့တာဖြစ်ပြီး ၂၂ ဂိုးသွင်းယူပေးထားကာ ရှစ်ဂိုးဖန်တီးပေးနိုင်ခဲ့သူလည်းဖြစ်ပါတယ်။

ဇွေကြယ်

